# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily


**ချမ်းသာကို ဆောင်ရွက်တတ်၏**

အလွန့်အလွန် မြင်နိုင်ခဲသော၊ အလွန့်အလွန် သိမ်မွေ့သော အလိုရှိရာအာရုံ၌ ကျရောက်လေ့ရှိသော စိတ်ကို ပညာရှိသည် စောင့်ရှောက်ရာ၏။ စောင့်ရှောက်ထားအပ်သောစိတ်သည် ချမ်းသာကို ဆောင်ရွက်တတ်၏။

စိတ္တဝဂ်(ဓမ္မပဒ-၃၆)


၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၅ ရက် ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာ ၅ ရက်၊ အင်္ဂါနေ့ အတွဲ (၆၄)၊ အမှတ် (၀၃၆)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိ လာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ် လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ် စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက် ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှု ရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံ ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ သွားရောက်မည်

နေပြည်တော် နိုဝင်ဘာ ၄

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ဖိတ်ကြားချက်အရ မကြာမီရက်ပိုင်းအတွင်း တရုတ် ပြည်သူ့သမ္မတနိုင်ငံသို့ သွားရောက်မည်ဖြစ်သည်။

ခရီးစဉ်အတွင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့တွင် နိုဝင်ဘာလ ၆ ရက်မှ ၇ ရက်အထိ ကျင်းပပြုလုပ်မည့် အဋ္ဌမအကြိမ်မြောက် မဟာ မဲခေါင်ဒေသခွဲထိပ်သီးအစည်းအဝေး 8th Greater Mekong Subregion Economic Cooperation Program (GMS)Summit၊ (၁၀) ကြိမ်မြောက် ဧရာဝတီ - ကျောက်ဖရား - မဲခေါင် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုမဟာဗျူဟာ ထိပ်သီးအစည်း အဝေး 10th Ayeyawady-Chao Phraya-Mekong Economic Cooperation Strategy (ACMECS) Summit နှင့် (၁၁) ကြိမ်မြောက် ကမ္ဘောဒီးယား-လာအို - မြန်မာ - ဗီယက်နမ် ပူးပေါင်းဆောင်ရွက်မှု ထိပ်သီးအစည်းအဝေး 11th Cambodia-Lao PDR-Myanmar-Vietnam (CLMV) Summit တို့သို့ ပါဝင်တက်ရောက်ခြင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အစိုးရအဖွဲ့ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေး ခြင်းများကို ဆောင်ရွက်သွားမည်ဖြစ်ပြီး နှစ်နိုင်ငံ အစိုးရနှင့် ပြည်သူများအကြား ချစ်ကြည်ရေး၊ စီးပွားရေးနှင့်ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင် ရွက်မှုများ ပိုမိုတိုးတက်ခိုင်မာအောင် ဆွေးနွေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

သတင်းစဉ်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း (၂၃) ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာ နှီးနှောဖလှယ်ပွဲကျင်းပရေးဦးစီးကော်မတီ ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

### မိမိတို့နိုင်ငံ၏ ရှေးဘိုးဘွားစဉ်ဆက် နှစ်ပေါင်းများစွာကရှိခဲ့သော ရိုးရာအမွေအနှစ်ဖြစ်သည့် မြန်မာ့တိုင်းရင်းဆေးပညာရပ်ကို အမျိုးသားယဉ်ကျေးမှုတစ်ရပ်အနေဖြင့် ထိန်းသိမ်းစောင့်ရှောက်သွားနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရမည်

နေပြည်တော် နိုဝင်ဘာ ၄

(၂၃) ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေး သမားတော်များ ညီလာခံနှင့် မြန်မာ့တိုင်းရင်း ဆေးပညာ နှီးနှောဖလှယ်ပွဲ ကျင်းပရေးဦးစီးကော်မတီ ညှိနှိုင်း အစည်းအဝေးကို ယနေ့ မွန်းလွဲ ပိုင်းတွင် နေပြည်တော်ရှိ ကျန်းမာ ရေးဝန်ကြီးဌာန အစည်းအဝေး ခန်းမ၌ကျင်းပရာ (၂၃) ကြိမ် မြောက် မြန်မာ့တိုင်းရင်းဆေး သမားတော်များ ညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာ နှီးနှော ဖလှယ်ပွဲကျင်းပရေးဦးစီးကော်မတီ နာယက နိုင်ငံတော်စီမံအုပ်ချုပ် ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ


*စာမျက်နှာ ၃ ကော်လံ ၁ ➝*






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း (၂၃) ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲကျင်းပရေးဦးစီးကော်မတီ ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။


ယနေ့ ဖတ် ၈ ရာ

မဟာမဲခေါင်ဒေသခွဲ(GMS)၏ဗျူဟာများနှင့် အမိမြန်မာနိုင်ငံ ဆောင်းပါး စာ ၆

တိုးတက်ပြောင်းလဲလာသော စာကြည့်တိုက်ဝန်ဆောင်မှုများဖြင့် အမျိုးသားစာကြည့်တိုက်(ရန်ကုန်) ဆောင်းပါး စာ ၂၂

# အမျိုးသားအမွေအနှစ် ဆေးပညာရပ်နှင့် တိုင်းရင်းဆေးစွမ်းကောင်းများ ပေါ်ထွန်းရေး

တိုင်းရင်းဆေးပညာသင်ကြားရေးဆိုင်ရာ အရည်အသွေး အသိအမှတ်ပြုနိုင်စေရန်၊ တိုင်းရင်းဆေးပညာ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်နှင့် တိုင်းရင်းဆေးဝါးများ ခေတ်စနစ်နှင့်အညီ ထုတ်လုပ်နိုင်စေရန်၊ အရည်အသွေးပြည့်ဝသည့် တိုင်းရင်းဆေးပညာရှင်များ ပိုမိုမွေးထုတ်ပေးနိုင်စေရန်၊ မြန်မာ့တိုင်းရင်းဆေးပညာ ရိုးရာယဉ်ကျေးမှုအမွေအနှစ်အား လေးစားတန်ဖိုးထားတတ်စေရန် ဟူသော ရည်ရွယ်ချက်များဖြင့် (၂၃) ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံကို အောင်အောင်မြင်မြင် ကျင်းပနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိပြီဖြစ်သည်။

ကမ္ဘာ့နိုင်ငံအသီးသီး၊ လူမျိုးအသီးသီးတို့တွင် ရိုးရာဆေးပညာ ကုထုံးများ၊ တိုင်းရင်းဆေးဝါးများရှိကြပြီး ခေတ်မီဆေးဝါးများနှင့် ဆေးကုသမှုအတတ်ပညာများ မပေါ်ပေါက်သေးမီ ခေတ်ကာလများတွင် ရိုးရာတိုင်းရင်းဆေးများဖြင့်သာ ကျန်းမာရေးကို စောင့်ရှောက်ခဲ့ကြရခြင်းဖြစ်သည်။ မြန်မာနိုင်ငံတွင်လည်း မိမိတို့၏ ရေမြေသဘာဝတောတောင်များမှရရှိသည့် ဆေးဖက်ဝင်ပစ္စည်းများနှင့် ကုသသော တိုင်းရင်းဆေးဝါးများနှင့် ဆေးကုထုံးများမှာ နှစ်ပေါင်းထောင်ချီကာလကပင် ရှိခဲ့သည်။ မြန်မာတို့၏ ကိုယ်ပိုင်ဆေးဝါးများနှင့် ကုထုံးများတွင် အနီးဝန်းကျင်နိုင်ငံများမှ ဆေးဝါးနှင့် ကုသမှုအတတ်ပညာများလည်း ပေါင်းစည်းပါဝင်လာခဲ့ရာ အထူးသဖြင့် အိန္ဒိယဆေးကျမ်းများလည်း ပါဝင်ခဲ့သည်။ ဒေသနာနယ၊ ဘေသဇ္ဇနယ၊ ဝိဇ္ဇာဓရနယ၊ နက္ခတ္တနယ ဟူသော အခြေခံနယကြီးလေးပါးတို့ မြန်မာတိုင်းရင်းဆေးပညာတွင်ပါဝင်လျက်ရှိပြီး အနောက်တိုင်းဆေးဝါးနှင့် ဆေးပညာ မရောက်လာမီ ကာလတစ်လျှောက်လုံးတွင် တိုင်းရင်းဆေးဝါး၊ တိုင်းရင်းဆေးပညာဖြင့်သာ ကျန်းမာရေးစောင့်ရှောက်မှုပြုခဲ့ကြရခြင်းဖြစ်သည်။

မျက်မှောက်ကာလ မိမိတို့နိုင်ငံသူ၊ နိုင်ငံသားများ၏ ကျန်းမာရေးအဆင့်အတန်းမှာ ဒေသတွင်းနိုင်ငံများနှင့် တန်းတူရည်တူဖြစ်စေရန် မြှင့်တင်မှုများစွာ ပြုလုပ်ပေးရန် လိုအပ်လျက်ရှိသည်။ မြန်မာနိုင်ငံ၏ မျှော်မှန်းလူ့သက်တမ်းမှာ (၆၇ ဒသမ ၄၂) နှစ်ခန့်သာရှိပြီး ဒေသတွင်းနိုင်ငံများနှင့် နှိုင်းယှဉ်ပါက နိမ့်ကျနေသကဲ့သို့ သွေးတိုး၊ ဆီးချို၊ နှလုံး၊ ကင်ဆာကဲ့သို့သော မကူးစက်တတ်သည့် ရောဂါဖြစ်ပွားမှုနှင့် ၎င်းရောဂါများကြောင့် သေဆုံးမှုနှုန်းတို့မှာ မြင့်မားလျက်ရှိသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးတည်ချက် (၉) ရပ်တွင် "တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး" ဟူသည့် လူမှုရေးဦးတည်ချက်တစ်ရပ်လည်း အပါအဝင်ဖြစ်ပြီး နိုင်ငံသူ၊ နိုင်ငံသားတို့၏ မျှော်မှန်းသက်တမ်း ပိုမိုမြင့်မားလာစေရေးနှင့် လူတိုင်းလက်လှမ်းမီပြီး အရည်အသွေးပြည့်ဝသည့် ကျန်းမာရေးစောင့်ရှောက်မှုစနစ်အားလုံးရရှိစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ တိုင်းရင်းဆေးသမားတော်များနှင့် လုပ်ငန်းရှင်များကလည်း တိုင်းရင်းဆေးကဏ္ဍမှ တစ်တပ်တစ်အား ပါဝင်ကြရမည်ဖြစ်သည်။

"ရှန်ဟိုင်း ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၊ အာဆီယံ၊ ဘင်း(မ်)စတက်၊ မဲခေါင် အစရှိသည့် နိုင်ငံတကာအဖွဲ့အစည်းများနှင့် တိုင်းရင်းဆေးပညာကဏ္ဍများတွင် အတူပူးပေါင်းဆောင်ရွက်နေခြင်းဖြင့် မြန်မာ့တိုင်းရင်းဆေးပညာနှင့် ဆေးဝါးများ အရည်အသွေးပြည့်ဝစွာ ဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံတကာသို့ ထိုးဖောက်နိုင်မည့် မြန်မာ့တိုင်းရင်းဆေးစွမ်းကောင်းများ ပေါ်ထွန်းလာစေရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်သကဲ့သို့ ကုထုံးများ၊ တန်ဖိုးမဖြတ်နိုင်သည့် သမိုင်းအစဉ်အလာကြီးမားသည့် ဆေးကျမ်းများနှင့် အာနိသင်ထက်မြက်သည့် ဆေးဝါးများစသည့် မြန်မာ့တိုင်းရင်းဆေးပညာရပ်များ၏ အနှစ်သာရ၊ အဆီအနှစ်များကိုစုစည်းပြီး အမျိုးသားအမွေအနှစ် ဆေးပညာရပ်တစ်ရပ်အဖြစ် ပိုမိုဖွံ့ဖြိုးတိုးတက်စေရေး ဤညီလာခံကြီးမှ ဝိုင်းဝန်းညှိနှိုင်းဆွေးနွေးကြရမည်ဖြစ်ကြောင်း" (၂၃) ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာ နှီးနှောဖလှယ်ပွဲကျင်းပရေး ဦးစီးကော်မတီ နာယက၏ မှာကြားချက်နှင့်အညီ မကြာမီကျင်းပမည့် ညီလာခံကြီးမှ တိုင်းရင်းဆေးပညာ တိုးတက်မြင့်မားရေးအတွက် ရလဒ်ကောင်းများ ထွက်ပေါ်လာစေရန် ကြိုးပမ်းဆောင်ရွက်ကြရပါမည့်အကြောင်း။ ။




## ရာဇဝတ်အထူးအယူခံမှု (၁) မှု နှင့် တရားမအထူးအယူခံမှု (၁၁) မှု တို့ကို စီရင်ချက်ချမှတ်ပြီး တရားမအထူးအယူခံမှု (၅)မှု တို့ကို ရုံးထိုင်ကြားနာ

နေပြည်တော် နိုဝင်ဘာ ၄

ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဦးသိန်းကိုကို၊ ဒေါ်သင်းသင်းနွဲ့၊ ဒေါ်ပြုံးပြုံးအေး၊ ဒေါက်တာကိုကိုနိုင် တို့ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ်(၁)၌ ရုံးထိုင်၍ ရာဇဝတ်အထူးအယူခံမှု အမှတ် ၃/၂၀၂၄ (မန္တလေး)နှင့် တရားမအထူးအယူခံမှု အမှတ် ၅၂/၂၀၂၄ (ရန်ကုန်)၊ ၅၅/၂၀၂၄ (ရှမ်း)၊ ၅၆/၂၀၂၄ (မန္တလေး)၊ ၆၂/၂၀၂၄ (ပဲခူး)၊ ၆၄/၂၀၂၄ (ရန်ကုန်)၊ ၆၅/၂၀၂၄ (မွန်)၊ ၅၃/၂၀၂၄(ရန်ကုန်)၊ ၅၇/၂၀၂၄(တနင်္သာရီ)၊ ၆၆/၂၀၂၄(တနင်္သာရီ)၊ ၆၇/၂၀၂၄(တနင်္သာရီ)၊ ၆၉/၂၀၂၄ (မကွေး) စုစုပေါင်း ရာဇဝတ်အထူးအယူခံမှု (၁) မှုနှင့် တရားမအထူးအယူခံမှု (၁၁) မှု တို့ကို စီရင်ချက်ချမှတ်သည်။

ထို့ပြင် တရားမအထူးအယူခံမှုအမှတ် ၁၉/၂၀၂၄ (ရန်ကုန်)၊ ၄၁/၂၀၂၄ (ဧရာဝတီ)၊ ၄၅/၂၀၂၄(ရန်ကုန်)၊ ၄၆/၂၀၂၄(ရန်ကုန်)၊ ၇၁/၂၀၂၄(ဧရာဝတီ) စုစုပေါင်း တရားမအထူးအယူခံမှု (၅)မှု တို့ကို ရုံးထိုင်ကြားနာခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ပြည်သူ့ကြားက ပြည်သူ့စကားအစီအစဉ် ထုတ်လွှင့်မည်

နေပြည်တော် နိုဝင်ဘာ ၄

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများအား သဇင် FM ၏ **"ပြည်သူ့ကြားက ပြည်သူ့စကား"** အစီအစဉ်မှ **"အေးချမ်းစွာ ပညာသင်ကြားနေတဲ့ စာသင်ကျောင်းကိုပါ အကြောင်းမဲ့ ပစ်ချတိုက်ခိုက်လာကြတဲ့ အကြမ်းဖက်သောင်းကျန်းသူများ"** ခေါင်းစဉ်ဖြင့် နိုဝင်ဘာ ၆ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"အရိပ်လည်းနေအခက်လည်း ချိုးကြသော PDF အကြမ်းဖက်များမှ အုန္နဲပေါင်းရွာက ကျောင်းထိုင်ဆရာတော်အား သတ်ဖြတ်သွား"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များ အနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီ မှ ၁၁ နာရီ အတွင်း ဖုန်းနံပါတ် ၀၉၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ် လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်း

နေပြည်တော် နိုဝင်ဘာ ၄

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

**မိုး/ဇလ**

မြန်မာ့အလင်း

| | | | | | |
|---|---|---|---|---|---|
| စာတည်းမှူးချုပ် | - | စိုးစိုးနိုင် | သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းမှူး | - | မြင့်စိုး | အကြီးတန်း | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ |
| စာတည်းများ | - | ဝင်းကျော်၊ နေဇာဇာထွန်း | သတင်းထောက်များ | | ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| ဘာသာပြန်စာတည်း | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် | အငယ်တန်း | - | ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ | သတင်းထောက်များ | | |
| စာပြင် | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ | ဓာတ်ပုံသတင်းထောက် | - | တင်စိုး |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | သန်းထွန်းအောင်နှင့် အဖွဲ့ | အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၃၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)

ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှု မခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

---

❍ *ရွှေဖုံးမှ*

ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ (၂၃) ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာ နှီးနှောဖလှယ်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်း၊ ကော်မတီဝင်များ၊ ဆပ်ကော်မတီများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ဦးစီးကော်မတီနာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ယနေ့ညှိနှိုင်းအစည်းအဝေးသည် ၂၀၂၄ ခုနှစ် (၂၃) ကြိမ်မြောက် ကျင်းပမည့် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာ နှီးနှောဖလှယ်ပွဲကို နိုင်ငံတော်အဆင့်အနေဖြင့် ၂၀၀၀ ပြည့်နှစ်က စတင်ကျင်းပခဲ့ရာ (၂၂) ကြိမ်မြောက်အထိ အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီး ယခု (၂၃) ကြိမ်မြောက်ကိုလည်း အဆင်ပြေချောမွေ့ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် မိမိတို့ဦးစီးကော်မတီအနေဖြင့် စီစဉ်ဆောင်ရွက်ရန်ရှိသည်များကို အသေးစိတ်ဆွေးနွေးညှိနှိုင်းကြရန်ဖြစ်ကြောင်း။

### ခေတ်စနစ်နှင့်အညီထုတ်လုပ်နိုင်စေရန်

(၂၃) ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံကို တိုင်းရင်းဆေးပညာ သင်ကြားရေးဆိုင်ရာ အရည်အသွေး အသိအမှတ်ပြုနိုင်စေရန်၊ တိုင်းရင်းဆေးပညာ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်နှင့် တိုင်းရင်းဆေးဝါးများ ခေတ်စနစ်နှင့်အညီ ထုတ်လုပ်နိုင်စေရန်၊ အရည်အသွေးပြည့်ဝသည့် တိုင်းရင်းဆေးပညာရှင်များ ပိုမိုမွေးထုတ်ပေးနိုင်စေရန်၊ မြန်မာ့တိုင်းရင်းဆေးပညာ ရိုးရာယဉ်ကျေးမှု အမွေအနှစ်အား လေးစားတန်ဖိုးထားတတ်စေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ပြီး အထက်ပါရည်ရွယ်ချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်စေရန် အားလုံးဝိုင်းဝန်းပူးပေါင်း ကူညီဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ ရှေးဘိုးဘွား စဉ်ဆက်နှစ်ပေါင်းများစွာကရှိခဲ့သော ရိုးရာအမွေအနှစ်ဖြစ်သည့် မြန်မာ့တိုင်းရင်းဆေးပညာရပ်ကို အမျိုးသားယဉ်ကျေးမှုတစ်ရပ်အနေဖြင့် ထိန်းသိမ်းစောင့်ရှောက်သွားနိုင်ရေးကို ယခုညီလာခံနှင့် နှီးနှောဖလှယ်ပွဲများမှ ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ညီလာခံတွင် အဆိုတင်သွင်းခြင်း၊ ထောက်ခံဆွေးနွေးခြင်းများ ဆောင်ရွက်မည်ဖြစ်သကဲ့သို့ နှီးနှောဖလှယ်ပွဲတွင် ဖတ်ကြားမည့် စာတမ်းများသည် ရှေးဘိုးစဉ်ဘောင်ဆက် တိုင်းရင်းသားများ၏ ရိုးရာဆေးဝါးများ၊ ကုထုံးများ လက်တွေ့တိုင်းရင်းသားများ အသုံးပြုနေသည့် ဆေးဝါးများနှင့် ကုထုံးများ အဓိကပါဝင်ရန် လိုအပ်သည့်အပြင် နိုင်ငံတကာသုံး ရိုးရာတိုင်းရင်းဆေးဝါးများနှင့်လည်း နှိုင်းယှဉ်၍ အားသာချက်၊ အားနည်းချက်များကို ပြုစုကြရန်လို ကြောင်း၊ ထို့ပြင် အများပြည်သူ ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနိုင်ရေး ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးကြရန် အထူးမှာကြားလိုကြောင်း။

> **“ ညီလာခံတွင် အဆိုတင်သွင်းခြင်း၊ ထောက်ခံဆွေးနွေးခြင်းများ ဆောင်ရွက်မည်ဖြစ်သကဲ့သို့ နှီးနှောဖလှယ်ပွဲတွင် ဖတ်ကြားမည့် စာတမ်းများသည် ရှေးဘိုးစဉ်ဘောင်ဆက် တိုင်းရင်းသားများ၏ ရိုးရာဆေးဝါးများ၊ ကုထုံးများ လက်တွေ့တိုင်းရင်းသားများ အသုံးပြုနေသည့် ဆေးဝါးများနှင့် ကုထုံးများ အဓိကပါဝင်ရန် လိုအပ်သည့် အပြင် နိုင်ငံတကာသုံး ရိုးရာတိုင်းရင်းဆေးဝါးများနှင့်လည်း နှိုင်းယှဉ်၍ အားသာချက်၊ အားနည်းချက်များကို ပြုစုကြရန်လို ”**

### တီထွင်ကြံဆထုတ်လုပ်ရမည်

ညီလာခံနှင့် နှီးနှောဖလှယ်ပွဲဆောင်ရွက်ချက် မှတ်တမ်းများကို ယခင်နှစ်များနည်းတူ စနစ်တကျ ပြုစုပြီး မျိုးဆက်သစ် နောင်လာနောက်သားများ အတွက် လက်ဆင့်ကမ်းအသုံးပြုနိုင်ရန် မှတ်တမ်းတင်ထားရှိရန် မှာကြားလိုကြောင်း၊ ထိုသို့ မှတ်တမ်းတင်ရာတွင် မှတ်တမ်းထားရှိ ထိန်းသိမ်းမှု၌ မှတ်တမ်းများ မပျက်မစီးဘဲ သားစဉ်မြေးဆက် အသုံးချနိုင်ရေး မူရင်းစာတမ်းများကို စနစ်တကျ ထိန်းသိမ်းရန် လိုအပ်သကဲ့သို့ (I.T) ခေတ်ဖြစ်၍လည်း မူရင်းစာတမ်းမှ အချက်အလက်များကို စုစည်း၍ Data Base တစ်ခု တည်ဆောက်ပြီး ဝန်ကြီးဌာန၏ Website များ၊ Sever များတွင် ထိန်းသိမ်းရန် လိုအပ်ကြောင်း၊ ထို့ပြင် စာတမ်းပါ ဆေးဝါးများနှင့်ပတ်သက်၍ အများပြည်သူများ အလွယ်တကူ သောက်သုံးနိုင်ရေးကိုလည်း တီထွင်ကြံဆထုတ်လုပ်ရမည်ဖြစ်သကဲ့သို့ ထုတ်လုပ်ပြီး တိုင်းရင်းဆေးဝါးများကိုလည်း မူပိုင်ခွင့်အရ မှတ်ပုံတင်ထားရန် လိုအပ်မည်ဖြစ်ကြောင်း။

မြန်မာ့တိုင်းရင်းဆေးသမားတော်ကြီးများသည် မြန်မာနိုင်ငံအတွင်းရှိ တော၊ တောင်၊ ရေ၊ မြေတို့က ရရှိနိုင်သည့် သဘာဝအရင်းအမြစ်များဖြင့် တိုင်းရင်းဆေးဝါးများတွင် ထည့်သွင်းအသုံးပြုပြီး ခေတ်အဆက်ဆက်တွင် ပြည်သူလူထု၏ ကျန်းမာရေးကို စောင့်ရှောက်ပေးသကဲ့သို့ ကပ်ရောဂါဘေးနှင့် သဘာဝဘေးအန္တရာယ်များဖြစ်သည့် လေဘေး၊ ရေဘေးစသည့် အန္တရာယ်များ ကြုံတွေ့သည့်အခါတွင်လည်း ပြည်သူလူထုကို တစ်ဖက်တစ်လမ်းက မြန်မာ့တိုင်းရင်းဆေးပညာဖြင့် အားသွန်ခွန်စိုက် စွမ်းစွမ်းတမံ စောင့်ရှောက်ပေးကြသည်ကို တွေ့ရကြောင်း။

ထို့ပြင် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုအနေဖြင့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၊ အာဆီယံ၊ ဘင်း(မ်)စတက်၊ မဲခေါင် အစရှိသည့် နိုင်ငံတကာအဖွဲ့အစည်းများနှင့် တိုင်းရင်းဆေးပညာကဏ္ဍများတွင် အတူ ပူးပေါင်းဆောင်ရွက်နေခြင်းဖြင့် မြန်မာ့တိုင်းရင်းဆေးပညာနှင့် ဆေးဝါးများ အရည်အသွေးပြည့်ဝစွာ ဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံတကာသို့ ထိုးဖောက်နိုင်မည့် မြန်မာ့တိုင်းရင်းဆေးစွမ်းကောင်းများ ပေါ်ထွန်းလာစေရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်သကဲ့သို့ ကုထုံးများ၊ တန်ဖိုးမဖြတ်နိုင်သည့် သမိုင်းအစဉ်အလာ ကြီးမားသည့် ဆေးကျမ်းများနှင့် အာနိသင်ထက်မြက်သည့် ဆေးဝါးများစသည့် မြန်မာ့တိုင်းရင်းဆေးပညာရပ်များ၏ အနှစ်သာရ အဆီအနှစ်များကို စုစည်းပြီး အမျိုးသားအမွေအနှစ် ဆေးပညာရပ်တစ်ရပ်အဖြစ် ပိုမိုဖွံ့ဖြိုးတိုးတက်စေရေး ဤညီလာခံကြီးမှ ဝိုင်းဝန်းညှိနှိုင်းဆွေးနွေးကြရမည်ဖြစ်ကြောင်း။

အခြားနိုင်ငံများ၏ အစည်းအဝေးများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ သင်တန်းများကို မြန်မာနိုင်ငံမှ တိုင်းရင်းဆေးပညာရှင်များ၊ တိုင်းရင်းဆေးဝါးထုတ်လုပ်သူလုပ်ငန်းရှင်များ သွားရောက်ပြီး တက်ရောက်ခဲ့ကြသကဲ့သို့ ယခုညီလာခံနှင့် နှီးနှောဖလှယ်ပွဲသို့လည်း အိမ်နီးချင်းနိုင်ငံများနှင့် အခြားနိုင်ငံများမှ ဘာသာရပ်ဆိုင်ရာ ပညာရှင်များ ဖိတ်ကြား၍ ပါဝင်ဆွေးနွေးစေလိုကြောင်း။

ထို့ကြောင့် (၂၃) ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲကြီးကို နိုင်ငံတော်အဆင့် အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီအသီးသီးအနေဖြင့် မိမိတို့သက်ဆိုင်ရာ အခန်းကဏ္ဍများတွင် လစ်ဟာမှုမရှိအောင် အင်တိုက်အားတိုက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြပါရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် ဦးစီးကော်မတီဥက္ကဋ္ဌ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်းက (၂၃) ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲ ကျင်းပရခြင်းနှင့် နှီးနှောဖလှယ်ပွဲကြီး အောင်မြင်စွာ ကျင်းပနိုင်ရေးနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

### ရှင်းလင်းတင်ပြ

ယင်းနောက် လုပ်ငန်းကော်မတီဥက္ကဋ္ဌ တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ စုစုဒွေးက နှီးနှောဖလှယ်ပွဲကြီး အောင်မြင်ခမ်းနားစွာ ကျင်းပနိုင်ရေးအတွက် ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီအလိုက် ဖွဲ့စည်းဆောင်ရွက်လျက်ရှိသည့် အခြေအနေနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများ၊ ယခုနှစ် ညီလာခံနှင့် နှီးနှောဖလှယ်ပွဲ ကျင်းပပြုလုပ်သွားမည့် အသေးစိတ် အချက်အလက်များကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေးဆပ်ကော်မတီ၊ လုံခြုံရေးဆပ်ကော်မတီ၊ ကျန်းမာရေးဆပ်ကော်မတီ၊ ပြန်ကြားရေးနှင့်သတင်းထုတ်ပြန်ရေးဆပ်ကော်မတီ၊ အခမ်းအနားပြင်ဆင်ရေးဆပ်ကော်မတီ၊ ဧည့်ခံကျွေးမွေးရေး ဆပ်ကော်မတီ၊ သယ်ယူပို့ဆောင်ရေးနှင့် တည်းခိုနေရာချထားရေးဆပ်ကော်မတီနှင့် ဘဏ္ဍာရေးဆပ်ကော်မတီတို့မှ တာဝန်ရှိသူများက (၂၃) ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေး တင်ပြကြသည်။

ထို့နောက် ဦးစီးကော်မတီနာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ကုန်စည်များဘက်စုံပို့ဆောင်ရေးဗဟိုအဖွဲ့၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၄**

ကုန်စည်များ ဘက်စုံပို့ဆောင်ရေးဗဟိုအဖွဲ့၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းက နေပြည်တော်ရှိ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အစည်းအဝေး ခန်းမ၌ကျင်းပရာ ကုန်စည်များဘက်စုံပို့ဆောင်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ၊ ဒုတိယ ဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး တက်ရောက် အမှာစကား ပြောကြားသည်။ **(ယာပုံ)**



**အကြံပြုဆွေးနွေး**

ထို့နောက် ကုန်စည်များ ဘက်စုံပို့ဆောင်ရေးဗဟိုအဖွဲ့ တွဲဖက်အတွင်းရေးမှူး၊ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ်က ဘက်စုံပို့ဆောင်ရေး ဥပဒေ၊ နည်းဥပဒေများနှင့် စပ်လျဉ်း၍ ဆောင်ရွက်ရမည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြရာ အစည်းအဝေးသို့ တက်ရောက်လာကြသည့် ဗဟိုအဖွဲ့၊ အဖွဲ့ဝင်များဖြစ်သည့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန လက်အောက်ရှိ ပို့ဆောင်ရေးဆိုင်ရာဌာန အဖွဲ့အစည်းများ၊ မြန်မာ့နိုင်ငံခြား ကုန်သွယ်မှုဘဏ်၊ အကောက်ခွန်ဦးစီး ဌာန၊ ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာ ဦးစီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၊ နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဦးစီးဌာနနှင့် ကုန်သွယ် ရေးဦးစီးဌာနတို့မှ ဌာနအကြီးအကဲများ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်း ရှင်များအသင်းချုပ် (UMFCCI)၊ မြန်မာ နိုင်ငံ သယ်ယူပို့ဆောင်ရေးနှင့် ထောက်ပံ့ ဖြည့်ဆည်းစီမံဆောင်ရွက်မှု အသင်းချုပ် (MTLF) နှင့် မြန်မာနိုင်ငံ အပြည်ပြည် ဆိုင်ရာ ကုန်စည်ပို့ဆောင်ရေးဝန်ဆောင်မှု လုပ်ငန်းရှင်များအသင်း (MIFFA) တို့မှ ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ က အကြံပြုဆွေးနွေး တင်ပြသည်။

**ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်**

ကုန်စည်များ ဘက်စုံပို့ဆောင်ရေး ဗဟိုအဖွဲ့ကို ဘက်စုံပို့ဆောင်ရေးဥပဒေ၊ ပုဒ်မ ၆ အရ ဘက်စုံပို့ဆောင်ရေးဥပဒေ၊ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင် ရန်နှင့် မြန်မာနိုင်ငံမှ ဘက်စုံပို့ဆောင်ရေး လုပ်ငန်းများ၊ ထောက်ပံ့ဖြည့်ဆည်းစီမံ ဆောင်ရွက်မှုလုပ်ငန်းများ တိုးတက် လာစေရန်အတွက် ဖွဲ့စည်းခဲ့ခြင်းဖြစ် သည်။ ဘက်စုံပို့ဆောင်ရေးကဏ္ဍ ဖွံ့ဖြိုး တိုးတက်ရေးမှသည် နိုင်ငံတော်၏ ကုန်သွယ်မှုနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက် မှုများရှိလာပြီး ထိုမှတစ်ဆင့် ပြည်သူ တို့၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက် အောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ဦးမင်းသိန်းဇံတို့ ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲ/ပိတ်ပွဲအခမ်းအနား ကျင်းပမည့်နေရာများ ကြည့်ရှုစစ်ဆေး



**နေပြည်တော် နိုဝင်ဘာ ၄**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင် အုန်းနှင့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးမင်းသိန်းဇံတို့သည် သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဇံနှင့်အတူ ယနေ့ညနေ ပိုင်းတွင် ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော် ဖွင့်ပွဲ/ပိတ်ပွဲ အခမ်းအနားများ ကျင်းပပြုလုပ် မည့် ဝဏ္ဏသိဒ္ဓိအားကစားကွင်း သို့ သွားရောက်ကြည့်ရှု၍ (ဝဲပုံ) လိုအပ်သည်များ ညှိနှိုင်း ပေါင်းစပ်ဆောင်ရွက်သည်။

ပြည်ထောင်စု ဝန်ကြီးများ သည် ဝဏ္ဏသိဒ္ဓိအားကစားကွင်း အတွင်းရှိ ဖွင့်ပွဲ/ပိတ်ပွဲကျင်းပမည့် နေရာ၊ LED တပ်ဆင်မည့်နေရာနှင့် မီးများ တပ်ဆင်အသုံးပြုမည့် နေရာများကို လည်းကောင်း၊ ဖျော်ဖြေရေး အဖွဲ့များနှင့် အားကစားသမားများ ဝင်/ထွက် သွားလာမည့်နေရာများကို လည်း ကောင်း၊ ဖျော်ဖြေတင်ဆက်မည့် သီချင်းများအလိုက် ဆက်တင် ပစ္စည်းများ ထည့်သွင်းအသုံးပြု မည့် အစီအစဉ်များကို လည်း ကောင်း ကြည့်ရှုစစ်ဆေး၍ လုပ်ငန်းများ အောင်မြင်စွာဆောင် ရွက်နိုင်ရေးနှင့် အချိန်မီပြီးစီးရေး တို့အတွက် အသေးစိတ်ဆွေးနွေး ညှိနှိုင်းကြပြီး လိုအပ်ချက်များ ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက် ပဉ္စမအကြိမ် အမျိုး သားအားကစားပွဲတော်ဖွင့်ပွဲ အခမ်း အနားတွင် ပါဝင်ဆောင်ရွက်မည့် အလွတ်ခုန် လေထီးလေ့ကျင့်နေမှု များကို ကြည့်ရှုအားပေးကာ ပဉ္စမ အကြိမ် အမျိုးသားအားကစား ပွဲတော် ဖွင့်ပွဲ/ပိတ်ပွဲ အခမ်းအနား များ အောင်မြင်စွာ ကျင်းပနိုင်ရေး အတွက် မိမိတို့သက်ဆိုင်ရာကဏ္ဍ အလိုက် အချိန်မီပြီးစီးအောင် ဆောင်ရွက်ပေးကြရန် တာဝန်ရှိသူ များအား ဆွေးနွေးမှာကြားခဲ့ သည်။

**သတင်းစဉ်**

# မြန်မာအီလက်ထရွန်နစ်မဲပေးစက် (MEVM) အသုံးပြုခြင်းဆိုင်ရာ နည်းပြဆရာဖြစ်သင်တန်း အမှတ်စဉ် (၈/၂၀၂၄) သင်တန်းဖွင့်

**နေပြည်တော် နိုဝင်ဘာ ၄**

ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်သည် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲတွင် မြန်မာ အီလက်ထရွန်နစ်မဲပေး စက် (MEVM) ဖြင့် ဆန္ဒမဲပေးနိုင် ရေး စီစဉ်ဆောင်ရွက်လျက်ရှိရာ မဲပေးစက် အသုံးပြုခြင်းဆိုင်ရာ နည်းပြဆရာဖြစ်သင်တန်း အမှတ် စဉ် (၈/၂၀၂၄) သင်တန်းဖွင့်ပွဲ ကို ယနေ့နံနက်ပိုင်းက ပြည် ထောင်စုရွေးကောက်ပွဲကော်မရှင် ရုံး၊ တိုးချဲ့ရုံးအဆောက်အအုံ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည် ထောင်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးအောင်လွင်ဦးက ပြည် ထောင်စု ရွေးကောက်ပွဲကော်မရှင် အနေဖြင့် ရွေးကောက်ပွဲ ကျင်းပ ပြုလုပ်နိုင်ရေးအတွက် ကြိုတင် ပြင်ဆင် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို အဆင်သင့်ဖြစ် အောင် ဆောင်ရွက်လျက်ရှိ ကြောင်း၊ မဲစာရင်းများ ပြုစုရာ တွင် ဥပဒေနှင့်အညီ ဖြစ်စေရေး၊ မဲစာရင်းများ မှန်ကန်ရေးနှင့် လူတစ်ဦးတည်း နှစ်ကြိမ်ထပ်၊ သုံးကြိမ်ထပ်နေမှုများ မဖြစ်စေရေး အတွက် Admin DEO Software နှင့် CVLMS Software များ ရေးဆွဲ ပြုစုလျက်ရှိကြောင်း၊ ယခု သင်တန်းသည် ကျင်းပပြုလုပ်မည့် ရွေးကောက်ပွဲအတွက် မဲပေးစက် MEVM စက်အသုံးပြုနိုင်ရေး စီစဉ် ဆောင်ရွက်သည့် သင်တန်းဖြစ် ကြောင်း ပြောကြားသည်။

သင်တန်းတွင် မြန်မာ အီလက်ထရွန်နစ် မဲပေးစက် (MEVM) တည်ဆောက်ပုံနည်းလမ်း များ၊ စက်တပ်ဆင်ပုံ၊ စမ်းသပ် မဲပေးပုံ၊ ဖြန့်ခွဲပုံ၊ ရွေးကောက်ပွဲ နေ့တွင် မဲရုံ၌မဲပေးစက် တပ်ဆင် ခင်းကျင်းပုံ၊ မဲရလဒ်ရေတွက်ပုံ၊ နည်းဥပဒေပါအတိုင်း မဲရလဒ် စာရင်းပြုစုပုံ၊ မဲပေးစက်ကို ပြန်လည်ထုပ်ပိုး သိမ်းဆည်းပုံ တို့ကို လုပ်ငန်းလမ်းညွှန်ချက်များ နှင့်အညီ သင်ကြားပြသပေးမည် ဖြစ်သည်။

သင်တန်းဖွင့်ပွဲသို့ ပြည် ထောင်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ချင်းပြည်နယ်နှင့် ရခိုင် ပြည်နယ်တာဝန်ခံ ဦးအောင်မိုး မြင့်၊ ကယားပြည်နယ်နှင့် ကရင်



ပြည်နယ်တာဝန်ခံ ဦးခင်မောင်ဦး၊ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ရုံး တာဝန်ရှိသူများနှင့် ကယားပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရခိုင် ပြည်နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးများမှ သင်တန်းသား ၂၄ ဦး တက်ရောက်ကြပြီး သင်တန်းကို နိုဝင်ဘာ ၄ ရက်မှ ၆ ရက်အထိ ကျင်းပမည်ဖြစ် ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ပြန်ကြားရေးဝန်ကြီးဌာန ကိုယ်စားပြုပါဝင်ယှဉ်ပြိုင်ကြမည့် ဝန်ထမ်းများနှင့်တွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၄

**ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ပြန်ကြားရေးဝန်ကြီးဌာန ကိုယ်စားပြုပါဝင်ယှဉ်ပြိုင်ကြမည့် အားကစားနည်းများအလိုက် အသင်းအုပ်ချုပ်သူ၊ နည်းပြများ၊ ပြိုင်ပွဲဝင်အားကစားသမားများတွေ့ဆုံပွဲကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပသည်။**



အဆိုပါ တွေ့ဆုံပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်၊ အမြဲတမ်းအတွင်းဝန် ဦးဝင်းကျော်အောင်၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပါဝင်နွှဲပျော် ဂုဏ်ယူဖွယ်ရာ အမျိုးသားအားကစားပွဲတော်နှင့် ယှဉ်ပြိုင်နွှဲပျော် အမျိုးသားအားကစားပွဲတော် ဗီဒီယိုမှတ်တမ်းတို့ကို ပြသသည်။

**စည်းလုံးညီညွတ်မှုရှိစေရန်**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် ယခုနှစ် ကျင်းပမည့် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် အားကစားသမားများစွာ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး မိမိတို့ ဝန်ကြီးဌာနအနေဖြင့်လည်း အားကစားနည်း ၆ မျိုး တွင် ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း၊ အခမ်းအနားဖွင့်ပွဲ၊ ပိတ်ပွဲ အခမ်းအနားများကို နိုင်ငံတော်အဆင့် ကြီးကျယ်ခမ်းနားစွာ ကျင်းပမည်ဖြစ်သကဲ့သို့ အားကစားသမားများ၏ အားကစားစိတ်ဓာတ်အပြည့်ဖြင့် ပါဝင်ယှဉ်ပြိုင်မှုကလည်း အနှစ်သာရရှိပြီး အရေးကြီးကြောင်း၊ အမျိုးသားအားကစားပွဲတော်သည် ကျန်းမာရေး၊ နိုင်ငံရေး၊ နိုင်ငံ့အရေး စသဖြင့်ဆက်စပ်နေကြောင်း၊ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်စေရန်၊ နိုင်ငံသားအားလုံး စည်းလုံးညီညွတ်မှုရှိစေရန်နှင့် နိုင်ငံ့ဂုဏ်ကို မြှင့်တင်ရန် စသည့် ရည်ရွယ်ချက်များဖြင့်လည်း ကျင်းပခြင်းဖြစ်ကြောင်း။

**အားကစားအရည်အသွေးပြသ**

အားကစားသမားများ အနေဖြင့် ကိုယ်စွမ်းကိုယ်စရှိရှိ၊ ဂုဏ်သိက္ခာရှိရှိ၊ ညီညီညွတ်ညွတ်၊ စိတ်ဓာတ်ကောင်းကောင်းဖြင့် ရေဆုံးမြေဆုံးအထိ ပါဝင်ယှဉ်ပြိုင်သွားကြရန် မှာကြားလိုကြောင်း၊ စိတ်ဓာတ်ကောင်းကောင်း၊ ထက်မြက်ကြံ့ခိုင်သွက်လက်စွာ အနိုင်မခံ အရှုံးမပေး စိတ်ဓာတ်တို့ဖြင့် အနိုင်/ အရှုံးထက် စည်းကမ်းတကျ ပါဝင်ယှဉ်ပြိုင်ကြစေလိုကြောင်း၊ တစ်ဦးနှင့်တစ်ဦး နားလည်မှု၊ သည်းခံမှုတို့ဖြင့် အားကစားအရည်အသွေးကို ပြသရန်၊ စံချိန်များ အမြင့်ဆုံးနှင့် အကောင်းဆုံးဖြစ်စေရန် ကြိုးစားကြစေလိုကြောင်း၊ တစ်ဦးကောင်း၊ တစ်ယောက်ကောင်းထက် အသင်းအဖွဲ့စိတ်ဓာတ်ဖြင့် မိမိတို့ဝန်ကြီးဌာန၊ မိမိတို့နိုင်ငံဂုဏ်သိက္ခာကို မြှင့်တင်သည့်အနေဖြင့် ပါဝင် ယှဉ်ပြိုင်သွားကြစေလိုကြောင်း ဆွေးနွေးပြောကြားသည်။

**အားပေးစကားပြောကြား**

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနဆိုင်ရာအကြီးအကဲများက အားကစားနည်းများအလိုက် ခင်းကျင်းပြသထားသည့် အားကစားဝတ်စုံများ၊ လေ့ကျင့်ရေးသုံးပစ္စည်းများ၊ တစ်ပတ်စာ အစားအစာများ၊ ဆေးပစ္စည်းများနှင့် ပြိုင်ပွဲဝင်ပစ္စည်းများ ခင်းကျင်းပြသထားမှုကို ကြည့်ရှုစစ်ဆေးကာ ပြိုင်ပွဲဝင် အားကစားသမား များအား လိုအပ်သည်များမှာကြားပြီး အားပေးစကား ပြောကြားသည်။ **(အပေါ်ပုံ)**

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ပြန်ကြားရေးဝန်ကြီးဌာနက ဂေါက်သီးရိုက် (အလွတ်တန်း)၊ ပိုက်ကျော်ခြင်း(ကျား)၊ ဘောလုံး (ကျား)၊ ပြေးခုန်ပစ် (ကျား၊မ)၊ ဘော်လီဘော (ကျား)၊ နှင့် ဖူဆယ် (ဘောလုံး) (ကျား) တို့တွင် အုပ်ချုပ်သူ၊ နည်းပြနှင့် ပြိုင်ပွဲဝင်အားကစားသမားများ စုစုပေါင်း ၁၁၄ ဦး ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲများသို့ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးနှင့် အောင်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၆/၂၀၂၄)တက်ရောက်

**မုံရွာ နိုဝင်ဘာ ၄**

စစ်ကိုင်းတိုင်းဒေသကြီး ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော် အားကစားပြိုင်ပွဲများသို့ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးနှင့် အောင်နိုင်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေး (၆/၂၀၂၄) ကို နိုဝင်ဘာ ၄ ရက် မွန်းလွဲပိုင်းက တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်သည်။



ဦးစွာ တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီး ဌာနမှ ညွှန်ကြားရေးမှူး ဦးအောင်ဇော်လွင်က ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစား ပွဲတော် အားကစားပြိုင်ပွဲများသို့ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများ နှင့် ပြိုင်ပွဲဝင်အားကစားသမားများ စုဖွဲ့လေ့ကျင့်နေမှုများကို ရှင်းလင်း တင်ပြသည်။

ယင်းနောက် အားကစားနှင့် ကာယပညာသိပ္ပံ (မုံရွာ) ကျောင်းအုပ်ကြီးနှင့် အားကစားနည်းများ အလိုက် တာဝန်ခံများ၊ အသင်း နည်းပြများနှင့် အုပ်ချုပ်သူများက ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားသည့် အခြေအနေများကို ရှင်းလင်း ဆွေးနွေးတင်ပြသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော် အားကစား ပြိုင်ပွဲများအတွက် တိုင်းဒေသကြီး အားကစားနှင့် ကာယပညာ ဦးစီးဌာနမှ တာဝန်ခံ/အုပ်ချုပ်/ နည်းပြများအနေဖြင့် မိမိတို့အား ပေးအပ်ထားသည့် တာဝန် များကို ကျေပွန်အောင်ကြိုးစား ဆောင်ရွက်ပြီး ပြိုင်ပွဲအားကစား နည်းများအလိုက် အမြင့်ဆုံး အောင်မြင်မှုများအထိ ရောက်ရှိ အောင် ကြိုးစားယှဉ်ပြိုင်မှသာ မိမိတို့ တိုင်းဒေသကြီးအတွက် အောင်မြင်မှုအသီးအပွင့်များ ရရှိ နိုင်မည်ဖြစ်ကြောင်း၊ အသင်း အုပ်ချုပ်/နည်းပြများနှင့် ပြိုင်ပွဲဝင် အားကစားသမားများ အနေဖြင့် အားကစားသမားကောင်း စိတ်ဓာတ်ပြည့်ဝ၍ စည်းကမ်း ကောင်းမွန်ပြီး ယုံကြည်ချက် ခံယူချက်ကောင်းမွန်စွာ မိမိတို့ ယှဉ်ပြိုင်မည့် အားကစားနည်း များအလိုက် ကြိုးစားယှဉ်ပြိုင် ကစားကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အစည်းအဝေးသို့ တက်ရောက် လာသူများ၏ ဆွေးနွေး တင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူ များနှင့် ဖြည့်ဆည်းဆောင်ရွက် ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**

## တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

**နေပြည်တော် နိုဝင်ဘာ ၄**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာနိုင်သည်။ **မိုး/ဇလ**

## လျှပ်စစ်သုံးမော်တော်ယာဉ်များ တင်သွင်းရောက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၄**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Asia Pacific Automaker Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် Dongfeng Box (Nammi 01) အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သိရသည်။



**သတင်းစဉ်**

# မဟာမဲခေါင်ဒေသခွဲ(GMS) ၏ ဗျူဟာများနှင့် အမိမြန်မာနိုင်ငံ

ကျော်တေဇ(ဥက္ကလာ)

နိုင်ငံတစ်နိုင်ငံကို တည်ဆောက်မောင်းနှင်ကြရာမှာ နိုင်ငံရေးမောင်းနှင်အား၊ စီးပွားရေးမောင်းနှင်အားနဲ့ ကာကွယ်ရေးမောင်းနှင်အားဆိုပြီး မောင်းနှင်အား သုံးမျိုးရှိပါတယ်။ နိုင်ငံရေးတည်ငြိမ်မှုရှိမယ်၊ စည်းလုံးညီညွတ်မှုရှိမယ်ဆိုရင် နိုင်ငံရေးအား ကောင်းမွန်ပြီး စစ်ရေးအင်အား၊ လုံခြုံရေးအင်အား ကောင်းမွန်ပါကလည်း ကာကွယ်ရေးအင်အား ကောင်းမွန်မည်မှာ ဖြစ်ပါတယ်။ ဒီအင်အားနှစ်ခု ကောင်းမွန်နေဖို့အတွက် အခြေခံကတော့ စီးပွားရေးအင်အားပဲဖြစ်ပါတယ်။ စီးပွားရေးမောင်းနှင်အားဟာ တိုင်းပြည်အတွက် အဓိကကျပါတယ်။

မိမိတို့နိုင်ငံဟာ စိုက်ပျိုးမွေးမြူရေးထုတ်ကုန်တွေကို အောင်မြင်အောင်ထုတ်လုပ်နိုင်တဲ့ အခြေခံကောင်းတွေကို ပိုင်ဆိုင်ထားရှိတဲ့ နိုင်ငံတစ်ခုဖြစ်တဲ့အတွက် နိုင်ငံတကာမှာ စားရေရိက္ခာ လုံခြုံရေး Food Security ကို များစွာအထောက်အကူပြုနိုင်တဲ့ နိုင်ငံတစ်ခုလည်းဖြစ်ပါတယ်။ ဒီအတွက် စိုက်ပျိုးမွေးမြူရေးကိုအခြေခံတဲ့ စားသောက်ကုန်တွေ၊ လူသုံးကုန်တွေကို ဒေသထွက်ကုန်ကြမ်းတွေ အသုံးပြုပြီး အရည်အသွေးမြင့်ထုတ်လုပ်ကာ ဒေသတွင်းစီးပွားရေးဖြစ်တဲ့ ပြည်တွင်းထွက်ကုန်ကနေ ပြည်ပပို့ကုန်အထိ မျှော်မှန်းဆောင်ရွက်နိုင်ကြမယ်ဆိုရင် နိုင်ငံ့စီးပွားရေးတိုးတက်မှု ရေချိန်တစ်ခုကို အားလုံး လှမ်းမျှော်မြင်တွေ့ကြမှာလည်း ဖြစ်ပါတယ်။ ဒီကတစ်ဆင့် ပြည်ပပို့ကုန်ဆိုတဲ့ အပိုင်းမှာလည်း မိမိတို့နိုင်ငံရဲ့ ဘိုးဘွားအမွေ ပထဝီမြေဟာ ဘယ်လိုနေရာမျိုးပိုင်ဆိုင်ထားပါသလဲ၊ နိုင်ငံတော်အစိုးရအနေနဲ့ နိုင်ငံ့စီးပွားရေးကို ပြည်ပအထိ ဘယ်လိုထိုးဖောက်ဆောင်ရွက်သွားမလဲဆိုတာ နိုင်ငံသားတိုင်း သိသင့်တဲ့အချက်တစ်ချက်လည်း ဖြစ်ပါတယ်။ ဒါ့ကြောင့် ဒီနေရာမှာ စာရေးသူဟာ မြန်မာနိုင်ငံပါဝင်တဲ့ မဟာမဲခေါင်ဒေသခွဲ စီးပွားရေးပူးပေါင်းဆောင်ရွက်ခြင်း အစီအစဉ်တွေနဲ့ မြန်မာနိုင်ငံရဲ့ မဟာဗျူဟာရည်မှန်းချက်အချို့ကို စာဖတ်သူများထံ သတင်းစကားပါးသွားမှာပဲ ဖြစ်ပါတယ်။

### မဟာမဲခေါင်ဒေသခွဲ (Greater Mekong Subregion–GMS) ဆိုသည်မှာ

စာရေးသူဆိုခဲ့တဲ့ မဟာဗျူဟာရည်မှန်းချက်တွေကို မပြောခင်မှာ မဟာမဲခေါင်ဒေသခွဲရဲ့ သမိုင်းအကျဉ်းကို စာဖတ်သူတို့နဲ့ မိတ်ဆက်ပေးချင်ပါသေးတယ်။ မဟာမဲခေါင်ဒေသခွဲ (Greater Mekong Subregion–GMS ) ဟာ အင်ဒိုချိုင်းနားကျွန်းဆွယ်မှာ တည်ရှိပါတယ်။ အာရှဒေသမှာရှိတဲ့ မဲခေါင်မြစ်ရဲ့ နိုင်ငံဖြတ်ကျော်ဒေသတစ်ခုလို့ ဆိုရပါမယ်။ အာရှဖွံ့ဖြိုးရေးဘဏ်( Asian Development Bank–ADB) ဟာ ၁၉၉၂ခုနှစ်မှာ အာရှဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်တစ်ခုကို စတင်ရေးဆွဲခဲ့တယ်။ ဒီအစီအစဉ်မှာ အာရှဒေသတွင်း ၆နိုင်ငံဖြစ်တဲ့ လာအို၊ ကမ္ဘောဒီးယား၊ မြန်မာ၊ ထိုင်း၊ ဗီယက်နမ်နဲ့ တရုတ်နိုင်ငံတို့ပါဝင်ခဲ့ကြတယ်။ မဟာမဲခေါင်ဒေသခွဲ(GMS) ဆိုတာ မဲခေါင်မြစ်ဖြတ်သန်းစီးဆင်းရာတစ်လျှောက်ဖြစ်ပြီး မြေရေိယာအကျယ်အဝန်း ၂.၆သန်း စတုရန်းကီလိုမီတာနဲ့ လူဦးရေပေါင်း ၃၂၆ သန်းကျော် မှီတင်းနေထိုင်တဲ့ ဒေသခွဲကြီးတစ်ခုလည်းဖြစ်ပါတယ်။ ဒါ့အပြင် မဟာမဲခေါင်ဒေသခွဲဟာ အရှေ့အာရှ၊ တောင်အာရှနဲ့ အရှေ့တောင်အာရှ ဒေသတွေရဲ့ Land Bridge (ကုန်းမြေပေါင်းကူး) တစ်ခုအဖြစ် မဟာဗျူဟာကျကျ အရေးပါနေတယ်ဆိုတာကို စာဖတ်သူများဆီ မျှဝေပေးလိုပါတယ်။




မဟာမဲခေါင်ဒေသခွဲ (GMS) နိုင်ငံများ။

မဟာမဲခေါင်ဒေသခွဲ (GMS) အတွင်းမှာရှိတဲ့ နိုင်ငံတွေဟာ ဒေသတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့အတွက် မဲခေါင်မြစ်ကော်မရှင် (Mekong River Commission –MRC)၊ မဟာမဲခေါင်ဒေသခွဲ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အစီအစဉ် (GMS – Programme)နဲ့ အာဆီယံ–မဲခေါင်ဖွံ့ဖြိုးရေးပူးပေါင်း ဆောင်ရွက်မှုအစီအစဉ် ( ASEAN – Mekong Basin Development Cooperation –AMBDC) စတဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်တွေကိုပါ ချမှတ်ဆောင်ရွက်နေတာကို တွေ့ရပြန်ပါတယ်။ ဒီလိုပူးပေါင်းဆောင်ရွက်ကြတဲ့နေရာမှာ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းတွေရဲ့ ငွေကြေးဆိုင်ရာထောက်ပံ့ကူညီမှုတွေကို ရယူဆောင်ရွက်ကြသလို အဓိကထောက်ပံ့ပေးတဲ့အဖွဲ့အစည်းကတော့ အာရှဖွံ့ဖြိုးရေးဘဏ်(ADB)ပဲ ဖြစ်ပါတယ်။

မဟာမဲခေါင်ဒေသခွဲ (GMS) ရဲ့ ပူးပေါင်းဆောင်ရွက်မှု အဓိကရည်ရွယ်ချက်ကတော့ **ပိုမိုပေါင်းစည်း၍ ပြည့်စုံကြွယ်ဝပြီး လိုက်လျောညီထွေမှုရှိသည့် မဲခေါင်ဒေသခွဲဖြစ်လာစေရေး၊ ချိတ်ဆက်မှု (Connectivity) ပိုမိုကောင်းမွန်လာစေရေး၊ ယှဉ်ပြိုင်နိုင်စွမ်း (Competitiveness) မြင့်မားလာစေရေးနှင့် အသိုက်အဝန်း (community) စိတ်ဓာတ်ကို မြှင့်တင်ရေး**တွေပဲဖြစ်ပါတယ်။

### မဟာမဲခေါင်ဒေသခွဲ၏ မဟာဗျူဟာဦးတည်ချက်

လူ့အဖွဲ့အစည်းမှာပဲဖြစ်ဖြစ်၊ ဒေသတွင်းနိုင်ငံတွေကြားမှာပဲဖြစ်ဖြစ်၊ ကမ္ဘာကြီးအတွင်းမှာပဲဖြစ်ဖြစ် ပေါ်ပေါက်လာတဲ့ အဖွဲ့အစည်းဟာ မည်ရွေ့မည်မျှ ခိုင်မာကျစ်လျစ်လဲဆိုတာကို အားလုံးသိချင်ကြမှာပါပဲ။ သူတို့ဘာတွေလုပ်ကြမှာလဲ၊ ဒေသတွင်းကတစ်ဆင့် ပါဝင်တဲ့နိုင်ငံတွေအထိ အမျိုးသားအကျိုးစီးပွား မည်ရွေ့မည်မျှ ခိုင်မာကောင်းမွန်သွားကြမှာလဲ၊ ပြည်သူတွေ ဘယ်လောက်မျှော်လင့်ချက်ရေချိန်ထားနိုင်ကြမှာလဲ စတဲ့အချက်တွေဟာ ပေါ်ပေါက်လာတဲ့ ဒီအဖွဲ့အစည်းကြီးကို အကဲခတ်မေးမြန်းနေကြမယ့် မေးခွန်းများလည်းဖြစ်ပါတယ်။ ဥပမာ လက်ရှိကမ္ဘာကြီးက စိတ်ဝင်တစားစောင့်ကြည့်နေကြတဲ့ (BRICS) အဖွဲ့အစည်းကြီးကို စိတ်ဝင်တစားစောင့်ကြည့်နေကြသလိုမျိုးလို့ ဆိုရမှာပေါ့။

စာမျက်နှာ ၇ သို့

- **GMS အဖွဲ့ဝင် မြန်မာနိုင်ငံအနေနဲ့ တိုးတက်ပြောင်းလဲလာမယ့် လူဦးရေ၊ လူမှုစီးပွား၊ ပတ်ဝန်းကျင်အခြေအနေဆိုင်ရာ အချက်အလက်တွေကို ကြိုတင်တွက်ဆထားပြီးဖြစ်တယ်။ တွက်ဆထားချက်တွေအရ နိုင်ငံရဲ့ကျန်းမာရေးစောင့်ရှောက်မှုစနစ်ကို အရည်အသွေးပြည့်ဝစေဖို့ GMS ရဲ့ ကျန်းမာရေးမဟာဗျူဟာနဲ့ချိတ်ဆက်ပြီး ဒေသန္တရအစိုးရတွေနဲ့ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားမှုတွေရှိ**
- **နိုင်ငံတော်ရဲ့စီးပွားရေးရည်မှန်းချက်ဖြစ်တဲ့ စားနပ်ရိက္ခာဖူလုံရေးအတွက် စိုက်ပျိုးရေးနဲ့ မွေးမြူရေးထုတ်ကုန်တွေကို ခေတ်မီနည်းစနစ်တွေသုံးပြီး အလေးထားဆောင်ရွက်လျက်ရှိတယ်။ ပြည်တွင်းပို့ကုန်မှသည် ပြည်ပပို့ကုန်အထိ တိုးမြှင့်နိုင်ဖို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအနေနဲ့ ဦးတည်ချက်ချမှတ်ဆောင်ရွက်နေ**
- **GMS အဖွဲ့ဝင်နိုင်ငံတွေနဲ့ ညှိနှိုင်းဆောင်ရွက်မှုတွေအပြင် အဖွဲ့ဝင်နိုင်ငံတွေနဲ့ ချုပ်ဆိုခဲ့တဲ့ ဘက်စုံပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်တွေအပါအဝင် အခြားသောနိုင်ငံတကာ ကတိကဝတ်တွေကိုလည်း တက်ညီလက်ညီ အကောင်အထည်ဖော်ဆောင်ရွက်သွားမှာလည်းဖြစ်**

> ❑ သယ်ယူပို့ဆောင်ရေးလမ်းတွေဆီက နယ်စပ်ကုန်သွယ်ရေးဇုန်တွေရဲ့ အရေးပါမှုကိုလည်း အထင်းသားမြင်ရပြန်ပါတယ်။ ဒီလမ်းမကြီးတွေမှာ မည်သို့သော အခက်အခဲအတားအဆီးတွေရှိနေစေကာမူ GMS အဖွဲ့ဝင်နိုင်ငံတစ်ခု၊ အဖွဲ့ဝင်နိုင်ငံတွေရဲ့ အသိုင်းအဝိုင်းနဲ့ဆိုရင် တစ်စတစ်စပျောက်ကွယ်သွားမယ့် ဒီအခက်အခဲ အတားအဆီးတွေရဲ့ အနာဂတ်မှေးမှိန်သွားနိုင်မှုကိုလည်း မှန်းဆမြင်တွေ့နိုင်မှာပဲ ဖြစ်တယ်။ ဒါဆိုရင် အစိုးရတစ်ရပ်ခိုင်မာစေရေးဟာ အဓိကအရေးပါနေပြီး ခိုင်မာတဲ့အစိုးရတစ်ရပ်ပိုင်ဆိုင်နိုင်ရေးဟာ တိုင်းရင်းသားပြည်သူတွေရဲ့ မှန်ကန်တဲ့အတွေးအခေါ် အယူအဆ ရွေးချယ်မှုတွေဟာ အဓိကကျကြောင်း ညွှန်းဆိုနေပြန်ပါတယ်။ နိုင်ငံတော်ရဲ့တာဝန်ကိုထမ်းဆောင်တဲ့ ဘယ်အစိုးရမဆို နိုင်ငံကောင်းအောင် ဆောင်ရွက်ဖို့တာဝန်ရှိပါတယ်။ နိုင်ငံတော်အစိုးရတစ်ရပ်ဟာ အမျိုးသားအကျိုးစီးပွားအတွက် မဆုတ်မနစ်သောဇွဲနဲ့ ကြိုးပမ်းဆောင်ရွက်နေချိန်မှာ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးဟာ မှန်ကန်တဲ့အမြင်နဲ့ ရှုမြင်တတ်ဖို့လိုပြီး ကျစ်လျစ်တဲ့စုပေါင်းအားနဲ့ ဝန်းရံထောက်ခံဖို့ အရေးကြီးပါတယ်။ ဒါဟာ ပြည်သူတစ်ရပ်လုံးအတွက် တာဝန်ထက်ပိုတဲ့ နိုင်ငံတော်အပေါ် သစ္စာစောင့်သိမှုတရားတစ်ခုသာဖြစ်

*စာမျက်နှာ ၆ မှ*

GMS လို့ခေါ်တဲ့ မဟာမဲခေါင်ဒေသခွဲအဖွဲ့အစည်းရဲ့ အစီအစဉ်ကဏ္ဍတွေကို လေ့လာကြည့် ကြမယ်ဆိုရင်–

( ၁ ) သယ်ယူပို့ဆောင်ရေးကဏ္ဍ (Transport)
( ၂ ) စွမ်းအင်ကဏ္ဍ (Energy)
( ၃ ) ဆက်သွယ်ရေးကဏ္ဍ(ICT)
( ၄ ) လယ်ယာစိုက်ပျိုးရေးကဏ္ဍ (Agriclture)
( ၅ ) သဘာဝပတ်ဝန်းကျင်ကဏ္ဍ (Environment)
( ၆ ) ခရီးသွားလုပ်ငန်းကဏ္ဍ (Tourism)
( ၇ ) ကျန်းမာရေးကဏ္ဍ (Health)
( ၈ ) ကုန်သွယ်ရေးနှင့် သယ်ယူပို့ဆောင်မှု လွယ်ကူချောမွေ့စေရေးကဏ္ဍ (Transport and Trade Facilitation)
( ၉ ) မြို့ပြဖွံ့ဖြိုးတိုးတက်မှုကဏ္ဍ (Urban Development)
(၁၀) အခြားကဏ္ဍပေါင်းစုံနှင့် နယ်စပ်ဖြတ်ကျော် စီးပွားရေးဇုန်များ ( Other Multisector)

စတဲ့ ကဏ္ဍအသွယ်သွယ်ရဲ့ လုပ်ငန်းတွေကို အောင်မြင်အောင် ပူးပေါင်းဆောင်ရွက်ကြဖို့ မဟာဗျူဟာဦးတည်ချက်တွေ ချမှတ်ထားတာကို လေ့လာတွေ့ရှိရတယ်။

## မဟာမဲခေါင်ဒေသခွဲ(GMS) ၏ ဖွဲ့စည်းဆောင်ရွက်မှုများ

GMS ဒေသတွင်းနိုင်ငံတွေရဲ့ ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းတွေရဲ့ တိုးတက်မှုအခြေအနေ အရပ်ရပ်ကိုတော့ GMS ထိပ်သီးအစည်းအဝေး၊ GMS စီးပွားရေးစင်္ကြံများဖိုရမ်၊ GMS ဝန်ကြီးအဆင့် အစည်းအဝေး၊ GMS အဆင့်မြင့်အရာရှိများ အစည်းအဝေးနဲ့ ကဏ္ဍအလိုက်လုပ်ငန်းအဖွဲ့တွေဆောင်ရွက်ပြီး ဆောင်ရွက်တာကိုတွေ့ရတယ်။ GMS ရဲ့ (၈) ကြိမ်မြောက်ထိပ်သီးအစည်းအဝေးကိုတော့ ၂၀၂၄ ခုနှစ် နိုဝင်ဘာလမှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့မှာ ကျင်းပသွားမှာလည်းဖြစ်ပါတယ်။ မဟာမဲခေါင်ဒေသခွဲရဲ့ ကဏ္ဍအလိုက် လုပ်ငန်း(၇)ရပ် လွယ်ကူစွာဆောင်ရွက်နိုင်ဖို့ လုပ်ငန်းအဖွဲ့တွေ၊ ကော်မတီတွေနဲ့ ဖိုရမ်တွေကို ဖွဲ့စည်းပြီး ဆွေးနွေးညှိနှိုင်းမှုတွေ ဆောင်ရွက်နေတာကို တွေ့ရတယ်။ ဒီကဏ္ဍတွေကတော့ –

(၁) စိုက်ပျိုးရေးလုပ်ငန်းအဖွဲ့
(၂) ဒေသတွင်း စွမ်းအင်ကုန်သွယ်မှု ညှိနှိုင်းရေးကော်မတီ
(၃) ဒေသခွဲပို့ဆောင်ရေးဖိုရမ်
(၄) ခရီးသွားလုပ်ငန်းအဖွဲ့
(၅) မြို့ပြဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းအဖွဲ့
(၆) ကျန်းမာရေးပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းအဖွဲ့
(၇) ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းအဖွဲ့

စတဲ့ကဏ္ဍတွေအလိုက် လုပ်ငန်းအဖွဲ့အလိုက်၊ ကော်မတီအလိုက် ဆွေးနွေးညှိနှိုင်းကြတာပဲဖြစ်တယ်။ ဒီနေရာမှာ မြန်မာနိုင်ငံရဲ့ GMS ဝန်ကြီးအဖြစ် မည်သူကတာဝန်ယူပြီး နိုင်ငံအနေနဲ့ မည်သည့်လုပ်ငန်းတွေမှာ ပါဝင်နေကြတာလဲ၊ ကိုယ့်နိုင်ငံရဲ့ ပထဝီမြေအနေအထားကရော မဟာမဲခေါင်ဒေသခွဲစီမံကိန်းမှာ ဘယ်လောက်အရေးပါလဲဆိုတဲ့ အချက်ဟာ ကျွဲကူးရေပါ အသိမျိုးမဟုတ်ဘဲ တိတိပပသိရမယ့်အချက် ဖြစ်လာတာကို တွေ့ရပြန်ပါတယ်။

## မဟာမဲခေါင်ဒေသခွဲ (GMS)တွင် မြန်မာနိုင်ငံမှ ဆောင်ရွက်မှုများ

မြန်မာနိုင်ငံရဲ့ GMS ဝန်ကြီးအဖြစ်တာဝန်ယူဆောင်ရွက်နေတာကတော့ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးပဲဖြစ်ပါတယ်။ ဒ့ါအပြင် မြန်မာနိုင်ငံရဲ့ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနဟာ နိုင်ငံညှိနှိုင်းရေးမှူးရုံး၊ နိုင်ငံဆိုင်ရာအတွင်းရေးမှူးရုံးတွေအဖြစ် တာဝန်ယူဆောင်ရွက်ပါတယ်။ ဒီနေရာမှာ GMS အစီအစဉ်ကဏ္ဍတွေရဲ့ သယ်ယူပို့ဆောင်ရေးကဏ္ဍမှာပါဝင်တဲ့ GMS စီးပွားရေးစင်္ကြံ လမ်းကြောင်းသုံးခုကို ကနဦးသိဖို့ လိုအပ်ပါတယ်။ ဒီစင်္ကြံသုံးခုကိုကတော့ မြန်မာနိုင်ငံနဲ့ GMS အဖွဲ့ဝင်နိုင်ငံများကြား တောင်–မြောက်စီးပွားရေးစင်္ကြံမှာ ရန်ကုန် – ကူမင်း၊ အရှေ့–အနောက် စီးပွားရေးစင်္ကြံမှာ (ဒါနန်း (ဗီယက်နမ်)–မော်လမြိုင်(မြန်မာ)–သီလဝါ (တိုးချဲ့))နဲ့ တောင်ပိုင်းစီးပွားရေးစင်္ကြံမှာ (ဘန်ကောက်–ကန်ချနာဘူရီ–ထားဝယ် တိုးချဲ့)အပိုင်းဆိုတဲ့ စင်္ကြံ သုံးခုနဲ့ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဒေသတစ်လျှောက်ရဲ့ စာဖတ်သူတွေအနေနဲ့ မိမိဒေသများရဲ့ နိုင်ငံအတွက်အရေးပါမှုနဲ့ ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ လူမှုစီးပွားဘဝစတဲ့ အနာဂတ်ပုံရိပ်တွေကို လှမ်းမျှော်ရှုမြင်နိုင်မှာပဲ ဖြစ်ပါတယ်။

GMS အဖွဲ့ဝင် မြန်မာနိုင်ငံအနေနဲ့ တိုးတက်ပြောင်းလဲလာမယ့် လူဦးရေ၊ လူမှုစီးပွား၊ ပတ်ဝန်းကျင်အခြေအနေဆိုင်ရာ အချက်အလက်တွေကို ကြိုတင်တွက်ဆထားပြီးဖြစ်တယ်။ တွက်ဆထားချက်တွေအရ နိုင်ငံရဲ့ကျန်းမာရေးစောင့်ရှောက်မှုစနစ်ကို အရည်အသွေးပြည့်ဝစေဖို့ GMS ရဲ့ ကျန်းမာရေး မဟာဗျူဟာနဲ့ချိတ်ဆက်ပြီး ဒေသန္တရအစိုးရတွေနဲ့ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားမှုတွေရှိနေကြောင်း လေ့လာတွေ့ရှိရတယ်။ နိုင်ငံတော်ရဲ့စီးပွားရေးရည်မှန်းချက်ဖြစ်တဲ့ စားနပ်ရိက္ခာဖူလုံရေးအတွက် စိုက်ပျိုးရေးနဲ့ မွေးမြူရေးထုတ်ကုန်တွေကို ခေတ်မီနည်းစနစ်တွေသုံးပြီး အလေးထားဆောင်ရွက်လျက်ရှိတယ်။ ပြည်တွင်းပို့ကုန်မှသည် ပြည်ပပို့ကုန်အထိ တိုးမြှင့်နိုင်ဖို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအနေနဲ့ ဦးတည်ချက်ချမှတ်ဆောင်ရွက်နေတာကို စာဖတ်သူတို့ သိမြင်ပြီးသားပဲဖြစ်ပါတယ်။ GMS အဖွဲ့ဝင်နိုင်ငံတွေနဲ့ ညှိနှိုင်းဆောင်ရွက်မှုတွေအပြင် အဖွဲ့ဝင်နိုင်ငံတွေနဲ့ ချုပ်ဆိုခဲ့တဲ့ ဘက်စုံပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်တွေအပါအဝင် အခြားသောနိုင်ငံတကာ ကတိကဝတ်တွေကိုလည်း တက်ညီလက်ညီ အကောင်အထည်ဖော်ဆောင်ရွက်သွားမှာလည်း ဖြစ်ပါတယ်။

## မြန်မာနိုင်ငံ၏ စီးပွားရေးကဏ္ဍဦးတည်ချက်

စီးပွားရေးကဏ္ဍတိုးတက်မှုတွေကို နိုင်ငံတွေမှာ လယ်ယာကဏ္ဍ၊ စက်မှုကဏ္ဍနဲ့ ဝန်ဆောင်မှုကဏ္ဍစတဲ့ ကဏ္ဍတစ်ခုခုနဲ့ အကောင်အထည်ဖော်ဆောင်ရွက်မှုကိုကြည့်ပြီး နိုင်ငံတော်၏ GDP ကို တွက်ချက်ကြပါတယ်။ ဒ့ါကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ချမှတ်ထားတဲ့ စီးပွားရေးဦးတည်ချက်များတွင် စိုက်ပျိုးမွေးမြူရေးကဏ္ဍကို အဓိကအခြေခံထားတာကိုလည်း တွေ့ရမှာပဲဖြစ်ပါတယ်။ ဒီလို အခြေခံထားရခြင်းအကြောင်းကလည်း မိမိနိုင်ငံရဲ့ ပထဝီပိုင်ဆိုင်မှုကိုက စိုက်ပျိုးမွေးမြူရေးကို အခြေခံစေတဲ့ သမိုင်းမြေခံဖြစ်နေလို့ပဲဆိုတာကို အားလုံးသိမြင် နားလည်ကြရပါမယ်။ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းတွေကရရှိလာတဲ့ ထွက်ကုန်တွေကို ကုန်ထုတ်စွမ်းအားစုတွေအဖြစ် ပြောင်းလဲပြီး ပြည်တွင်းဖူလုံမှုမှသည် ပြည်ပပို့ကုန်မြှင့်တင်ရေးအထိ တိုးချဲ့မျှော်မှန်း ဆောင်ရွက်ကြရပါမယ်။ မိမိနိုင်ငံရဲ့ ပြည်တွင်းထုတ်လုပ်မှုအတွက် အသေချာဆုံးလုပ်ငန်းဟာ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းတွေမှ ကုန်ထုတ်လုပ်ခြင်းပဲဖြစ်ပါတယ်။

ဒါကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အနေနဲ့ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကနေ ကုန်ထုတ်လုပ်ခြင်းကို တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် မဖြစ်မနေ တိုးမြှင့်ဆောင်ရွက်သွားဖို့ တိုက်တွန်းပြောကြားနေခြင်းပဲ ဖြစ်ပါတယ်။ နိုင်ငံတိုင်းမှာ သူ့လူ့စွမ်းအားအရင်းအမြစ်၊ သူ့ productများနဲ့သူ နိုင်ငံ့စီးပွားရေးကို ခိုင်မာအောင်တည်ဆောက်နေကြပါတယ်။ ကိုယ့်နိုင်ငံအနေနဲ့လည်း ကိုယ့်လူ့စွမ်းအား အရင်းအမြစ်၊ ကိုယ့် product ကို ကိုယ်တိုင်တည်ဆောက်ပြီး ကမ္ဘာကိုပြသနိုင်ရပါမယ်။ ကိုယ့်နိုင်ငံ့ စီးပွားရေးကို အရှိန်အဟုန်မြင့် တိုးတက်ပြီး ပုံမှန်လည်ပတ်နိုင်အောင် ကြိုးစားကြရပါမယ်။ ဟုတ်ပါပြီ ၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းရဲ့ ရှုထောင့်ကနေကြည့်ရင်လည်း ကိုယ့်နိုင်ငံရဲ့ ပိုင်ဆိုင်ထားတဲ့ ရေခံမြေခံကောင်းဟာ မဟာမဲခေါင်ဒေသခွဲ (GMS)ရဲ့ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမှာ မည်ရွေ့မည်မျှ အရေးပါနေတာကို တွေ့မြင်ရမှာဖြစ်ပါတယ်။

နောက်တစ်ခုစာရေးသူစိတ်ဝင်စားတာကတော့ သယ်ယူပို့ဆောင်ရေးကဏ္ဍနဲ့ ကုန်သွယ်ရေးနဲ့ သယ်ယူပို့ဆောင်မှု လွယ်ကူချောမွေ့စေရေးကဏ္ဍပါပဲ။ အဲဒါနဲ့ ဆက်စပ်တဲ့ မဟာဗျူဟာကတော့ စင်္ကြံ သုံးခုပါပဲ။ ဒီအပိုင်းမှာလည်း ကိုယ့်နိုင်ငံရဲ့ ပြည်ထောင်စုလမ်းမကြီးတွေရဲ့ အရေးပါနေပုံကို လယ်ပြင်မှာ ဆင်သွားသလို အထင်းသားမြင်နေရပြန်ပါတယ်။ ဒ့ါအပြင် ပြည်တွင်းရေလမ်း သယ်ယူပို့ဆောင်ရေးလမ်းကြောင်းတွေကလည်း တွဲဖက်အရေးပါလာတာကို တွေ့မြင်ရမှာဖြစ်ပါတယ်။ ကိုယ်ပိုင်ဆိုင်တဲ့ သယ်ယူပို့ဆောင်ရေးလမ်းမကြီးတွေဟာ အမိမြန်မာနိုင်ငံမှသည် မဟာမဲခေါင်ဒေသခွဲအထိဆိုတဲ့ ခရီးပန်းတိုင်တစ်ခုအထိ ဦးတည်နေတယ်ဆိုတာကို အမိမြေရဲ့ သမိုင်းရေခံမြေခံတွေက သက်သေညွှန်းဆိုနေပါတယ်။ ဒီလမ်းကြောင်းတွေကတစ်ဆင့်မြင်လာရမယ့် အခြားသောဖွံ့ဖြိုးတိုးတက်မှု ပုံရိပ်တွေဟာ ကန့်လန့်ကာ နောက်ကွယ်က ပြကွက်ပြရုပ်များပမာ စိတ်ဝင်စားစရာကောင်းလွန်းပါတယ်။

အဓိကသယ်ယူပို့ဆောင်ရေးလမ်းတွေဆီက နယ်စပ်ကုန်သွယ်ရေးဇုန်တွေရဲ့ အရေးပါမှုကိုလည်း အထင်းသားမြင်ရပြန်ပါတယ်။ ဒီလမ်းမကြီးတွေမှာ မည်သို့သော အခက်အခဲအတားအဆီးတွေရှိနေစေကာမူ GMS အဖွဲ့ဝင်နိုင်ငံတစ်ခု၊ အဖွဲ့ဝင်နိုင်ငံတွေရဲ့ အသိုင်းအဝိုင်းနဲ့ဆိုရင် တစ်စတစ်စပျောက်ကွယ်သွားမယ့် ဒီအခက်အခဲ အတားအဆီးတွေရဲ့ အနာဂတ်မှေးမှိန်သွားနိုင်မှုကိုလည်း မှန်းဆမြင်တွေ့နိုင်မှာပဲ ဖြစ်တယ်။ ဒါဆိုရင် အစိုးရတစ်ရပ်ခိုင်မာစေရေးဟာ အဓိကအရေးပါနေပြီး ခိုင်မာတဲ့အစိုးရတစ်ရပ် ပိုင်ဆိုင်နိုင်ရေးဟာ တိုင်းရင်းသားပြည်သူတွေရဲ့ မှန်ကန်တဲ့အတွေးအခေါ် အယူအဆ ရွေးချယ်မှုတွေဟာ အဓိကကျကြောင်း ညွှန်းဆိုနေပြန်ပါတယ်။ နိုင်ငံတော်ရဲ့တာဝန်ကိုထမ်းဆောင်တဲ့ ဘယ်အစိုးရမဆို နိုင်ငံကောင်းအောင် ဆောင်ရွက်ဖို့တာဝန်ရှိပါတယ်။ နိုင်ငံတော်အစိုးရတစ်ရပ်ဟာ အမျိုးသားအကျိုးစီးပွားအတွက် မဆုတ်မနစ်သောဇွဲနဲ့ ကြိုးပမ်းဆောင်ရွက်နေချိန်မှာ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးဟာ မှန်ကန်တဲ့အမြင်နဲ့ ရှုမြင်တတ်ဖို့လိုပြီး ကျစ်လျစ်တဲ့စုပေါင်းအားနဲ့ ဝန်းရံထောက်ခံဖို့ အရေးကြီးပါတယ်။ ဒါဟာ ပြည်သူတစ်ရပ်လုံးအတွက် တာဝန်ထက်ပိုတဲ့ နိုင်ငံတော်အပေါ် သစ္စာစောင့်သိမှုတရားတစ်ခုသာဖြစ်ကြောင်း အသိပေးနှိုးဆော်လိုပါတယ်။

မဟာမဲခေါင်ဒေသခွဲ(GMS)ရဲ့ စီးပွားရေး ပူးပေါင်းဆောင်ရွက်ခြင်းအစီအစဉ်တွေမှာ မြန်မာနိုင်ငံအနေနဲ့ ပူးပေါင်းဆောင်ရွက်မှုတွေအားတက်သရော ကြိုးပမ်းဆောင်ရွက်နေတာကို တွေ့မြင်ရမှာပဲဖြစ်ပါတယ်။ သမိုင်းကပေးတဲ့ ပထဝီဆိုတဲ့ ရေ၊ မြေ အခြေခံကောင်းတွေကြောင့် အမိမြန်မာနိုင်ငံဟာ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတစ်ခုဆီဆိုတဲ့ ရည်မှန်းချက်ကို မဆုတ်မနစ် လျှောက်လှမ်းခွင့်ရခဲ့တာပဲဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်မှု၊ မြန်မာ့လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေမှုစတဲ့ တိုးတက်မှုအခြေခံကောင်းတွေကို မြင်တွေ့နိုင်စေဖို့ မဟာမဲခေါင်ဒေသခွဲ ဗျူဟာများနှင့် အမိမြန်မာနိုင်ငံ ဟူသော ဆောင်းပါးလေးဖြင့် စာလွှာပါးလိုက်ရပါတော့တယ်။ ။

**မြန်မာ့ပင်လယ်ပြင် အခြေအနေ**

နေပြည်တော် နိုဝင်ဘာ ၄

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။

မိုး/၉လ





ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲအခမ်းအနားတွင် ကွင်းအတွင်း ဆင်းသက်မည့်အစီအစဉ်အတွက် အလွတ်ခုန်လေထီးစစ်သည်များ ကြိုတင်လေ့ကျင့်စဉ်။

# ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်ကြီးမှာ လေထီးစစ်သည်တွေရဲ့ စွမ်းရည်တွေကိုလည်း ပြည်သူတွေအားလုံး ကြည့်ရှုအားပေးကြပါလို့ ပြောချင်ပါတယ်

**ဒုတပ်ကြပ် အာကာဇော်**

**ဝဏ္ဏသိဒ္ဓိဘောလုံးအားကစားကွင်း၌ ကျင်းပမည့် ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲအခမ်းအနားတွင် အလွတ်ခုန်လေထီးစစ်သည်များက တိုင်းဒေသကြီး၊ ပြည်နယ်အလံများနှင့် အမျိုးသားအားကစားပွဲတော် အလံသယ်ဆောင်၍ ကွင်းအတွင်းဆင်းသက်မည့်အစီအစဉ်အတွက် ကြိုတင်လေ့ကျင့်လျက်ရှိရာ လေထီးသူရဲကောင်းများ၏ စကားသံများကို ဖော်ပြလိုက်ရပါသည်။**

**ဒုတိယဗိုလ်မှူးကြီး ဥက္ကာဆန်း**
**ကျောင်းအုပ်ကြီး၊**
**ပူးပေါင်းစစ်ဆင်ရေးနှင့်**
**လေထီးသင်တန်းကျောင်း**

ကျွန်တော်တို့ လေထီးစစ်သည်တွေ အားလုံး အထက်ကပေးအပ်လိုက်တဲ့ တာဝန်ကို အောင်အောင်မြင်မြင်ဖြစ်ဖို့ အတွက် အလုံးစုံတာဝန်ယူထားပါတယ်။ လေ့ကျင့်မှုအနေနဲ့က နေပြည်တော်ကို မရောက်ခင် မှော်ဘီမှာ (၄၅)ကြိမ် Y-12 လေယာဉ်နဲ့ လေ့ကျင့်ပြီး အခု ကျွန်တော်တို့ နေပြည်တော်မှာ လေ့ကျင့်တာ (၃၁) ကြိမ်ရှိပါပြီ။ အခုလို ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်ကြီးမှာ တပ်မတော်ရဲ့ စွမ်းရည်ကို ပြသရတဲ့အတွက် အလွန်ဂုဏ်ယူမိပါတယ်။

**ဗိုလ်မှူး အောင်ထွန်းမင်း**
**ပူးပေါင်းစစ်ဆင်ရေးနှင့်**
**လေထီးသင်တန်းကျောင်း**
**ဒုတိယကျောင်းအုပ်ကြီး**

ကျွန်တော်ကတော့ ဇေယျာသီရိ အားကစားကွင်း ကွင်းသစ်ဖွင့်ပွဲ၊ အာဆီယံ တပ်မတော်များ သေနတ်ပစ်ပြိုင်ပွဲ၊ နိုင်ငံတကာတပ်မတော်များ အားကစားပြိုင်ပွဲ ၂၀၂၁ နဲ့ (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုအခမ်းအနားတွေမှာ အလွတ်ခုန်လေထီးဆင်းပြီး ပါဝင်သရုပ်ပြခဲ့ပါတယ်။ အခုကတော့ ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်မှာ ဝင်ရောက်ပြီးတော့ ပါဝင်ခွင့်ရတဲ့အတွက် ဝမ်းသာပီတိဖြစ်မိပါတယ်။ အောင်မြင်စွာ သရုပ်ပြဆင်းသက်နိုင်ဖို့အတွက် လေ့ကျင့်တဲ့အခါမှာ ရဟတ်ယာဉ်အဖွဲ့တွေ၊ မြေပြင်က ကွင်းတာဝန်ခံအဖွဲ့တွေ၊ လေထီးခုန်တဲ့ Jumper အဖွဲ့တွေ၊ လေထီး ထုပ်ပိုးတဲ့အဖွဲ့တွေ အများကြီး ပူးပေါင်းပြီးတော့၊ အကုန်လုံး စုစည်းပြီးတော့ ကိုယ့်အပိုင်းလိုက် အောင်မြင်အောင် လုပ်ဆောင်လျက်ရှိပါတယ်။

**ဗိုလ်ကြီး အောင်ကျော်ဟန်**
**(သက်စောင့်ဌာနမှူး)**

ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်မှာ ဝင်ရောက်ပြီးတော့ လေထီးခုန်ခွင့်ရရှိခဲ့ပါတယ်။ အခုလို လုပ်နိုင်တဲ့အရွယ်မှာ ပါဝင်ခွင့်ရတဲ့အတွက် ဂုဏ်ယူဝမ်းမြောက်မိပါတယ်။ ရဟတ်ယာဉ်နှစ်စင်းနဲ့ အမြင့်ပေ ၆၀၀၀ ကနေ ရှစ်ယောက်တွဲခုန်မှာ ဖြစ်ပါတယ်။ အမြင့်ပေ ၆၀၀၀ ကနေ လေထီးအလွတ်ခုန်မယ်၊ သတ်မှတ်အမြင့်ပေ ၄၅၀၀ မှာ လေထီးဖွင့်ပြီးတော့ အပေါ်မှာ အနိမ့်အမြင့်စီပြီး ဆင်းသက်မှာ ဖြစ်ပါတယ်။ ဆင်းသက်တဲ့အခါမှာ ပွဲတော်အလံနဲ့၊ တိုင်းဒေသကြီးနဲ့ပြည်နယ်အလံကို သယ်ဆောင်ပြီးတော့ သရုပ်ပြဆင်းသက်သွားမှာဖြစ်ပါတယ်။



ဒုတိယဗိုလ်မှူးကြီး ဥက္ကာဆန်း



ဗိုလ်မှူး အောင်ထွန်းမင်း



ဗိုလ်ကြီး အောင်ကျော်ဟန်

**ဒုတပ်ကြပ် အာကာဇော်**

ကျွန်တော်လေထီးခုန်တာ (၃၇၁) ကြိမ်ရှိပြီ။ အခြားသူတွေ အခုလိုပွဲတော်တွေမှာ ခုန်နေတာကို အားကျခဲ့ရပါတယ်။ အခုလက်ရှိ ကိုယ်ကိုယ်တိုင်ခုန်ရတော့ ဝမ်းသာပီတိဖြစ်ရပါတယ်။ (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အခမ်းအနားမှာ လေထီးခုန်အဖွဲ့မှာလည်း ပါဝင်ခဲ့ပါတယ်။ အခုပဉ္စမအကြိမ်မြောက် အမျိုးသား အားကစားပွဲတော်ကြီးမှာ လေထီးစစ်သည်တွေရဲ့ စွမ်းရည်တွေကိုလည်း ပြည်သူတွေအားလုံး ကြည့်ရှုအားပေးကြပါလို့ ပြောချင်ပါတယ်။

**တပ်ကြပ် ကျော်မျိုးဝေ**

ကျွန်တော်က ၂၀၁၃ ခုနှစ် ဇေယျာသီရိ အားကစားကွင်းသစ်ဖွင့်ပွဲ၊ ၂၀၁၅ အာဆီယံ သေနတ်ပစ်ပြိုင်ပွဲနဲ့ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုအခမ်းအနားမှာ အလွတ်ခုန်လေထီးအဖွဲ့မှာ ပါဝင်သရုပ်ပြခဲ့ပါတယ်။ အခုလို ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်မှာလည်း ပါဝင်ခွင့်ရတဲ့အတွက် ဂုဏ်ယူမိပါတယ်။ လေထီးသင်တန်းကျောင်းမှာ သင်တန်းနည်းပြတွေနဲ့ အဆင့်ဆင့် လေ့ကျင့်ပြီး အခုကတော့ နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းမှာ လာရောက်လေ့ကျင့်နေတာ ဖြစ်ပါတယ်။



ဒုတပ်ကြပ် အာကာဇော်



တပ်ကြပ် ကျော်မျိုးဝေ

**တွေ့ဆုံမေးမြန်း - အောင်ဂျိုင်း၊**
**ဓာတ်ပုံ-ကေအေတီ**

## ပညာရေးဝန်ကြီးဌာနကိုယ်စားပြု ပိုက်ကျော်ခြင်းအသင်း ခြေစမ်းပွဲကစား



**ရန်ကုန် နိုဝင်ဘာ ၄**

ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော် ဝန်ကြီးဌာနပေါင်းစုံ အလွတ်တန်း ပိုက်ကျော်ခြင်း (အမျိုးသား) သို့ ဝင်ရောက်ယှဉ်ပြိုင်မည့် ပညာရေးဝန်ကြီးဌာန ကိုယ်စားပြုအသင်းသည် ရန်ကုန်မြို့ သုဝဏ္ဏအားကစားရုံတွင် အောက်တိုဘာ ၃ ရက်မှစ၍ စခန်းသွင်းလေ့ကျင့်လျက်ရှိသည်။

အဆိုပါအသင်းသည် ယမန်နေ့က ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် နှစ်ယောက်တွဲ၊ သုံးယောက်တွဲ၊ လေးယောက်တွင် ခြေစမ်းပွဲများ ကစားခဲ့ကြောင်း အားကစားတာဝန်ခံထံမှ သိရသည်။ **စန်းကြည်အောင်**

## မြန်မာအမျိုးသမီးလိဂ် ရာသီပိတ်နောက်ဆုံးပွဲတွင် ရှမ်းယူနိုက်တက်နှင့် မြဝတီအသင်း အနိုင်ရ

**ရန်ကုန် နိုဝင်ဘာ ၄**

၂၀၂၄ ရာသီ မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ နောက်ဆုံးရက်သတ္တပတ်ဖြစ်သည့် ပွဲစဉ် (၂၁) ပထမနေ့ကို နိုဝင်ဘာ ၄ ရက်က ကျင်းပရာ ရှမ်းယူနိုက်တက်နှင့် မြဝတီအသင်း အနိုင်ရခဲ့သည်။ စလင်းကွင်း၌ ကျင်းပသည့်ပွဲတွင် ရှမ်းယူနိုက်တက်အသင်းက YREO အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရပြီး အမှတ်ပေးဇယား အဆင့် ၆ နေရာတွင် ရပ်တည်နိုင်ခဲ့သည်။ ပဒုမ္မာကွင်း၌ ကျင်းပသည့်ပွဲတွင် မြဝတီအသင်းက သစ္စာအားမာန်အသင်းကို သုံးဂိုးပြတ် အနိုင်ရခဲ့သည်။ မြဝတီအသင်းသည် ယခုပွဲအနိုင်ရသဖြင့် ရာသီကုန်တွင် အဆင့် ၄ နေရာ ရပ်တည်နိုင်ခဲ့သည်။ **ရဲရင့်လွင်**

# ယူရီးယားမြေသြဇာ ဝယ်ယူဖြန့်ဖြူးရောင်းချရေး ဦးဆောင်ကော်မတီ အစည်းအဝေးကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၄**

ယူရီးယားမြေသြဇာ ဝယ်ယူဖြန့်ဖြူးရောင်းချရေး ဦးဆောင်ကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ဦးဆောင်ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ ကော်မတီဝင်ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံမြေသြဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များအသင်းနှင့် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ ကိုယ်စားလှယ်များ၊ ဦးဆောင်ကော်မတီ အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်သည်။



ဦးစွာ ဦးဆောင်ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက ကုမ္ပဏီများ၏ တင်ပြချက်အရ ဓာတ်မြေသြဇာအတွက် လိုင်စင်ရရှိပြီး တန်ချိန် ၈၁၀၅၀၁ ဒသမ ၂၄ တန်ရှိပြီး မတ်လလက်ကျန်နှင့် ဧပြီလမှစ၍ တင်သွင်းပြီး တန်ချိန် စုစုပေါင်း ၇၂၅၃၁ ဒသမ ၄ တန် ရှိပါကြောင်း၊ ဖြန့်ဖြူးရောင်းချပြီးမှုအနေဖြင့် တန်ချိန် ၅၁၂၉၈၃ ဒသမ ၈၄ တန်ရှိပြီး ဂိုဒေါင်လက်ကျန်အနေဖြင့် တန်ချိန် ၂၀၈၅၄၈ ဒသမ ၀၉ တန်ရှိကြောင်း၊ ပိုးသတ်ဆေးအတွက် လိုင်စင်ရပြီး တန်ချိန် ၁၂၇၇၂ ဒသမ ၃၇ တန်ရှိကာ မတ်လလက်ကျန်နှင့် ဧပြီလမှစ၍ တင်သွင်းပြီးတန်ချိန် စုစုပေါင်း ၁၉၃၀၈ ဒသမ ၇၆ တန် ရှိပါကြောင်း၊ ဖြန့်ဖြူးရောင်းချပြီးမှုအနေဖြင့် တန်ချိန် ၁၅၉၇၈ ဒသမ ၁၈ တန်ရှိပြီး ဂိုဒေါင်လက်ကျန်အနေဖြင့်တန်ချိန် ၃၃၃၀ ဒသမ ၅၈ တန်ရှိပါကြောင်း။

ထုတ်ပြန်ထားသော ရည်ညွှန်းဈေးနှုန်းများမှာ အောက်တိုဘာ ၃၁ ရက်တွင် သတ်မှတ်ကာလပြည့်ပြီဖြစ်သည့်အတွက် ဈေးနှုန်းထပ်မံသတ်မှတ်ရမည်ဖြစ်ပြီး ယှဉ်ပြိုင်ဈေးနှုန်းစနစ်ဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဦးဆောင်ကော်မတီအနေဖြင့် ရည်ညွှန်းဈေးနှုန်းများ ထုတ်ပြန်ရာတွင် သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်များရှိ အရောင်းဆိုင်များအား ရန်ကုန်အထိုင် ရည်ညွှန်းဈေးနှုန်းကို အခြေခံပြီး ဒေသအလိုက် သယ်ယူပို့ဆောင်စရိတ်နှင့် အရောင်းဆိုင်အမြတ်တို့အပေါ် ပိုမိုရောင်းချနေမှုရှိပါက စိစစ်ကြီးကြပ်ဆောင်ရွက်ပေးရန်၊ သတ်မှတ်ရောင်းဈေးနှုန်းများ မှန်/ မမှန်၊ သွင်းအားစုများ သိုလှောင်ပြီး ဈေးကစားခြင်းများ ရှိ/မရှိတို့ကို ကြီးကြပ်ဆောင်ရွက်ပေးရန် သက်ဆိုင်ရာအစိုးရအဖွဲ့များထံ ထည့်သွင်းညှိနှိုင်းပေးလျက်ရှိပါကြောင်း၊ သွင်းအားစုများ အချိန်မီရရှိရေး၊ အရည်အသွေးပြည့်မီရေးနှင့် ဈေးနှုန်းသက်သာစေရေးတို့အတွက် သက်ဆိုင်ရာအဖွဲ့ဝင်ဌာနများက ပူးပေါင်းကြီးကြပ်ဆောင်ရွက်ပေးကြရန် တိုက်တွန်းမှာကြားသည်။**(အပေါ်ပုံ)**

ယင်းနောက် ဦးဆောင်ကော်မတီအတွင်းရေးမှူး အမြဲတမ်းအတွင်းဝန် ဦးခန့်ဇော်က ယခင်အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ထားရှိမှု၊ အောက်တိုဘာ၊ နိုဝင်ဘာ၊ ဒီဇင်ဘာ သုံးလအတွက် ကုမ္ပဏီအလိုက်တင်သွင်းမည့် မြေသြဇာနှင့် ပိုးသတ်ဆေးတန်ချိန်များ အတည်ပြုမှတ်တမ်းတင်ပေးရန်နှင့် နိုင်ငံတကာဈေးနှုန်း အခြေအနေများကိုလည်းကောင်း၊ မြန်မာနိုင်ငံ မြေသြဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များအသင်းမှ ကိုယ်စားလှယ်က မြေသြဇာဈေးနှုန်းများနှင့် ဝယ်ယူဖြန့်ဖြူးရောင်းချ အသုံးပြုမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဦးဆောင်ကော်မတီအဖွဲ့ဝင် ဒုတိယဝန်ကြီးများက လိုအပ်သည်များ ဖြည့်စွက်ရှင်းလင်းဆွေးနွေးကြပြီး ကော်မတီအဖွဲ့ဝင်ဦးစီးဌာနများမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ကိုယ်စားလှယ်နှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ ကိုယ်စားလှယ်တို့က ဝိုင်းဝန်းဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ယင်းနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် အဆိုပါရုံး စုပေါင်းအစည်းအဝေးခန်းမ၌ နယ်စပ်ရေးရာဝန်ကြီးဌာနအောက် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်နှင့်စစ်ကိုင်း)သို့ တက်ရောက်အောင်မြင်ပြီး သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၌ အကြီးတန်းစာရေးရာထူးအဆင့်ဖြင့် လာရောက်တာဝန်ထမ်းဆောင်ကြမည့် ကျောင်းဆင်းကျောင်းသား ၄၆ ဦး၊ ကျောင်းသူ ၂၃ ဦး စုစုပေါင်း ၆၉ ဦးနှင့် တွေ့ဆုံခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အမြဲတမ်းအတွင်းဝန် ဦးခန့်ဇော်နှင့် ကိုယ်စားလှယ်အဖွဲ့ 2024 Global Rural Development Forum တက်ရောက်ဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၄**

2024 Global Rural Development Forum ကို ၂၀၂၄ ခုနှစ် အောက်တိုဘာ ၂၉ ရက်မှ နိုဝင်ဘာ ၁ ရက်အထိ Ministry of Agriculture and Rural Affairs မှ ကြီးမှူး၍ International Poverty Reduction Center (IPRCC) မှ ဦးဆောင်ကာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ ကျင်းပရာ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် ဦးခန့်ဇော် ဦးဆောင်သည့် ကိုယ်စားလှယ်နှစ်ဦး တက်ရောက်ခဲ့သည်။

အဆိုပါ အစည်းအဝေးသို့ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ Ministry of Agriculture and Rural Affairs မှ ဒုတိယဝန်ကြီး H.E ZHANG Zhili၊ ဘရာဇီးနိုင်ငံ၊ ဥဇဘက်ကစ္စတန်နိုင်ငံ၊ အာဖဂန်နစ္စတန်နိုင်ငံ၊ ဂရီနာဒါနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ လာအိုနိုင်ငံ၊ မလေးရှားနိုင်ငံတို့ အပါအဝင် ကမ္ဘာ့နိုင်ငံပေါင်း ၂၁ နိုင်ငံမှ ဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊ အတွင်းဝန်များနှင့် သံရုံးမှ ဖိတ်ကြားထားသော ကိုယ်စားလှယ်များ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အပြည်ပြည်ဆိုင်ရာ ဆင်းရဲမှုလျှော့ချရေး ဗဟိုဌာန (IPRCC) မှ ကိုယ်စားလှယ်များ၊ UN အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ Liaoning တက္ကသိုလ်နှင့် Oxford တက္ကသိုလ်တို့မှ ပါမောက္ခများ တက်ရောက်ခဲ့ကြသည်။




အစည်းအဝေး တက်ရောက်လာကြသည့် ကိုယ်စားလှယ်များသည် အောက်တိုဘာ ၃၀ ရက်တွင် ပေကျင်းမြို့၌ရှိသည့် Siji Yangkun Agricultural Technology Development Co.,Ltd. သို့ သွားရောက်ကာ အဆိုပါကုမ္ပဏီ၏ စက်မှုအခြေပြု ဖွံ့ဖြိုးတိုးတက်ရေးကနဦး ဆောင်ရွက်မှုများမှတစ်ဆင့် လယ်သမားများ ဝင်ငွေတိုးပွားစေရန် ရည်ရွယ်ချက်ဖြင့် e-commerce စနစ်ဖြင့် ရောင်းချမှုများ၊ Daxing ခရိုင်၌ မူလတန်းနှင့် အထက်တန်းကျောင်းများနှင့် ပူးပေါင်းပြီး လက်တွေ့အခြေစိုက် စခန်းတစ်ခုကို လာရောက် လည်ပတ်နိုင်ရန် အတွက် ဖွင့်လှစ်ထားမှု၊ ဖရဲသီးများအား ခေတ်မီနည်းပညာများနှင့် ပေါင်းစပ်ကာ စိုက်ပျိုးကေ ၇၉ ကေပေါ်တွင် စိုက်ပျိုးနေမှုများကို ကွင်းဆင်းလေ့လာကြသည်။

ထိုမှတစ်ဆင့် Lixian မြို့နယ်ရှိ ခရီးသွားအချက်အချာကျသည့် နေရာတွင်တည်ရှိပြီး သဘာဝအရင်းအမြစ်များ၊ ရိုးရာယဉ်ကျေးမှုများဖြင့် ကျော်ကြားသော နေရာတစ်ခုဖြစ်သည့် Longtou ကျေးရွာနှင့် Lijiachang ကျေးရွာသို့ သွားရောက်ကာ "စိုက်ပျိုးထွက်ပစ္စည်းပြပွဲနှင့် အစားအသောက်လမ်း" စီမံကိန်းအဖြစ် စိုက်ပျိုးထွက်ပစ္စည်းများနှင့် ယဉ်ကျေးမှုများ ပေါင်းစည်းကာ စက်မှုဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်နေမှုများကို လေ့လာခဲ့ကြသည်။

အောက်တိုဘာ ၃၁ ရက်တွင် 2024 Global Rural Development Forum ကို Beijing International Convention Center ၌ ကျင်းပရာ တက်ရောက်လာကြသည့် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ကိုယ်စားလှယ်များက စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေးအတွက် ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်များ၊ ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များနှင့် စပ်လျဉ်းပြီး ဆွေးနွေးပြောကြားခဲ့ကြရာ အမြဲတမ်းအတွင်းဝန် ဦးခန့်ဇော်က ပါဝင်ဆွေးနွေးသည်။**(ဝဲပုံ)**

ဆက်လက်၍ တက်ရောက်လာသော နိုင်ငံအသီးသီးမှ ဝန်ကြီးများ၊ဒုတိယဝန်ကြီးများ၊ကုလသမဂ္ဂအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များက ဆင်းရဲမှုလျှော့ချရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းစဉ်များ၊ အတွေ့အကြုံများ၊ ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေး ပန်းတိုင်အားအောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ကြိုးပမ်းနေမှုများကို အုပ်စုခွဲ၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# သမဝါယမအသင်းသားတောင်သူများစိုက်ပျိုးထားသည့် ဝါသီးနှံများမှ ထွက်ရှိလာသော ဝါဂွမ်းများ ဈေးကောင်းပေးဝယ်ယူနိုင်ရေး တာဝန်ရှိသူများ ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၄**

ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ်ရှိ အလည်ကျွန်းကျေးရွာ မြောက်မြိုက် (အရှေ့/အနောက်)ကျေးရွာနှင့် အင်ပင်ကျေးရွာတို့တွင် သမဝါယမအသင်းသား တောင်သူများ စိုက်ပျိုးထားရှိသည့် ဝါသီးနှံများမှ ထွက်ရှိလာသော ဝါဂွမ်းများကို ဈေးကောင်းရရှိစေရေး၊ ဈေးကွက်အနိမ့်မခံစေရေးနှင့် တိုက်ရိုက်ဝယ်လိုသူများ လက်ဝယ်အထိ ရောင်းချနိုင်ရေး ချိတ်ဆက်ဆောင်ရွက်ပေးရန်အတွက် သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံးမှ ညွှန်ကြားရေးမှူး ဒေါ်သီသီမြတ်သည် နေပြည်တော်သမဝါယမဦးစီးဌာန၊ မြို့နယ်သမဝါယမဦးစီးဌာနနှင့် မြို့နယ်သမဝါယမအသင်းစုတို့မှ တာဝန်ရှိသူများ၊ သမဝါယမကဏ္ဍမှ ပါဝင်ကူညီဆောင်ရွက်ပေးမည့် "လှ"ချည်မျှင်ထုတ်လုပ်ရေး သမဝါယမအသင်း လီမိတက်မှ တာဝန်ရှိသူများနှင့်အတူ ဝါသီးနှံစိုက်ပျိုးထားသည့် ကျေးရွာများသို့ သွားရောက်၍ ကွင်းဆင်းဆောင်ရွက်သည်။

အဆိုပါ ကွင်းဆင်းဆောင်ရွက်ရာတွင် ညွှန်ကြားရေးမှူးနှင့်အဖွဲ့သည် ဝါသီးနှံစိုက်ပျိုးထားသည့် သမဝါယမအသင်းသား တောင်သူများနှင့် တွေ့ဆုံပြီး ထွက်ရှိလာသည့် ဝါဂွမ်းများကို ကုမ္ပဏီနှင့် တိုက်ရိုက်ချိတ်ဆက်ဆောင်ရွက်ပေးနိုင်ရန်၊ ဒေသပေါက်ဈေးပေါ်မူတည်ပြီး ဈေးနှုန်းပိုပေး၍ ဈေးကောင်းရရှိစေရန် ဝယ်ယူဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ သမဝါယမ အသင်းသားများမှ ယခုဆွတ်ခူးပြီးသည့် ဝါဂွမ်းများကို "လှ" ချည်မျှင်ထုတ်လုပ်ရေး သမဝါယမအသင်း လီမိတက်မှ ဝယ်ယူပေးသွားမည်ဖြစ်ကြောင်းနှင့် နေ့အလိုက် ဈေးနှုန်းပြောင်းလဲမှုအပေါ် မူတည်ပြီး ဈေးကောင်းရရှိစေရေး၊ ဈေးနှိမ်ခံရမှုမရှိစေရေးတို့အတွက် ဝါအဝယ်ဒိုင်များအား "လှ" ချည်မျှင် ထုတ်လုပ်ရေး သမဝါယမအသင်း လီမိတက်မှ တာဝန်ယူ၍ ကျေးရွာများတွင် ဖွင့်လှစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာသော အသင်းသား တောင်သူများက သိလိုသည်များ မေးမြန်းဆွေးနွေးချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး သမဝါယမ အသင်းသားများမှ စိုက်ပျိုးထားသည့် ဝါခင်းများသို့ ကွင်းဆင်းကြည့်ရှုကြောင်း သိရသည်။

**သတင်းစဉ်**

# (၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲမှ ပထမဆုရပြိုင်ပွဲဝင်များ၏ ယှဉ်ပြိုင်ခဲ့မှု မြင်ကွင်းပဒေသာ

၂၀၂၄ ခုနှစ် (၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို အောက်တိုဘာ ၁၄ ရက်မှ အောက်တိုဘာ ၂၃ ရက်အထိ နေပြည်တော်ရှိ သတ်မှတ်နေရာ အသီးသီး၌ကျင်းပခဲ့ရာ ပထမဆုရပြိုင်ပွဲဝင်များ၏ ယှဉ်ပြိုင်ခဲ့မှုမြင်ကွင်းပုံရိပ်များကို စုစည်းဖော်ပြလိုက်ပါသည်။




## ပတ္တလား (အတီး)

ပတ္တလားအတီးပြိုင်ပွဲ အခြေခံပညာ (အမျိုးသား အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) ၌ ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးမှ မောင်အံ့ထူးကိုကို "ကျွန်းကျွန်းပိုင်သ" (ကြိုး) သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်စဉ်။




## ဂီတာ (အတီး)

ဂီတာအတီးပြိုင်ပွဲ အခြေခံပညာ (အမျိုးသမီး အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) ၌ ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးမှ မနှင်းနှင်းအေး "ဝေဘာဂီရိ"(ကြိုး) သီချင်းဖြင့် တီးခတ် ယှဉ်ပြိုင်စဉ်။




## ဂီတာ (အတီး)

ဂီတာအတီးပြိုင်ပွဲ အခြေခံပညာ (အမျိုးသား အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) ၌ ပထမဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးမှ မောင်ကောင်းချစ်ပိုင်စိုး "စံရာတောင်ကျွန်း" (ကြိုး) သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်စဉ်။




## ပတ္တလား (အတီး)

ပတ္တလားအတီးပြိုင်ပွဲ အခြေခံပညာ (အမျိုးသမီး အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) ၌ ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးမှ မချစ်ပြည့်ခိုင် (ခ) ကောင်းကင်ဗိုလ် "မင်္ဂလာသီရိ" (ဘွဲ့) သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်စဉ်။




## ဒုံမင်း (အတီး)

ဒုံမင်းအတီးပြိုင်ပွဲ ဝါသနာရှင် ပထမတန်းအဆင့်(အမျိုးသမီး)၌ ပထမဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးမှ မခိုင်သန္တာစိုး "ဖန်ထွေလာ" (မွန်) သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်စဉ်။




## ဂီတာ (အတီး)

ဂီတာအတီးပြိုင်ပွဲ ဝါသနာရှင် အဆင့်မြင့်ပညာ (အမျိုးသမီး)၌ ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးမှ မအေးငြိမ်းဖော် "လာချေပြီ" (ကြိုး) သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်စဉ်။




## ဒုံမင်း (အတီး)

ဒုံမင်းအတီးပြိုင်ပွဲ အခြေခံပညာ (အမျိုးသား အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) ၌ ပထမဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးမှ မောင်ဟိန်းထက်ပိုင် "ရွှေမင်းဂံ" (ကာလပေါ်) သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်စဉ်။




## ပတ္တလား (အတီး)

ပတ္တလားအတီးပြိုင်ပွဲ ဝါသနာရှင် ဒုတိယတန်းအဆင့်(အမျိုးသား)၌ ပထမဆု ပူးတွဲရရှိသည့် ရန်ကုန်တိုင်းဒေသကြီးမှ ဦးအောင်မြင့်မြတ် “ရီရီဆိုင်းဆိုင်း” (ကြိုး) သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်စဉ်။




## ဂီတာ (အတီး)

ဂီတာအတီးပြိုင်ပွဲ အခြေခံပညာ (အမျိုးသား အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) ၌ ပထမဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးမှ မောင်နိုင်ဇော်လင်း “လူမနော” (ပတ်ပျိုး) သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်စဉ်။




## ဂီတာ (အတီး)

ဂီတာအတီးပြိုင်ပွဲ ဝါသနာရှင် အဆင့်မြင့်ပညာ (အမျိုးသား)၌ ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးမှ မောင်အောင်ဘိုဘို (၁) “မြမန်းဂီရိ” (ယိုးဒယား) သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်စဉ်။




## ဒုံမင်း (အတီး)

ဒုံမင်းအတီးပြိုင်ပွဲ ဝါသနာရှင် ပထမတန်းအဆင့်(အမျိုးသား)၌ ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးမှ ဦးဟန်ထူးအောင် (ခ) စိန်ပက်စီ “မန်းတောင်လက်ယာ” (ယိုးဒယား) သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်စဉ်။




## ဒုံမင်း (အတီး)

ဒုံမင်းအတီးပြိုင်ပွဲ ဝါသနာရှင် ဒုတိယတန်းအဆင့်(အမျိုးသမီး)၌ ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးမှ ဒေါ်အိအိမွန် “သည်ဆောင်းဟေမန်” (ဘွဲ့) သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်စဉ်။




## ဂီတာ (အတီး)

ဂီတာအတီးပြိုင်ပွဲ အခြေခံပညာ (အမျိုးသမီး အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) ၌ ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးမှ မသူသူဝင်း “စံရာတောင်ကျွန်း”(ကြိုး) သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်စဉ်။

# ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် ဌာနပိုင် ဇင်ယော်ရေယာဉ်များ ကြွခိုင်မှုနှင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်မှု လှည့်လည်ကြည့်ရှုစစ်ဆေး

**နေပြည်တော် နိုဝင်ဘာ ၄**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတား မြို့နယ် Yangon Innovation Centre (YIC) ရှေ့ရှိ ကျုန်းမာရေးဆိပ်ခံတံတား၌ ဆိုက်ကပ်ထားသော ရေကြောင်းဆိုင်ရာ လူဝင်မှုကြီးကြပ်ရေးလုပ်ငန်းများ ဆောင်ရွက်သည့် ဌာနပိုင် ဇင်ယော်(၁)၊ (၂)၊ (၃) ရေယာဉ် သုံးစင်းကို ရေယာဉ်တစ်စင်းချင်းအလိုက် ဝန်ထမ်းများတာဝန်ထမ်းဆောင်မှု၊ စက်ခန်းများနှင့် ရေယာဉ်တက်မခန်းများအခြေအနေ၊ ရေယာဉ်တစ်စင်းချင်းအလိုက် ဒေါက်တင်ပြင်ဆင်ဆောင်ရွက်ပြီးစီးမှုနှင့် စစ်ဆေးရေးလုပ်ငန်းတာဝန်များ ထမ်းဆောင်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။




ထို့မှတစ်ဆင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့သွားရောက်၍ လေဆိပ်ရှိ CIP Leunge အစည်းအဝေးခန်းမ၌ လေဆိပ်ရှိလူဝင်မှုကြီးကြပ်ရေးဆိုင်ရာ တာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းများကို တွေ့ဆုံ၍ လုပ်ငန်းများ ဆောင်ရွက်ရာတွင် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဖြစ်စေရေး၊ နိုင်ငံတကာအဆင့်မီ စိစစ်ဆောင်ရွက်နိုင်ရေးနှင့် နည်းပညာတတ်ကျွမ်းနားလည်စေရေး ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ ထို့ပြင် အမည်မည်းစာရင်းရေးသွင်းထားသူများ ပြည်ပသို့ ထွက်ခွာခွင့်မပြုမိစေရန် စနစ်တကျ စိစစ်တားဆီးနိုင်ရေးနှင့် အမည်မည်းစာရင်းမရှိသူများကို မှားယွင်းတားဆီးမှုမရှိစေရေး အလေးအနက်ထား ဂရုပြုဆောင်ရွက်ကြရန်လိုကြောင်း၊ ဝန်ထမ်းများအနေဖြင့် လုံခြုံရေးအသိ၊ လုံခြုံရေးသတိ အမြဲရှိစေရန် လိုအပ်ပြီး ဆက်စပ်ဌာနများနှင့်လည်း ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ကြရန် လိုကြောင်း ရှင်းလင်းမှာကြားကာ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် လေဆိပ်အတွင်းရှိ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ပြည်ပထွက်ခွာစစ်ဆေးရေးကောင်တာများ၌ ဝန်ထမ်းများ၏ လုပ်ငန်းဆောင်ရွက်မှုနှင့် လူဝင်မှုကြီးကြပ်ရေးမှတ်တမ်းများ ထိန်းသိမ်းထားရှိသည့် iBMC ဆာဗာခန်းအခြေအနေ၊ ရက်လွန်ဒဏ်ကြေးအခွေ ကောက်ခံဆောင်ရွက်သည့် ကောင်တာနှင့် အလုပ်သမားဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် ရွှေ့ပြောင်းအလုပ်သမားများ သတင်းပို့ကောင်တာ၊ ပြည်ပဆိုက်ရောက်ကောင်တာများ၌ ဝန်ထမ်းများ၏ လုပ်ငန်းဆောင်ရွက်မှုနှင့် ဆိုက်ရောက်ဗီဇာ (Visa on Arrival) ဖြင့် ရောက်ရှိလာသည့် ခရီးသည်များ စစ်ဆေးခွင့်ပြုဆောင်ရွက်သည့် ကောင်တာများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို လိုက်လံရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြားညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(ယာပုံ)**

**သတင်းစဉ်**

---

# ပဲခူးတိုင်းဒေသကြီးအတွင်း အသေးစား၊ အငယ်စားနှင့် အလတ်စား မွေးမြူရေးလုပ်ငန်းနှင့် မွေးမြူရေးထွက်ကုန်များ တိုးချဲ့ဆောင်ရွက်နိုင်ရေး ကွင်းဆင်းဆောင်ရွက်



**နေပြည်တော် နိုဝင်ဘာ ၄**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အောင်ကြီးသည် ယမန်နေ့က ပဲခူးမြို့ ရပ်ကွက်ကြီး(၂)ရှိ ပုဂ္ဂလိက ပုစွန်ချဉ်၊ ငါးချဉ်နှင့် ငါးပိထောင်း စားသောက်ကုန် လုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ အစားအစာဘေးကင်းလုံခြုံရေး၊ စားသောက်ကုန်ထုတ်လုပ်မှုဆိုင်ရာ စံသတ်မှတ်ချက်များအား တိကျစွာ လိုက်နာဆောင်ရွက်ရေး၊ လုပ်ငန်းခွင် ဆောင်ရွက်သူများ ကူးစက်ရောဂါကင်းစင်ရေး၊ တစ်ကိုယ်ရေသန့်ရှင်းရေး၊ လုပ်ငန်းကျွမ်းကျင်မှု မြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးမှာကြားသည်။

ယင်းနောက် ပဲခူးမြို့ ဘိုကုန်းရပ်ကွက်ရှိ ပုဂ္ဂလိကနို့စားနွားမွေးမြူရေးခြံ၏ နို့စားနွားများ မွေးမြူထားရှိမှု၊ နို့နှင့် နို့ထွက်ပစ္စည်းထုတ်လုပ်နေမှု၊ ပဲခူးမြို့ ငါးလုပ်ငန်းဦးစီးဌာန၊ ငါးသားဖောက်စခန်းတွင် ငါးရံ့၊ ငါးကျည်း၊ ငါးဖန်းမနှင့် ငါးပြေမ စသည့် တိုင်းရင်းငါးမျိုးများ ဆေးထိုးသားဖောက်လုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ သင်တန်းခန်းမတွင် တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ် လယ်ယာကဏ္ဍဆိုင်ရာ တာဝန်ရှိသူများက သက်ဆိုင်ရာလုပ်ငန်းကဏ္ဍများအလိုက် တင်ပြကြရာ ဒုတိယဝန်ကြီးက စားရေရိက္ခာဖူလုံရေးနှင့် ပို့ကုန်ကဏ္ဍ မြှင့်တင်နိုင်ရေးအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရ၏ အနီးကပ်ကြီးကြပ်မှုဖြင့် ဘဏ္ဍာနှစ်အလိုက် တိုးချဲ့ဆောင်ရွက်ရမည့် စိုက်ပျိုးမွေးမြူရေးဆိုင်ရာ စီမံကိန်းလုပ်ငန်းများ ထိရောက်အောင်မြင်ရေးအတွက် အလေးထားဆောင်ရွက်ရမည့် လုပ်ငန်းရပ်များကို အသေးစိတ် ဆွေးနွေးမှာကြားသည်။

ညနေပိုင်းတွင် ပုဂ္ဂလိက ငါးပိ၊ ငံပြာရည် ထုတ်လုပ်ရေးလုပ်ငန်း၏ ထုတ်လုပ်မှုလုပ်ငန်း အဆင့်ဆင့်ကို ကြည့်ရှုစစ်ဆေးပြီး ထုတ်လုပ်မှုဆိုင်ရာ စံသတ်မှတ်ချက်များအား တိကျစွာ လိုက်နာဆောင်ရွက်ရေးဆိုင်ရာများကို ဆွေးနွေးမှာကြားကြောင်း သိရသည်။ **သတင်းစဉ်**

---

# မြန်မာနိုင်ငံ အဆောက်အဦဆိုင်ရာ စံချိန်စံညွှန်းလမ်းညွှန်ချက်များ အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီအစည်းအဝေး (၃/ ၂၀၂၄) ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၄**

မြန်မာနိုင်ငံ အဆောက်အဦဆိုင်ရာ စံချိန်စံညွှန်းလမ်းညွှန်ချက်များ (Myanmar National Building Code–2024) အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ အစည်းအဝေး(၃/၂၀၂၄) ကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်ရှိ မြန်မာနိုင်ငံ အင်ဂျင်နီယာ အသင်းချုပ်ရုံး အစည်းအဝေးခန်း၌ ကျင်းပသည်။




အစည်းအဝေးသို့ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေ၊ လုပ်ငန်းကော်မတီ ဒုဥက္ကဋ္ဌ မြန်မာနိုင်ငံ အင်ဂျင်နီယာ အသင်းချုပ်ဥက္ကဋ္ဌ ဦးခင်မောင်ဌေး၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ် MNBC–2024 ဆပ်ကော်မတီ ဥက္ကဋ္ဌ ဦးညွန့်မောင်စန်း၊ အဆောက်အဦဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် အင်ဂျင်နီယာချုပ်များ၊ လုပ်ငန်းကော်မတီအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ မြန်မာနိုင်ငံ အဆောက်အဦဆိုင်ရာ စံချိန်စံညွှန်းလမ်းညွှန်ချက်များ အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဒုတိယဝန်ကြီးက ဝန်ကြီးဌာနအနေဖြင့် လိုအပ်သည့် Technical Working Group အဖွဲ့ဝင်များ ထပ်မံညှိနှိုင်းဖြည့်ဆည်းပေးခဲ့ပြီး မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာနမှ အချက်အလက်များ တောင်းခံပေးခဲ့ရာတွင် ပြန်လည်ပေးပို့လာသည့် မြို့နယ်အလိုက် ပျမ်းမျှနေ့ အပူချိန်၊ မိုးရွာသွန်း နေ့ရက်များ၊ မြစ်ရေကြီးမှုအခြေအနေများနှင့်မိုးရေချိန်များကို ဆပ်ကော်မတီသို့ပေးပို့ခဲ့ပြီး ဖြစ်ပါကြောင်း၊ အောက်တိုဘာလကုန် ပြီးစီးမှုနှင့် ပတ်သက်ပြီး ဆောင်ရွက်ထားရှိမှုအခြေအနေများ သိရှိနိုင်ရန်နှင့် MNBC–2024 မူကြမ်း လုပ်ငန်းကော်မတီသို့ တင်ပြနိုင်ရေးအတွက် ပေါင်းစပ်ပေးနိုင်ရန် ယခုအစည်းအဝေး ခေါ်ယူ၍ ဆွေးနွေးရခြင်းဖြစ်ပါကြောင်း၊ MNBC–2024 စာအုပ်များ အချိန်မီ ထုတ်ဝေနိုင်ရေး ပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် လုပ်ငန်းကော်မတီ၏ ဒုတိယဥက္ကဋ္ဌ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ်ဥက္ကဋ္ဌက လုပ်ငန်းလိုအပ်ချက်များကို ဆွေးနွေးပြီး လုပ်ငန်းကော်မတီ အတွင်းရေးမှူး ဒေါ်မြမြဝင်းက လုပ်ငန်းကော်မတီ အစည်းအဝေး (၂/၂၀၂၄) ၏ အစည်းအဝေး ဆုံးဖြတ်ချက်များကို ဖတ်ကြားအတည်ပြု ဆွေးနွေးသည်။

ထို့နောက် မြန်မာနိုင်ငံ အဆောက်အဦဆိုင်ရာ စံချိန်စံညွှန်း လမ်းညွှန်ချက်များ ရေးဆွဲပြုစုရေး ဆပ်ကော်မတီဥက္ကဋ္ဌနှင့် ဆောက်လုပ်ရေး ဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ တက်ရောက်လာသည့် လုပ်ငန်းကော်မတီဝင်များ၊ MNBC–2024 ရေးဆွဲပြုစုရေး နည်းပညာဆိုင်ရာအဖွဲ့ (Technical Working Group) အဖွဲ့ခေါင်းဆောင်များက လက်ရှိရေးဆွဲပြုစု ဆောင်ရွက်နေမှုနှင့် MNBC–2024 အချိန်မီ ထွက်ရှိနိုင်ရေး အတွက် ဆွေးနွေးတင်ပြကြရာ ဒုတိယဝန်ကြီးက ဆွေးနွေးတင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်း၍ နိဂုံးချုပ် အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ရွေးကောက်ပွဲမတိုင်မီ သမ္မတလောင်းနှစ်ဦး ပြည်နယ်များတွင် အကြိတ်အနယ် မဲဆွယ်စည်းရုံး

**ဝါရှင်တန် နိုဝင်ဘာ ၄**

အမေရိကန်သမ္မတရွေးကောက်ပွဲတွင် ဒီမိုကရက်တစ်သမ္မတလောင်း ကာမလာဟားရစ်နှင့် ရီပတ်ဘလီကင်သမ္မတလောင်း ဒေါ်နယ်ထရမ့်တို့သည် အဓိကကျပြီး အကြိတ်အနယ်ဖြစ်နေသည့်ပြည်နယ်များတွင် နောက်ဆုံးမဲဆွယ်မှုများ ပြုလုပ်လျက်ရှိသည်။

ရွေးကောက်ပွဲမတိုင်ခင် နိုဝင်ဘာ ၃ ရက်တွင် ကာမလာဟားရစ်သည် အနောက်အလယ်ပိုင်း မီချီဂန်ပြည်နယ်ရှိ ဘုရားကျောင်းတစ်ကျောင်းသို့ သွားခဲ့ပြီး ဒီမိုကရက်တစ်ပါတီကို ထောက်ခံသည့် လူမည်း မဲဆန္ဒရှင်များကို မိန့်ခွန်းပြောကြားခဲ့သည်။

ရီပတ်ဘလီကင်သမ္မတလောင်း မစ္စတာထရမ့်သည် တခြားအကြိတ်အနယ်ဖြစ်နေသည့် ပြည်နယ်များထက် ရွေးကောက်တင်မြှောက်ကိုယ်စားလှယ်ပိုများသည့် နိုင်ငံအရှေ့ပိုင်း ပင်ဆယ်ဗေးနီးယားပြည်နယ်တွင် လူထုစည်းဝေးပွဲတစ်ရပ်ကို ကျင်းပခဲ့သည်။ "ရွေးကောက်ပွဲနေ့မှာ ထောက်ခံသူတွေရဲ့ ဆန္ဒမဲတွေနဲ့ ငွေကြေးဖောင်းပွမှုကို အဆုံးသတ်မယ်" ဟု ၎င်းကပြောခဲ့သည်။

ငွေကြေးဖောင်းပွမှုနှုန်းနှေးကွေးသွားခဲ့သော်လည်း အမေရိကန်ပြည်သူများသည် ဈေးနှုန်းကြီးမြင့်မှုကြောင့် ရုန်းကန်နေကြရသည်။ ဈေးနှုန်းမြင့်တက်မှုအတွက် ရီပတ်ဘလီကင်သမ္မတလောင်းတစ်ဦးဖြစ်သည့် ထရမ့်က ဘိုင်ဒန်-ဟားရစ်အစိုးရအပေါ် ပြစ်တင်ပြီး မဲအောင်နိုင်ရေး ကြိုးစားလျက်ရှိသည်။




အကြိတ်အနယ်ဖြစ်နေသည့် ပြည်နယ်ခုနစ်ခု၏ သဘောထားစစ်တမ်းအများအပြားတွင် နိုဝင်ဘာ ၃ ရက်အထိ ပျမ်းမျှထောက်ခံမှုနှုန်းအရ မစ္စတာဒေါ်နယ်ထရမ့်က ၄၈ ဒသမ ၅ ရာခိုင်နှုန်းရရှိထားပြီး ကာမလာဟားရစ်က ၄၇ ဒသမ ၅ ရာခိုင်နှုန်း ရရှိထားကြောင်း အမေရိကန်နိုင်ငံရေးသတင်းဝက်ဘ်ဆိုက်တစ်ခုဖြစ်သည့် Real Clear Politics က ဖော်ပြထားသည်။

**အင်န်အိတ်ချ်ကေ**

# ရေနံတိုးမြှင့်ထုတ်လုပ်မှုကို အိုပက်ပလပ်စ်အဖွဲ့ ထပ်မံရွှေ့ဆိုင်းမည်

**ဗီယင်နာ နိုဝင်ဘာ ၄**

ရေနံအဓိကထုတ်လုပ်သော နိုင်ငံများအုပ်စုတစ်စုက လာမည့်လတွင် ရေနံတိုးမြှင့်ထုတ်လုပ်မှု အစီအစဉ်ကို ရွှေ့ဆိုင်းသွားမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

OPEC Plus (အိုပက်ပလပ်စ်) အဖွဲ့၏ ယင်းကဲ့သို့ ရွှေ့ဆိုင်းမှုက ရေနံဈေးနှုန်းမြင့်တက်စေရန် ရည်ရွယ်ပုံရကြောင်း သိရသည်။

အိုပက်ပလပ်စ်မှာ ရေနံထုတ်လုပ်တင်ပို့သော နိုင်ငံများအသင်း (အိုပက်) နှင့် ရုရှားကဲ့သို့ အခြားရေနံအဓိကထုတ်လုပ်သည့် နိုင်ငံများပါဝင်သည်။ မိမိသဘောဆန္ဒအလျောက် ထုတ်လုပ်မှုပမာဏဖြတ်တောက်မှုကို ဒီဇင်ဘာလကုန်အထိ တစ်လတာ သက်တမ်းတိုးရန် သဘောတူခဲ့ကြကြောင်း အိုပက်ပလပ်စ်အဖွဲ့က နိုဝင်ဘာ ၃ ရက်တွင် ပြောသည်။

အိုပက်ပလပ်စ် အဖွဲ့သည် အောက်တိုဘာလတွင် ရေနံထုတ်လုပ်မှုတိုးမြှင့်ရန် စီစဉ်ထားခဲ့သော်လည်း နှစ်လတာ ရွှေ့ဆိုင်းခဲ့ခြင်းဖြစ်သည်။ အစ္စရေးနှင့် အီရန်တို့အကြား အပြန်အလှန်ပစ်ခတ်တိုက်ခိုက်မှုများနှင့်ပတ်သက်ပြီး အရှေ့အလယ်ပိုင်းတွင် တင်းမာမှုများ မြင့်တက်နေချိန် ကမ္ဘာ့ရေနံဝယ်လိုအား ထိခိုက်လာမည်ကို စိုးရိမ်လျက်ရှိသည်။

**အင်န်အိတ်ချ်ကေ**




# အင်ဒိုနီးရှားနိုင်ငံအရှေ့ဘက်ပြည်နယ်တွင် မီးတောင်ပေါက်ကွဲမှုကြောင့် ၁၀ ဦးထက်မနည်းသေဆုံး

**ဂျကာတာ နိုဝင်ဘာ ၄**

အင်ဒိုနီးရှားနိုင်ငံ အရှေ့ဘက်နုဆာတန်ဂါရာ ပြည်နယ်တွင် နိုဝင်ဘာ ၄ ရက် ညပိုင်းက လီဝိုတိုဘီ မီးတောင်ပေါက်ကွဲမှုဖြစ်ပွားပြီးနောက် ၁၀ ဦးထက်မနည်းသေဆုံးခဲ့ကြောင်း အမျိုးသားသဘာဝဘေး စီမံခန့်ခွဲရေးအေဂျင်စီ(ဘီအင်န်ပီဘီ)မှ တာဝန်ရှိသူ အဘ်ဒူမူဟာရီက နိုဝင်ဘာ ၄ ရက်တွင် ပြောကြားလိုက်သည်။

လူ ၁၀ ဦး သေဆုံးခဲ့ကြောင်း အတည်ပြုခဲ့ပြီး ကိုးဦး၏ ရုပ်အလောင်းများကို တွေ့ရှိခဲ့ကြောင်း တစ်ဦးမှာ အပျက်အစီးများအောက်တွင် ပိတ်နေကြောင်း မူဟာရီက သတင်းစာရှင်းလင်းပွဲတွင်ပြောသည်။ မီးတောင်ပေါက်ကွဲမှုကြောင့် လူအမြောက်အမြားပြောင်းရွှေ့ခဲ့ပြီး ရွာခုနစ်ရွာမှ ဒေသခံ ၁၀၀၀၀ ကျော် ကယ်ဆယ်ရေး စခန်းများသို့ ရွှေ့ပြောင်းခဲ့ကြောင်း ၎င်းက ဆက်ပြောသည်။

ဒေသခံများကို မီးတောင်ဝနှင့် ခုနစ်ကီလိုမီတာ အန္တရာယ်ဇုန်အတွင်း ဝင်ရောက်ခြင်းမပြုရန် တားမြစ်ထားသည်။ ပျောက်ဆုံးသူများကိုရှာဖွေရန် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို လုပ်ဆောင်လျက်ရှိသော်လည်း ပျောက်ဆုံးသူအရေအတွက် အတိအကျကို ဖော်ပြပြောဆိုခြင်း မရှိကြောင်း သိရသည်။

ပျောက်ဆုံးသူများကို ရှာဖွေကယ်ဆယ်မှုမှလွဲ၍ မီးတောင်ဝနှင့် ခုနစ်ကီလိုမီတာအတွင်း မည်သည့်လှုပ်ရှားမှုမှ ခွင့်မပြုကြောင်း မူဟာရီက အလေးအနက်ထားပြောကြားသည်။

အရေးပေါ် ကယ်ဆယ်ရေးလုပ်ငန်းများကို လွယ်ကူချောမွေ့စေရန် ဒေသအစိုးရသည် နိုဝင်ဘာ ၄ ရက်မှ ဒီဇင်ဘာ ၃၁ ရက်အထိ အရေးပေါ်ကာလအဖြစ် ကြေညာထားကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

မီးတောင်ပေါက်ကွဲမှုကြောင့် ဖြစ်ပေါ်လာသော ချော်ရည်ပူနှင့် ပြာမှုန်အမွှားများသည် အနီးဝန်းကျင်ဒေသများသို့ ပျံ့နှံ့ရောက်ရှိခဲ့ဖြင့် အနီးအနားရှိ စိုက်ခင်းများနှင့် လူနေအိမ်များ ပျက်စီးခဲ့ကြောင်း ပြည်နယ်သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးနှင့် လျော့ပါးရေးအေဂျင်စီမှ တာဝန်ရှိသူတစ်ဦးဖြစ်သူ ရစ်ချက်ဖာ့ဒ်က ပြောကြားသည်။

လီဝိုတိုဘီ မီးတောင်သည် အင်ဒိုနီးရှားနိုင်ငံ၏ ၁၂၇ ခုမြောက် မီးတောင်ရှင်ဖြစ်သည်။

**ဆင်ဟွာ**

# အာဖဂန်တောင်ပိုင်းတွင် ပြန်ပေးဆွဲခံရသည့် ကျောင်းသူနှစ်ဦးကို လုံခြုံရေးတပ်ဖွဲ့ဝင်များ ကယ်တင်နိုင်

**ကန်ဒါဟာ နိုဝင်ဘာ ၄**

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း ကန်ဒါဟာ ပြည်နယ်တွင် ပြန်ပေးဆွဲခေါ်ဆောင်ခံရသည့် ကလေးနှစ်ဦးကို အာဖဂန်လုံခြုံရေးတပ်ဖွဲ့ဝင်များက ကယ်တင်နိုင်ခဲ့ကြောင်း ပြည်နယ်ရဲတပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူ မူလာအဆာဒူလာဂျမ်ရှီဒီက နိုဝင်ဘာ ၄ ရက်တွင် ပြောကြားခဲ့သည်။

ပြည်နယ်မြို့တော် ကန်ဒါဟာမြို့မှ အသက် ကိုးနှစ်နှင့် ၁၂ နှစ်ရှိ ကလေးနှစ်ဦးသည် လွန်ခဲ့သည့် နှစ်ပတ်ခန့်က ကျောင်းမှ အပြန်တွင် ပြန်ပေးဆွဲခံခဲ့ရကြောင်း ဂျမ်ရှီဒီက ပြောကြားသည်။

အဆိုပါအမှုနှင့်ပတ်သက်ပြီး မည်သူ့ကိုမျှ ဖမ်းမိခြင်း ရှိ၊ မရှိ အသေးစိတ်ကို ပြောကြားခြင်းမရှိသော်လည်း ပြန်ပေးဆွဲသူများက ကနဦးအမေရိကန်ဒေါ်လာ ၁၀၀၀၀၀ နှင့် ကလေးငယ်များ လွှတ်ပေးပြီးပါက ဒေါ်လာ ၃၀၀၀၀ ထပ်မံတောင်းဆိုခဲ့ကြောင်း အရာရှိက ပြောကြားသည်။

အလားတူ အာဖဂန်လုံခြုံရေးတပ်ဖွဲ့များက အနောက်ပိုင်း ဟီရတ်ပြည်နယ်တွင် ပြန်ပေးဆွဲသူများ ဖမ်းဆီးသွားသည့် ကလေးတစ်ဦးကို ကယ်တင်ပေးနိုင်ခဲ့ပြီး ယင်းအမှုမှ သံသယရှိသူနှစ်ဦးကို နိုဝင်ဘာ ၁ ရက်က ဖမ်းဆီးနိုင်ခဲ့သည်။

အာဖဂန်နစ္စတန်တွင် ပြန်ပေးဆွဲသူများအပါအဝင် ရာဇဝတ်ဂိုဏ်းများက ချမ်းသာသော မိသားစုဝင်များကို ပြန်ပေးဆွဲရန်ကြိုးပမ်းမှု မကြာခဏဖြစ်ပေါ်လေ့ရှိပြီး ၎င်းတို့လွတ်မြောက်ရေးအတွက် ငွေကြေးအမြောက်အမြား တောင်းဆိုမှုများ ရှိနေကြောင်း သိရသည်။

**ဆင်ဟွာ**

# ကုလသမဂ္ဂ၏ ပါလက်စတိုင်းကယ်ဆယ်ရေးအေဂျင်စီနှင့် သဘောတူညီချက်ကို အစ္စရေးအဆုံးသတ်

**ဂျေရုဆလင် နိုဝင်ဘာ ၄**

ပါလက်စတိုင်း အရှေ့ပိုင်းရှိ ကုလသမဂ္ဂဒုက္ခသည်များ ကယ်ဆယ်ရေးနှင့် လုပ်ငန်းအဖွဲ့ (ယူအင်န်အာရ်ဒဗလျူအေ)နှင့် အစ္စရေးတို့အကြား သဘောတူညီချက်ကို ရုပ်သိမ်းလိုက်ကြောင်း ကုလသမဂ္ဂသို့ အကြောင်းကြားခဲ့သည်ဟု အစ္စရေးနိုင်ငံခြားရေးဝန်ကြီးဌာနက နိုဝင်ဘာ ၄ ရက်တွင် ပြောကြားခဲ့သည်။

ဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် ကုလသမဂ္ဂ ဒုက္ခသည်များ ကယ်ဆယ်ရေးနှင့် လုပ်ငန်းအဖွဲ့ကို အခြားသော နိုင်ငံတကာအဖွဲ့အစည်းများဖြင့် အစားထိုးမည်ဖြစ်ပြီး ၎င်းတို့နှင့် ဆက်သွယ်မှုကို အဆုံးသတ်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်။

ယူအင်န်အာရ်ဒဗလျူအေ သည် အနောက်ဘက်ကမ်းနှင့် စစ်ဘေးသင့် ဂါဇာကမ်းမြောင်တွင် စာသင်ကျောင်းများ ဖွင့်လှစ်ခြင်း၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းများအတွင်း အရေးပေါ်အကူအညီများ ပံ့ပိုးပေးခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှု၊ အစားအသောက် အကူအညီနှင့် အခြားလူမှုရေးဝန်ဆောင်မှုများကို ပေးဆောင်လျက်ရှိသည်။

အဆိုပါ ကြေညာချက်သည် အစ္စရေးပါလီမန်တွင် ပြီးခဲ့သည့်သီတင်းပတ်က ဥပဒေအသစ်များ ထွက်ပေါ်လာပြီးနောက် အစ္စရေးနိုင်ငံအတွင်း အေဂျင်စီ၏ လုပ်ငန်းဆောင်ရွက်မှုများအား တားမြစ်ချက်များ ထွက်ပေါ်လာခြင်းဖြစ်သည်။ ဥပဒေပါ စည်းကမ်းချက်များနှင့်အညီ ကုလသမဂ္ဂကယ်ဆယ်ရေးအေဂျင်စီနှင့်ပတ်သက်သည့် ဥပဒေသည် သုံးလအတွင်း အသက်ဝင်မည်ဟု ဝန်ကြီးဌာနက ဆက်လက်ပြောကြားသည်။

အောက်တိုဘာလက ဟားမားစ်ဘက်မှစတင် တိုက်ခိုက်မှုတွင် ယူအင်န်အာရ်ဒဗလျူအေ၏ ဝန်ထမ်းအချို့ ပါဝင်ခဲ့ကြောင်း အစ္စရေးက စွပ်စွဲထားသည်။ ဂါဇာကမ်းမြောင်တွင် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာအကျပ်အတည်းများ ဆက်လက်ဖြစ်ပွားနေချိန်တွင် အဆိုပါဆုံးဖြတ်ချက်နှင့်ပတ်သက်၍ ကုလသမဂ္ဂနှင့် နိုင်ငံတကာအသိုင်းအဝိုင်းမှ ကျယ်ကျယ်ပြန့်ပြန့် ဝေဖန်မှုများ ထွက်ပေါ်လာခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

# ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ရန်ကုန်တိုင်းဒေသကြီး ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေး ညှိနှိုင်းစည်းဝေး

**ရန်ကုန် နိုဝင်ဘာ ၄**

၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၉ ရက်မှ ၂၀ ရက်အထိ နေပြည်တော်တွင်ကျင်းပမည့် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ရန်ကုန်တိုင်းဒေသကြီးမှ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးအတွက် ကြိုတင်ညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဌေးအောင် တက်ရောက်အမှာစကား ပြောကြားသည်။

ယင်းသို့ပြောကြားရာတွင် ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်၌ကျင်းပမည့် အားကစားနည်း(၂၄)နည်းတွင် ရန်ကုန်တိုင်းဒေသကြီးအနေဖြင့် ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ (ဗဟို)မှချမှတ်ထားသော ဦးတည်ချက်(၅)ချက်နှင့်အညီ နိုင်ငံ့ဂုဏ်ဆောင်နိုင်မည့် အဆင့်မီအားကစားသမားများနှင့်အလားအလာရှိသောလူငယ်မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွက်လာစေရေးအတွက် အရည်အချင်းရှိရှိ အဆင့်မီမီအားကစားသမားများစိစစ်ရွေးချယ်၍ ကြိုးစားယှဉ်ပြိုင်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်မင်းသန်းက အားကစားပြိုင်ပွဲများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး တက်ရောက်လာသော ဆပ်ကော်မတီများမှ တာဝန်ရှိသူများက အားကစားနည်းအလိုက် လိုအပ်သည်များကို ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်စကားပြောကြားသည်။ ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ရန်ကုန်တိုင်းဒေသကြီးမှ အားကစားသမား ၄၆၇ ဦး၊ အုပ်ချုပ်သူနှင့် နည်းပြ ၁၅၃ ဦး စုစုပေါင်း ၆၂၀ သွားရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။



**အောင်ကျော်(ပြန်/ဆက်)**

# ကမ္ဘာ့ဖလားနဂါးလှေလှော်ချန်ပီယံရှစ် လက်ရည်စစ်ပြိုင်ပွဲတွင် ရွှေတံဆိပ်ခြောက်ခု၊ ငွေတံဆိပ်သုံးခုရ မြန်မာလှေလှော်အဖွဲ့ ပြန်လည်ရောက်ရှိ

**ရန်ကုန် နိုဝင်ဘာ ၄**

အောက်တိုဘာ၂၄ရက်မှ နိုဝင်ဘာ ၃ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ Yichang မြို့နှင့် ဖိလစ်ပိုင်နိုင်ငံ Puerto Princesa မြို့တို့၌ ကျင်းပခဲ့သည့် ကမ္ဘာ့ဖလားနဂါးလှေလှော်ချန်ပီယံရှစ် လက်ရည်စစ် ပြိုင်ပွဲများအပြီး မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ်မှ အားကစားသမားအဖွဲ့သည် ရွှေတံဆိပ်ခြောက်ခု၊ ငွေတံဆိပ်သုံးခုရရှိခဲ့ကာ ယနေ့ညနေပိုင်းက ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။



အဆိုပါ မြန်မာနိုင်ငံကိုယ်စားပြု လှေလှော်အားကစားအဖွဲ့တွင် အဖွဲ့ခေါင်းဆောင် မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသောင်းထိုက်မင်း၊ အုပ်ချုပ်သူ၊ နည်းပြ၊ အားကစားသမားများ ၂၃ ဦးတို့ကို ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာ ကော်မတီဥက္ကဋ္ဌ၊ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဌေးအောင်၊ အားကစားနှင့် ကာယပညာ ဦးစီးဌာနမှ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်မှ အမှုဆောင်များ၊ ဆွေမျိုးမိဘများ၊ အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်)မှ ကျောင်းသား ကျောင်းသူများက သောင်းသောင်းဖြဖြ ကြိုဆိုကြသည်။ မြန်မာလှေလှော်အားကစားအဖွဲ့သည် ကမ္ဘာ့ဖလား နဂါးလှေလှော်ချန်ပီယံရှစ် လက်ရည်စစ်ပြိုင်ပွဲတွင် အဆင့်(၃) ရရှိကာ ၂၀၂၅ ခုနှစ် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချန်ဒူးမြို့တွင် ဩဂုတ် ၉ ရက်နှင့် ၁၀ရက်တို့တွင် ကျင်းပမည့် ကမ္ဘာ့အားကစားပြိုင်ပွဲ ချန်ပီယံရှစ် နဂါးလှေလှော်ပြိုင်ပွဲတွင် မြန်မာနိုင်ငံအပါအဝင် နိုင်ငံပေါင်း ၁၂ နိုင်ငံ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

**အာကာစိုး၊ဓာတ်ပုံ-တင်စိုး**



# မော်လမြိုင်ခရိုင် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

**မော်လမြိုင် နိုဝင်ဘာ ၄**

မွန်ပြည်နယ် မော်လမြိုင်ခရိုင် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို နိုဝင်ဘာ ၃ ရက် မွန်းလွဲ ၁ နာရီက အမှတ်(၉)အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် မော်လမြိုင်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းဝေက အမှာစကားပြောကြားပြီး ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးညွန့်နိုင်က စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ကျင်းပရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်စန်းမြင့်က စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်တွင် ကာယ၊ ဉာဏစွမ်းရည်ပြိုင်ပွဲများ၊ ဓာတ်ပုံပြခန်းများ၊ ဌာနဆိုင်ရာများ၏ အသိပညာပေးပြခန်းများကိုလည်း ထည့်သွင်းပြသသွားမည်ဖြစ်ကြောင်း ပြောကြားပြီး မြို့နယ်ပညာရေးမှူး ဦးဝင်းဇော်ဦးက စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်တွင် ပူးပေါင်းဆောင်ရွက်ကြရမည့် ကျောင်းများကို စိစစ်ရွေးချယ်ပြီး ပေါင်းစပ်ညှိနှိုင်းဆွေးနွေးသည်။

မော်လမြိုင်ခရိုင် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကို ၂၀၂၄ ခုနှစ် နိုဝင်ဘာလတွင် အမှတ် (၉) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**ခင်စန်းမြင့်(ပြန်/ဆက်)**

# လေးမျက်နှာမြို့နယ်၌ ကြိမ်နှင့် ဝါးလက်မှုပညာအခြေခံသင်တန်း ဖွင့်ပွဲကျင်းပ

**လေးမျက်နှာ နိုဝင်ဘာ ၄**

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ် ပြည်ငြိမ်းအေးကျောင်းတိုက်ဓမ္မာရုံတွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန သစ်တောဦးစီးဌာနက ကြီးမှူး၍ လေးမျက်နှာမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများ၏ လူနေမှုဘဝမြှင့်တင်ရေး အထောက်အကူပြု ကြိမ်နှင့်ဝါး လက်မှုပညာ အခြေခံသင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။



ဦးစွာ ဟသ်ာတခရိုင် သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းနိုင်က အမှာစကားပြောကြားပြီး လေးမျက်နှာမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းဆိုင်က ဒေသခံပြည်သူများ၏ လူနေမှုဘဝမြှင့်တင်ရေး အထောက်အကူပြု ကြိမ်နှင့်ဝါး သယံဇာတများ စဉ်ဆက်မပြတ် အသုံးချမှုနည်းပညာနှင့် အသက်မွေးဝမ်းကျောင်း ပညာပေးသင်တန်း၏ အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားကာ မြန်မာနိုင်ငံ ကြိမ်နှင့်ဝါး လုပ်ငန်းရှင်များအသင်းအထွေထွေအတွင်းရေးမှူး ဦးတင်မျိုးဆန်းက ကြိမ်နှင့်ဝါး လုပ်ငန်းများ၏ နည်းပညာများနှင့် MSME ဆိုင်ရာ အခန်းကဏ္ဍနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းကို နိုဝင်ဘာ ၄ ရက်မှ ၈ ရက်အထိ ငါးရက်ကြာ ဖွင့်လှစ်မည်ဖြစ်ပြီး ဟသ်ာတ၊ လေးမျက်နှာ၊ အင်္ဂပူ၊ မြန်အောင်၊ ကြံခင်း ငါးမြို့နယ်တို့မှ သင်တန်းသား သင်တန်းသူ ၂၀ ကိုသင်တန်းနည်းပြ လေးဦးက စာတွေ့လက်တွေ့ သင်ကြားသွားမည်ဖြစ်သည်။

**မိုးသက်ကို(ပြန်/ဆက်)**

# ကျောင်းကုန်းမြို့၌ ၂၀၂၄ ခုနှစ် ဆောင်းသီးနှံစိုက်ပျိုးစရိတ်ချေးငွေ စတင်ထုတ်ချေးပေး

**ကျောင်းကုန်း နိုဝင်ဘာ ၄**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်၌ ၂၀၂၄ ခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးစရိတ်ချေးငွေပေးအပ်ပွဲကို ယနေ့နံနက် ၉ နာရီခွဲက မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ် ကျောင်းကုန်းမြို့နယ် ဘဏ်ခွဲမှ ကျောင်းကုန်းမြို့နယ် ဆိပ်ဖူးနီကျေးရွာအုပ်စုမှတောင်သူ ၉၈ ဦး၏ စပါးဧက ၄၃၈၊ ပဲမျိုးစုံဧက ၂၇၂ စုစုပေါင်း ၇၁၀ ဧကအတွက် ငွေကျပ် ၉၂၉ ဒသမ ဝဝ သိန်း ထုတ်ချေးပေးခဲ့သည်။ ကြွေးပြေကျေသည့် တောင်သူများကို ဆက်လက် ထုတ်ချေးပေးသွားမည်ဖြစ်ပြီး ချေးငွေထုတ်ချေးရာတွင် ရာသီဥတုအညွှန်းကိန်းအခြေပြုသီးနှံအာမခံများ ထားရှိရေး ဆောင်ရွက်ပေးလျက်ရှိသည်။

အခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးဝင်း၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မြို့နယ်မန်နေဂျာ ဦးဝေလင်းနှင့် ဝန်ထမ်းများ၊ ဆိပ်ဖူးနီကျေးရွာအုပ်စုမှ တောင်သူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**



# ရန်ကုန်မြို့၌ လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းဆင်းပွဲကျင်းပ



**ရန်ကုန် နိုဝင်ဘာ ၄**

လူသုံးကုန် ထုတ်လုပ်မှုနည်းပညာသင်တန်းကို ရန်ကုန်တိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနရုံးတွင် (အခမဲ့) ဖွင့်လှစ်ပေးပြီး သင်တန်းဆင်းပွဲကို နိုဝင်ဘာ ၄ ရက်က အဆိုပါ ဦးစီးဌာနရုံး၌ ကျင်းပသည်။

အဆိုပါ သင်တန်းကို အောက်တိုဘာ ၂၇ ရက်မှ အောက်တိုဘာ ၃၁ ရက်အထိ ငါးရက်ကြာဖွင့်လှစ်သင်ကြားပို့ချပေးခြင်းဖြစ်ကာ သင်တန်းဆင်းပွဲတွင် ရန်ကုန်တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးဇော်ဝင်းက သင်တန်းဆင်းအမှာစကားပြောကြားခဲ့ပြီး (၀ဲပုံ) သင်တန်းသား သင်တန်းသူများကို သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။

အဆိုပါ သင်တန်းကို ရန်ကုန်တိုင်းဒေသကြီး အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ဖွင့်လှစ်ပေးခြင်းဖြစ်ပြီး သင်တန်းတွင် ဆပ်ပြာရည်အမျိုးမျိုး၊ ခေါင်းလျှော်ရည်အမျိုးမျိုး၊ ဆပ်ပြာခဲအမျိုးမျိုး၊ လက်သန့်ဆေးရည်အမျိုးမျိုး၊ ဓာတုပစ္စည်းများနှင့် ပတ်သက်သည့် သိကောင်းစရာများ၊ Packaging နှင့် ပတ်သက်သည့် သိကောင်းစရာများ၊ GMP၊ GHP အကြောင်းအရာများ၊ စီးပွားရေးစီမံခန့်ခွဲမှုနှင့် ပတ်သက်သည့် သိကောင်းစရာများ၊ အသေးစား စက်မှုလက်မှုလုပ်ငန်း မှတ်ပုံတင်ခြင်းဆိုင်ရာ သိကောင်းစရာများ၊ စားသုံးသူကာကွယ်ရေးဥပဒေအရ ကုန်အမှတ်တံဆိပ်တွင် ဖော်ပြရမည့် အချက်အလက်များအကြောင်း စသည့် ဘာသာရပ်များကို သင်ကြားပို့ချပေးကြောင်း သိရသည်။

ဇင်မင်းထိုက်(ပြန်/ဆက်)

## ဝေါမြို့နယ်၌ သမအသင်းသား တောင်သူများအား ဆောင်းသီးနှံနေကြာမျိုးနှင့် သွင်းအားစုပေးအပ်ပွဲကျင်းပ

**ဝေါ နိုဝင်ဘာ ၄**

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် သမဝါယမအသင်းစုက ထောက်ပံ့ပေးအပ်သည့် ဆောင်းသီးနှံ(နေကြာမျိုး)နှင့် သွင်းအားစုပေးအပ်ပွဲကို အောက်တိုဘာ ၃၁ ရက်က မြို့နယ်သမဝါယမဦးစီးဌာန၌ ကျင်းပသည်။

ဦးစွာ ဝေါမြို့နယ် သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးအေးလွင်က နေကြာမျိုး စိုက်ပျိုးမည့် သမဝါယမအသင်းသားများအား ဆောင်းသီးနှံ(နေကြာမျိုး)နှင့် သွင်းအားစု ထောက်ပံ့ပေးအပ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိနှင့် တာဝန်ရှိသူများက ဝေါမြို့နယ်အတွင်းရှိ နေကြာမျိုးစိုက်ပျိုးမည့် အခြေခံသမဝါယမအသင်း ငါးသင်းမှ အသင်းသားတောင်သူများအား ဆောင်းသီးနှံ(နေကြာမျိုး)နှင့် သွင်းအားစုများ ပေးအပ်ကြောင်း သိရသည်။ (အောက်ပုံ)

မြို့နယ်(ပြန်/ဆက်)



## လယ်ဝေးမြို့နယ်၌ ကြံသီးနှံစိုက်ပျိုးထုတ်လုပ်မှုနည်းပညာ ဆွေးနွေးပွဲနှင့် ကြံစိုက်ပျိုးမှုသရုပ်ပြပွဲကျင်းပ

**လယ်ဝေး နိုဝင်ဘာ ၄**

စိုက်ပျိုးရေးဦးစီးဌာန သကြားထွက်သီးနှံဌာနခွဲမှ ပြည်ထောင်စုနယ်မြေ လယ်ဝေးမြို့နယ်တွင် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ ၂၀၂၂ စီမံကိန်းဖြင့် ဆောင်ရွက်သည့် ကြံသီးနှံစိုက်ပျိုးထုတ်လုပ်မှုနည်းပညာဆွေးနွေးပွဲနှင့် ကြံစိုက်ပျိုးမှုသရုပ်ပြပွဲကို ယနေ့နံနက်ပိုင်းက လယ်ဝေးမြို့နယ် အေလာကျေးရွာ တောင်သူ ဒေါ်သန်းငွေ၏ ကြံစိုက်ကေ ၃ ကေ၌ ကျင်းပသည်။

ရှေးဦးစွာ စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ထွန်းမြင့်က အမှာစကားပြောကြားပြီး သကြားထွက်သီးနှံဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါ်ခင်မြင့်ကြွယ်က စိုက်ပျိုးရေးထုတ်ကုန်များ ပိုမိုထုတ်လုပ်နိုင်ရေး၊ ကြံသီးနှံစိုက်ပျိုးနည်းစနစ်များနှင့် ကြံသီးနှံအထွက်တိုးနည်းပညာများကို ဆွေးနွေးပြောကြားသည်။ ဆက်လက်၍ တာဝန်ရှိသူများက တက်ရောက်လာသည့် တောင်သူ ၅၅ ဦးအား ကြံသီးနှံ စိုက်ပျိုးရေး အထောက်အကူပြုပစ္စည်းများဖြစ်သည့် ဆေးဖျန်းပုံး၊ မြေချဉ်ငန်တိုင်းကိရိယာ၊ ကြံအချိုဓာတ်တိုင်းကိရိယာ၊ ကြံခုတ်ဓား၊ တောစီးဖိနပ်နှင့် ပေါက်ပြားတို့ကို ပေးအပ်ခဲ့ကြောင်း သိရသည်။

ဝေကြည်(ပြန်/ဆက် )



## ပုသိမ်မြို့၌ စက်သုံးဆီအရောင်းဆိုင်များ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ကွင်းဆင်းစစ်ဆေး



**ပုသိမ် နိုဝင်ဘာ ၄**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ စက်သုံးဆီအရောင်းဆိုင်များအား မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ကွင်းဆင်းစစ်ဆေးခြင်းကို ယနေ့နံနက်ပိုင်းက ဆောင်ရွက်သည်။

ပွင့်လင်းရာသီသို့ ရောက်ရှိလာပြီဖြစ်၍ စက်သုံးဆီအရောင်းဆိုင်များ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး၊ မီးဘေးလုံခြုံမှုရှိစေရေးတို့အတွက် ပုသိမ်မြို့နယ် မီးသတ်ဦးစီးမှူး ဦးတင်ထွန်း၊ ဦးဆောင်သည့် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များက စက်သုံးဆီ အရောင်းဆိုင်များ အနေဖြင့် သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ရောင်းချမှုရှိ/မရှိ၊ မီးသတ်ပစ္စည်းကိရိယာများထားရှိမှု၊ မီးငြှိမ်းသတ်ရေးပစ္စည်းကိရိယာများ အသင့်အသုံးပြုနိုင်ခြင်း ရှိ၊ မရှိတို့အား လိုက်လံကွင်းဆင်းစစ်ဆေးခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## ကြံခင်းမြို့နယ်၌ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများကွင်းဆင်းကြည့်ရှု

**ကြံခင်း နိုဝင်ဘာ ၄**

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ်အတွင်း ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာနှစ် တိုင်းဒေသကြီးနှင့် ပြည်ထောင်စု ငွေလုံးငွေရင်းဖြင့် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ခြင်းကို ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနမှ တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေဖြင့် တင်ဒါအောင်ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်လျက်ရှိသော တံတားဦးတံတား ပေ ၁၀၀ ပထမပိုင်းပြီးစီးမှုလုပ်ငန်းကို လည်းကောင်း၊ မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း တိုင်းဒေသကြီး ငွေလုံးငွေရင်းဖြင့် ဇီးပင်ကွင်းရွာလယ်ကွန်ကရစ်တံတား ပေ ၅၀ တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန အင်ဂျင်နီယာချုပ် ဦးကျော်ကျော်ထွေး၊ တံတားတည်ဆောက်ရေး အဖွဲ့(ရုံးချုပ်) မှ ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ) ဦးအောင်ဇော်မင်း၊ ခရိုင်/မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့်အတူ ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ဖြိုးဝေလင်း(ပြန်/ဆက်)




## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရအရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့ လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေ ရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG,CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီး အသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။


## ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ခြောက်ဦးတွေ့ရှိ

**(၄-၁၁-၂၀၂၄) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ် - ၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ (၂၇-၁၀-၂၀၂၄) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၃-၁၁-၂၀၂၄) ရက်နေ့၊ ည (၈:၀၀) နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၉,၉၅၉) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၆) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၀၆) ရာခိုင်နှုန်း ဖြစ်ပါသည်။ အစီရင်ခံကာလအတွင်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေး ဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန(Myanmar CDC)**

**ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန**

# စာပေ သို့မဟုတ် အနုပညာလက်ရာများ (Literary or artistic works)

*ဦးကျော်ကျော်(တရားရေး)*

စာပေနှင့်အနုပညာလက်ရာများ၏ သဘောသဘာဝကို သိရှိခြင်းဖြင့် စာပေနှင့်အနုပညာလက်ရာသစ်များကို ဖန်တီးနိုင်စေရန် အလုပ်အကိုင်အခွင့်အလမ်းများတိုးတက်ရရှိခြင်းဖြင့် လူတစ်ဦးချင်းစီ၏ စီးပွားရေး၊ နိုင်ငံတော်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်စေရန် စာပေနှင့်အနုပညာ ဥပဒေပါ အခွင့်အရေးများကို ရရှိခံစားနိုင်စေရန်အတွက် စာပေနှင့် အနုပညာမူပိုင်ခွင့်ဥပဒေပါ လက်ရာများနှင့်စပ်လျဉ်းသည့် ဥပဒေပါ ပြဋ္ဌာန်းချက်များကို ကောက်နုတ်တင်ပြအပ်ပါသည်။

**စာပေ သို့မဟုတ် အနုပညာလက်ရာ** ဆိုသည်မှာ ပုဒ်မ ၁၃ နှင့် ပုဒ်မ ၁၅ တို့တွင် ဖော်ပြထားသော စာပေ သို့မဟုတ် အနုပညာလက်ရာများနှင့် ဆင့်ပွားလက်ရာများကိုဆိုသည်။ **(စာပေနှင့် အနုပညာမူပိုင်ခွင့်ဥပဒေပုဒ်မ ၂(ဋ))**

**လက်ရာများကိုစုပေါင်းခြင်း** ဆိုသည်မှာ စာပေ သို့မဟုတ် အနုပညာလက်ရာများကို ရွေးချယ်ခြင်းနှင့် စီစဉ်ခြင်းဖြင့် စုပေါင်းခြင်းဖြစ်ပြီး ထိုသို့ ဆောင်ရွက်ရာတွင် ဖန်တီးမှုပါရှိသည့် စုပေါင်းခြင်းကို ဆိုသည်။ **(စာပေနှင့်အနုပညာမူပိုင်ခွင့် ဥပဒေပုဒ်မ ၂(ဓ))**

**ပူးတွဲမူလလက်ရာရှင်များ၏ လက်ရာ** ဆိုသည်မှာ နှစ်ဦး သို့မဟုတ် နှစ်ဦးထက်ပိုသည့် မူလလက်ရာရှင်များက လက်ရာတစ်ခုဖြစ်ပေါ်လာစေရန် ပူးပေါင်းပါဝင် ဖန်တီးဆောင်ရွက်ထားသည့် စာပေ အနုပညာလက်ရာကိုဆိုသည်။ **(စာပေနှင့်အနုပညာမူပိုင်ခွင့်ဥပဒေပုဒ်မ ၂(န))**

**အရုပ်အသံလက်ရာ** ဆိုသည်မှာ အသံပူးတွဲပါဝင်သည်ဖြစ်စေ၊ မပါဝင်သည်ဖြစ်စေ ရုပ်ပုံများကို မြင်နိုင်သည့်အပြင် အသံပူးတွဲပါဝင်ပါက ကြားနိုင်သည့် ဆက်စပ်လှုပ်ရှားနေသော ရုပ်ပုံများပါဝင်သည့် လက်ရာကို ဆိုသည်။ **(စာပေနှင့် အနုပညာမူပိုင်ခွင့်ဥပဒေပုဒ်မ ၂(ပ))**

**ရုပ်ရှင်ဖန်တီးမှုလက်ရာ** ဆိုသည်မှာ မြင်နိုင်သော ရုပ်ပုံများ အစီအစဉ်တကျပါဝင်ပြီး လှုပ်ရှားမှုရုပ်ပုံများအဖြစ် အဆက်မပြတ် ပြသနိုင်သော သို့မဟုတ် ယင်းကဲ့သို့ပြသနိုင်ရန် အခြားသောကြားခံပစ္စည်းတွင် မှတ်တမ်းတင်ထားသော အသံပေါင်းစပ်ပါဝင်သည့် အရုပ်အသံဖန်တီးမှုလက်ရာကို ဆိုသည်။ **(စာပေနှင့်အနုပညာမူပိုင်ခွင့် ဥပဒေပုဒ်မ ၂(ဖ))**

**ဓာတ်ပုံလက်ရာ** ဆိုသည်မှာ ပုံရိပ်ကိုဖမ်းယူပေးနိုင်သော သို့မဟုတ် ပုံရိပ်ထုတ်ပေးနိုင်သော မည်သည့်ကြားခံနယ်ပေါ်တွင်မဆို ဓာတုဗေဒနည်းပညာဖြင့်ဖြစ်စေ၊ အီလက်ထရောနစ်နည်းပညာဖြင့်ဖြစ်စေ၊ အခြားနည်းပညာဖြင့်ဖြစ်စေ အလင်းကို ဖမ်းယူခြင်းဖြင့်လည်းကောင်း၊ အလင်းထုတ်လွှတ်ခြင်းဖြင့်လည်းကောင်း ပြုလုပ်ထားသည့် မူလဖန်တီးမှုလက်ရာကို ဆိုသည်။ **(စာပေနှင့် အနုပညာမူပိုင်ခွင့် ဥပဒေပုဒ်မ ၂(မ))**

**ထုတ်ဝေသည့်လက်ရာ** ဆိုသည်မှာ စာပေ သို့မဟုတ် အနုပညာလက်ရာဖြစ်ပါက စာပေနှင့်အနုပညာမူပိုင်ခွင့်ပိုင်ရှင် သို့မဟုတ် မူလလက်ရာရှင်၏ သဘောတူညီချက်ဖြင့်လည်းကောင်း၊ အရုပ်အသံလက်ရာ၊ ရုပ်ရှင်ဖန်တီးမှုလက်ရာ သို့မဟုတ် ဖိုနိုဂရမ်ဖြစ်ပါက ထုတ်လုပ်သူ၏ သဘောတူညီချက်ဖြင့်လည်းကောင်း မိတ္တူပွား၍ ထုတ်ဝေရန်အတွက် ဆောင်ရွက်သည့်လက်ရာကို ဆိုသည်။ **(စာပေနှင့်အနုပညာမူပိုင်ခွင့်ဥပဒေပုဒ်မ ၂(ခခ))**

**မူပိုင်ခွင့် (Intellectual Property Rights)** ဆိုသည်မှာ ကိုယ်ပိုင်အသိဉာဏ်ဖြင့်ပြုလုပ်သော တီထွင်ဖန်တီးမှုများကို အကာအကွယ်ပေးရန် ဥပဒေအရ ပေးအပ်သည့် အခွင့်အရေးကိုဆိုသည်။ ယင်းစကားရပ်တွင် စာပေနှင့်အနုပညာမူပိုင်ခွင့်၊ တီထွင်မှုမူပိုင်ခွင့်၊ စက်မှုဒီဇိုင်းမူပိုင်ခွင့်၊ ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်နှင့် အခြားသော မူပိုင်ခွင့်အမျိုးအစားများလည်း ပါဝင်သည်။ **(စာပေနှင့်အနုပညာမူပိုင်ခွင့်ဥပဒေ ပုဒ်မ ၂(ဇ))**

**စာပေနှင့်အနုပညာမူပိုင်ခွင့်** ဆိုသည်မှာ စာပေ သို့မဟုတ် အနုပညာလက်ရာ၏ မူလလက်ရာရှင်က ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီရရှိသော စာပေနှင့်အနုပညာဆိုင်ရာ သီးသန့်အခွင့်အရေးများကို ဆိုသည်။ **(စာပေနှင့်အနုပညာ မူပိုင်ခွင့် ဥပဒေပုဒ်မ ၂(ဈ))**

**ဆက်နွှယ်သည့်အခွင့်အရေး** ဆိုသည်မှာ ဤဥပဒေပါ အခန်း (၁၄) တွင် ပြဋ္ဌာန်းထားသည့် ဖျော်ဖြေသူများ၊ ဖိုနိုဂရမ်ထုတ်လုပ်သူများနှင့် ထုတ်လွှင့်သည့် အဖွဲ့အစည်းများ၏ သီးသန့်အခွင့်အရေးများကိုဆိုသည်။ **(စာပေနှင့်အနုပညာမူပိုင်ခွင့် ဥပဒေပုဒ်မ ၂(ည))**

**စာပေနှင့်အနုပညာမူပိုင်ခွင့်ပိုင်ရှင်** ဆိုသည်မှာ အောက်ပါပုဂ္ဂိုလ်တစ်ဦးဦး၊ ထိုသူ၏ အမွေဆက်ခံသူ သို့မဟုတ် တရားဝင်တည်ထောင်ထားသော အဖွဲ့အစည်းတစ်ခုခုကိုဆိုသည်-

(၁) မူလလက်ရာရှင်၊

(၂) စီးပွားရေးဆိုင်ရာ အခွင့်အရေးများကို မူလကပင် အလိုအလျောက်ရရှိထားပြီးဖြစ်သည့် မူလလက်ရာရှင်မဟုတ်သော လူပုဂ္ဂိုလ် သို့မဟုတ် တရားဝင်တည်ထောင်ထားသော အဖွဲ့အစည်း၊

(၃) စီးပွားရေးဆိုင်ရာ အခွင့်အရေးများကို ပိုင်ဆိုင်သူအဖြစ် ဥပဒေနှင့်အညီ လွှဲပြောင်းပေးခြင်းခံရသော လူပုဂ္ဂိုလ် သို့မဟုတ် တရားဝင်တည်ထောင်ထားသောအဖွဲ့အစည်း။ **(စာပေနှင့်အနုပညာမူပိုင်ခွင့်ဥပဒေပုဒ်မ ၂(ဍ))**

**ရိုးရာဓလေ့အမွေအနှစ်ဖော်ပြချက်များ** ဆိုသည်မှာ ထိတွေ့ကိုင်တွယ်၍ ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ရိုးရာယဉ်ကျေးမှုနှင့် အသိပညာများကို ဖော်ပြသော၊ ပြသသော၊ ပေါ်လွင်စေသော အောက်ပါ ဖော်ပြချက်တစ်ခုခု သို့မဟုတ် ယင်းတို့၏ ပေါင်းစပ်ဖော်ပြချက်များပါဝင်သော အသွင်ပုံစံတစ်ခုခုကို ဆိုသည်-

(၁) နှုတ်ရေးနှုတ်ရာ ဖော်ပြချက်များဖြစ်သော ပုံဝတ္ထုများ၊ ဝတ္ထုများ၊ ဒဏ္ဍာရီပုံပြင်များ၊ ကဗျာများ၊ စကားထာများနှင့် အခြားသော ဇာတ်ကြောင်းပြောခြင်းများ၊ စကားလုံးများ၊ အမှတ်အသားများ၊ အမည်နာမများနှင့် သင်္ကေတများ၊

(၂) ဂီတဆိုင်ရာ ဖော်ပြချက်များဖြစ်သော တေးသီချင်းများနှင့် ဂီတတီးလုံးများ၊

(၃) အပြုအမူဆိုင်ရာ ဖော်ပြချက်များဖြစ်သော အက၊ ပြဇာတ်၊ အခမ်းအနားများ၊ ဓလေ့ထုံးစံများ၊

(၄) ထိတွေ့ကိုင်တွယ်၍ရသော ဖော်ပြချက်များ (အနုပညာအရ သီးခြားဖန်တီးထုတ်လုပ်ခြင်းများဖြစ်ကြသော ရေးဆွဲခြင်း၊ အလှဆင်ပြုလုပ်ထားသည့် ပုံစံလက်ရာ၊ ခန္ဓာကိုယ်ပေါ်တွင် ဆေးခြယ်ခြင်းအပါအဝင် ဆေးခြယ်ခြင်း၊ ပန်းပုထုခြင်း၊ ထုဆစ်သွန်းလုပ်ခြင်း၊ အိုးထိန်းအတတ်ပညာဖြင့် ပြုလုပ်သည့် လက်ရာ၊ ကြွေထည်၊ မြေထည်၊ ရောင်စုံဖန်မှန် သို့မဟုတ် ကျောက်မျက်ရတနာ စသည်တို့ဖြင့် စီခြယ်ခြင်း၊ သစ်သားဖြင့် ပြုလုပ်သည့်လက်ရာ၊ သတ္တုထည်၊ လက်ဝတ်ရတနာ၊ ကျောက်ပုံနှိပ်ခြင်း၊ ရက်လုပ်ခြင်း ပြုထားသည့် လက်ရာ၊ ဇာထိုးပန်းထိုးအတတ်ဖြင့်ပြုလုပ်သည့် လက်ရာ၊ အဝတ်အထည်များ၊ ဖန်ထည်များ၊ ကော်ဇောများ၊ ရေးခေတ်ဝတ်စုံများ၊ လက်မှုပစ္စည်းများ၊ တူရိယာပစ္စည်းများနှင့် ဗိသုကာပုံစံများ၊ ရိုးရာအမွေအနှစ်လက်ရေးစာများဖြစ်သော ပေစာ၊ ပုရပိုက်စာ၊ ကျောက်စာ၊ အုတ်ခွက်စာ၊ ခေါင်းလောင်းစာ၊ နံရံဆေးရေးမင်စာများ။ **(စာပေနှင့် အနုပညာမူပိုင်ခွင့် ဥပဒေပုဒ်မ ၂(လ))**

**အခွင့်အရေးရရှိသူ** ဆိုသည်မှာ စာပေနှင့်အနုပညာမူပိုင်ခွင့်ရရှိသည့် မူလလက်ရာရှင် သို့မဟုတ် စာပေနှင့်အနုပညာမူပိုင်ခွင့်ပိုင်ရှင် သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေးပိုင်ရှင်ကို ဆိုသည်။ ယင်းစကားရပ်တွင် စာပေနှင့်အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေးကို လွှဲအပ်လုပ်ကိုင်ခွင့်ပေးခြင်းခံရသူ၊ ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ရသူနှင့် တရားဝင်အမွေဆက်ခံသူလည်း ပါဝင်သည်။ **(စာပေနှင့် အနုပညာမူပိုင်ခွင့် ဥပဒေပုဒ်မ ၂(ဏ))**

မူလဖန်တီးမှုများဖြစ်သည့် စာပေ သို့မဟုတ် အနုပညာလက်ရာများကို အကာအကွယ်ပေးရမည့် အဆိုပါလက်ရာများတွင် အောက်ဖော်ပြပါ လက်ရာများပါဝင်သည်-

(က) စာအုပ်၊ လက်ကမ်းစာစောင်၊ ကဗျာ၊ ဝတ္ထု၊ ဆောင်းပါး၊ ကွန်ပျူတာပရိုဂရမ်နှင့် အခြားရေးသားချက်များ၊

(ခ) ပြောကြားချက်၊ ပို့ချချက်၊ မိန့်ခွန်း၊ တရားဓမ္မဟောကြားချက်နှင့် အခြားဟောပြောချက်များ၊

(ဂ) ပြဇာတ်နှင့် ပြဇာတ်ဂီတလက်ရာ၊ ကိုယ်ဟန်အမူအရာဖြင့်သာ သရုပ်ဆောင်ချက်၊ ကကွက်စီစဉ်မှုလက်ရာနှင့် စင်မြင့်ပေါ်တွင် တင်ဆက်သည့် အခြား စာပေ သို့မဟုတ် အနုပညာလက်ရာများ၊

(ဃ) စာသားပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ တေးသီချင်းနှင့် တေးဂီတလက်ရာ၊

(င) ရုပ်ရှင်ဖန်တီးမှုလက်ရာ အပါအဝင် အရုပ်အသံလက်ရာ၊

(စ) ဗိသုကာလက်ရာ၊

(ဆ) ရေးဆွဲခြင်း၊ ရေးခြစ်ခြင်း၊ ဆေးခြယ်ခြင်း၊ ပန်းပုထုခြင်း၊ ထုဆစ်သွန်းလုပ်ခြင်း၊ ထွင်းထုခြင်း၊ ရောင်စုံဖန်မှန် ကျောက်မျက်ရတနာ စသည်တို့ဖြင့် စီခြယ်ခြင်းပြုထားသည့် လက်ရာ၊ သစ်သားဖြင့် ပြုလုပ်သည့် လက်ရာ၊ အိုးထိန်းအတတ်ပညာဖြင့်ပြုလုပ်သည့် လက်ရာ၊ သတ္တုထည်၊ မြေထည်၊ လက်ဝတ်ရတနာ၊ လက်မှုပစ္စည်း၊ ရေးခေတ်ဝတ်စုံ၊ တိုင်းရင်းသားရိုးရာအဝတ်အထည်နှင့် ဆင်ယင်ထုံးဖွဲ့မှုများ၊

(ဇ) ကျောက်ပုံနှိပ်ခြင်း၊ ရက်လုပ်ခြင်း ပြုထားသည့်လက်ရာ၊ ရွေးချယ်ထိုးနှင့် အနုစိတ်သည့် အခြား အနုပညာလက်ရာများ၊

(ဈ) ဓာတ်ပုံလက်ရာ၊

(ည) အသုံးချအနုပညာလက်ရာ၊

(ဋ) အထည်အလိပ်အဆင်၊

(ဌ) ပထဝီအနေအထားနှင့်ဖြစ်စေ၊ မျက်နှာသွင်ပြင်ဖော်ပြချက်နှင့်ဖြစ်စေ၊ ဗိသုကာလက်ရာနှင့်ဖြစ်စေ၊ သိပ္ပံပညာနှင့်ဖြစ်စေ သက်ဆိုင်သည့် ရုပ်ပြနမူနာ၊ မြေပုံ၊ စီမံချက်၊ ပုံကြမ်းနှင့် သုံးဖက်မြင်လက်ရာ။ **(စာပေနှင့်အနုပညာမူပိုင်ခွင့် ဥပဒေပုဒ်မ ၁၃)**

❑ **စာပေနှင့်အနုပညာမူပိုင်ခွင့်ဆိုသည်မှာ စာပေ သို့မဟုတ် အနုပညာလက်ရာ၏ မူလလက်ရာရှင်က ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီရရှိသော စာပေနှင့်အနုပညာဆိုင်ရာ သီးသန့်အခွင့်အရေးများကို ဆိုသည်**

❑ **အခွင့်အရေးရရှိသူဆိုသည်မှာ စာပေနှင့် အနုပညာမူပိုင်ခွင့်ရရှိသည့် မူလလက်ရာရှင် သို့မဟုတ် စာပေနှင့် အနုပညာမူပိုင်ခွင့်ပိုင်ရှင် သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေးပိုင်ရှင်ကို ဆိုသည်။ ယင်းစကားရပ်တွင် စာပေနှင့်အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွှယ်သည့်အခွင့်အရေးကို လွှဲအပ်လုပ်ကိုင်ခွင့်ပေးခြင်းခံရသူ၊ ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ရသူနှင့် တရားဝင်အမွေဆက်ခံသူလည်း ပါဝင်သည်**

*စာမျက်နှာ ၁၇ သို့*

# နေပြည်တော်ကောင်စီဝင်ဗိုလ်မှူးကြီးရဲမိုး နေပြည်တော် ပျဉ်းမနားမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**ပျဉ်းမနား နိုဝင်ဘာ ၄**

နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် နိုဝင်ဘာ ၃ ရက်က ပျဉ်းမနားမြို့နယ် နတ်သရဲကျေးရွာအုပ်စုအတွင်း ရာဂီမုန်တိုင်းအရှိန်ကြောင့် ရေကြီးနစ်မြုပ်ပျက်စီးခဲ့သည့် လယ်ယာမြေများပေါ်တွင် ဆောင်းသီးနှံ မတ်ပဲနှင့်နေကြာများ စိုက်ပျိုးနိုင်ရေးအတွက် ကွင်းဆင်းကြည့်ရှု စစ်ဆေးသည်။

နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုးသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ပျဉ်းမနားမြို့နယ်အတွင်းရှိ ရာဂီမုန်တိုင်းအရှိန်ကြောင့် ရေကြီးနစ်မြုပ်ပျက်စီးခဲ့သည့် လယ်ယာမြေများပေါ်တွင် သီးနှံများ ပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် နေပြည်တော်စက်မှုလယ်ယာဦးစီးဌာနက စက်ယန္တရားများဖြင့် ထယ်ရေးထွန်ယက်နေမှုနှင့် မြေပြုပြင်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးရာ နေပြည်တော် စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးနိုင်ဦးက ရေကြီးနစ်မြုပ်ခဲ့မှုကြောင့် ပျက်စီးခဲ့သည့် လယ်ယာမြေများပေါ်တွင် တောင်သူများအနေဖြင့် ဆောင်းသီးနှံများ ပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးက ထိခိုက်ပျက်စီးခဲ့သည့် လယ်ယာမြေများတွင် ရာသီသီးနှံများကို အောင်မြင်ဖြစ်ထွန်းအောင် စိုက်ပျိုးနိုင်ရေး၊ သီးနှံများ ပန်းတိုင်အထွက်နှုန်း ရရှိရေး၊ လယ်ယာမြေများတွင် သီးနှံများ ပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာ ဌာနဆိုင်ရာများအနေဖြင့် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြစေလိုကြောင်း၊ ရေပေးမြောင်းများနှင့် ရေနုတ်မြောင်းများအတွင်း ပေါင်းမြက်များ မရှိစေရေးကို အမြဲမပြတ် ရှင်းလင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားပြီး တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုး လယ်ယာမြေများပေါ်တွင် သီးနှံများ ပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် စက်ယန္တရားများဖြင့် မြေပြုပြင်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးစဉ်။



## ကျွန်းစုမြို့နယ်၌ မိုးစပါး (ဆင်းသုခ)စပါးမျိုး စံကွက်ရိတ်သိမ်းပွဲကျင်းပ

**ကျွန်းစု နိုဝင်ဘာ ၄**

တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ် မောင်းလော့်ကျေးရွာရှိ ကွင်းအမှတ် (၃၀၈) ဦးပိုင် (၉၇/၈) တောင်သူ ဦးမြင့်အောင်၏ လယ်ယာမြေ၌ စိုက်ပျိုးထားသည့် မိုးစပါး (ဆင်းသုခ)စပါးမျိုး စံကွက်ရိတ်သိမ်းပွဲကို နိုဝင်ဘာ ၃ ရက်က ကျင်းပရာ တစ်ဧက စပါးအစို ၁၁၃ တင်း ထွက်ရှိကြောင်း သိရသည်။

အဆိုပါ စံကွက်ရိတ်သိမ်းပွဲသို့ ကျွန်းစုမြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး ဦးအောင်ကိုကို၊ မြို့နယ်မြေစာရင်းဦးစီးဌာန ဦးစီးမှူး ဦးမျိုးသီဟ၊ မြို့နယ်သစ်တော ဦးစီးဌာနမှ တောအုပ် ဦးဇော်ကိုလတ်နှင့် တာဝန်ရှိသူများ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမိုးအောင်နှင့် ဝန်ထမ်းများ၊ အုပ်ချုပ်ရေးမှူး ဦးအောင်မျိုးဦးနှင့် ရပ်မိရပ်ဖများ၊ ဒေသခံတောင်သူများ တက်ရောက်ကြသည်။

စံကွက်ရိတ်သိမ်းပွဲကို ကျွန်းစုမြို့နယ် မောင်းလော့်ကျေးရွာရှိတောင်သူ ဦးမြင့်အောင်၏ လယ်ယာမြေတွင် စိုက်ပျိုးထားသောမိုးစပါး (ဆင်းသုခ)စပါးမျိုးစိုက်ခင်း၌ တစ်ဧက စံကွက်ရိတ်သိမ်းခဲ့ရာတွင် အစိုခတ် (၁၀ ဒသမ ၁) ရာခိုင်နှုန်းနှင့် တစ်ဧက ၁၁၃ တင်း ထွက်ရှိသည်။ ယခုနှစ်တွင် ကျွန်းစုမြို့နယ်၌ မိုးစပါးစိုက်ဧက ၁၃၀၁၉ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး နှမ်းစပါး ၁၉ ဧက၊ ဆောင်းသီးနှံနေကြာ သုံးဧက၊ ပဲတီစိမ်း နှစ်ဧကနှင့် မတ်ပဲဧက ၄၀ တို့ကို လျာထားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြင့်ဦး(မြိတ်)

## ပြည့်ဝဆီများကို တတ်နိုင်သမျှလျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ

*စာမျက်နှာ ၁၆ မှ*

စာပေ သို့မဟုတ် အနုပညာလက်ရာများ၏ ဖော်ပြချက်နည်းလမ်း သို့မဟုတ် ပုံသဏ္ဌာန်၊ ယင်းတို့၏ ပါရှိမှု၊ အရည်အသွေးနှင့် ရည်ရွယ်ချက်တို့ မည်သို့ပင်ရှိစေကာမူ ဖန်တီးမှုပါရှိပါက ယင်းစာပေ သို့မဟုတ် အနုပညာလက်ရာကို အကာအကွယ် ပေးရမည်။ **(စာပေနှင့်အနုပညာမူပိုင်ခွင့် ဥပဒေ ပုဒ်မ ၁၄)**

စာပေ သို့မဟုတ် အနုပညာလက်ရာများ၏ မူပိုင်ခွင့်ကိုမထိခိုက်စေဘဲ အောက်ဖော်ပြပါ ဆင့်ပွားလက်ရာများကို အကာအကွယ်ပေးရမည်–

(က) စာပေ သို့မဟုတ် အနုပညာလက်ရာများကို ဘာသာပြန်ဆိုခြင်း၊ မှီငြမ်းခြင်း၊ စီစဉ်ခြင်းနှင့် အခြားနည်းဖြင့် ပြောင်းလဲခြင်း သို့မဟုတ် ပြုပြင်ခြင်း၊

(ခ) ရိုးရာဓလေ့အမွေအနှစ်ဖော်ပြချက်များကို စုပေါင်းခြင်းအပါအဝင် စာပေ သို့မဟုတ် အနုပညာလက်ရာများကို စုပေါင်းခြင်း၊

(ဂ) ရွေးချယ်ခြင်း သို့မဟုတ် စီစဉ်ခြင်းဖြင့် အချက်အလက်များကို ဖတ်၍ရသည့် စက်ဖြင့်ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ စုပေါင်းခြင်းဖြစ်ပြီး ထိုသို့ စုပေါင်းရာတွင် ဖန်တီးမှုပါရှိခြင်း။ သို့ရာတွင် စုပေါင်းရာ၌ ပါဝင်သည့် အချက်အလက်များသည် အကာအကွယ်ပေးခြင်းနှင့် မသက်ဆိုင်စေရ။ **(စာပေနှင့်အနုပညာ မူပိုင်ခွင့် ဥပဒေပုဒ်မ ၁၅)**

အခန်း (၁၂) ပါ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်စေဘဲ မူလလက်ရာရှင် သို့မဟုတ် စာပေနှင့် အနုပညာမူပိုင်ခွင့်ပိုင်ရှင်သည် အောက်ဖော်ပြပါ ပြုလုပ်မှုများကို ကိုယ်တိုင်ဆောင်ရွက်ရန် သို့မဟုတ် အခြားပုဂ္ဂိုလ်တစ်ဦးဦးအား ဆောင်ရွက်ခွင့်ပြုရန် စီးပွားရေးဆိုင်ရာ သီးသန့်အခွင့်အရေးကို ရရှိစေရမည်–

(က) မူပွားခြင်း၊

(ခ) ဘာသာပြန်ဆိုခြင်း၊ မှီငြမ်းခြင်း၊ စီစဉ်ခြင်း၊ အခြားနည်းဖြင့်ပြောင်းလဲခြင်း သို့မဟုတ် ပြုပြင် မွမ်းမံခြင်း၊

(ဂ) မူရင်း သို့မဟုတ် မိတ္တူကို ရောင်းချခြင်း သို့မဟုတ် အခြားတစ်နည်းနည်းဖြင့် ပိုင်ဆိုင်မှုကို လွှဲပြောင်းခြင်းဖြင့် အများပြည်သူသို့ ဖြန့်ချီခြင်း၊

**ခြွင်းချက်။** မူလလက်ရာရှင် သို့မဟုတ် စာပေနှင့် အနုပညာမူပိုင်ခွင့်ပိုင်ရှင်သည် ယင်း၏ ခွင့်ပြုချက်ဖြင့် မည်သည့်နိုင်ငံတွင်မဆို ရောင်းချပြီးသော သို့မဟုတ် ပိုင်ဆိုင်ခွင့်ကို လွှဲပြောင်းထားပြီးသော စာပေ သို့မဟုတ် အနုပညာလက်ရာမူရင်း သို့မဟုတ် မိတ္တူအပေါ်တွင်ဖြန့်ချီသည့် အခွင့်အရေးကို မရရှိစေရ။

(ဃ) ကွန်ပျူတာပရိုဂရမ်၊ အရုပ်အသံလက်ရာ၊ ရုပ်ရှင်ဖန်တီးမှုလက်ရာ၊ ဖိုနိုဂရမ်တွင် ထည့်သွင်းထားသည့် စာပေ သို့မဟုတ် အနုပညာလက်ရာ၊ အချက်အလက် အစုအဝေး သို့မဟုတ် သင်္ကေတပုံစံဖြစ်သည့် ဂီတလက်ရာတို့၏ မူရင်း သို့မဟုတ် မိတ္တူကို အများပြည်သူသို့ အခကြေးငွေဖြင့် ငှားရမ်းခြင်း၊

**ခြွင်းချက်။** သို့ရာတွင် ငှားရမ်းခြင်း၌ ကွန်ပျူတာပရိုဂရမ်သည် ငှားရမ်းခြင်း၏ အဓိကအချက် မဟုတ်ပါက အခကြေးငွေဖြင့် ငှားရမ်းခြင်း၏ အခွင့်အရေးနှင့် သက်ဆိုင်ခြင်း မရှိစေရ။

(င) အများပြည်သူအား ဖျော်ဖြေခြင်း၊

(စ) ထုတ်လွှင့်ခြင်း၊

(ဆ) အခြားတစ်နည်းနည်းဖြင့် အများပြည်သူသို့ ဆက်သွယ်ပို့လွှင့်ခြင်း၊

(ဇ) မိမိဖန်တီးထားသည့် စာပေ သို့မဟုတ် အနုပညာလက်ရာများကို စုပေါင်းခြင်း။ **(စာပေနှင့်အနုပညာမူပိုင်ခွင့် ဥပဒေ ပုဒ်မ ၁၈)**

မူလလက်ရာရှင် သို့မဟုတ် စာပေနှင့်အနုပညာမူပိုင်ခွင့်ပိုင်ရှင်သည် ယင်း၏ စီးပွားရေးဆိုင်ရာ အခွင့်အရေးများကို ပုဂ္ဂိုလ်တစ်ဦးဦးအား ဤဥပဒေ အခန်း(၁၃) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ လွှဲပြောင်းခြင်းပြုနိုင်သည်။ **(စာပေနှင့်အနုပညာ မူပိုင်ခွင့်ဥပဒေ ပုဒ်မ ၁၉)**

မူလလက်ရာရှင်သည် စာပေ သို့မဟုတ် အနုပညာလက်ရာနှင့်စပ်လျဉ်း၍ ပုဒ်မ ၁၈ ပါ အခွင့်အရေးများကို ပိုင်ဆိုင်ခြင်းမရှိစေကာမူ အောက်ဖော်ပြပါ ကိုယ်ကျင့်သိက္ခာဆိုင်ရာ သီးသန့်အခွင့်အရေးများကို ရရှိစေရမည်–

(က) မူလလက်ရာရှင်ဖြစ်ကြောင်း တောင်းဆိုနိုင်သည့် အခွင့်အရေးနှင့် အများပြည်သူ အသုံးပြုသည့် စာပေ သို့မဟုတ် အနုပညာလက်ရာ မိတ္တူများပေါ်တွင် မူလလက်ရာရှင်အဖြစ် မိမိ၏အမည်ကို ဖော်ပြခွင့်၊

(ခ) အများပြည်သူရရှိခံစားနိုင်ရန် တရားဝင်ပြုလုပ်ထားသည့် စာပေ သို့မဟုတ် အနုပညာလက်ရာ မိတ္တူများပေါ်တွင် မူလကအမည်ဝှက်၊ အမည်ပွားဖြင့် ဖော်ပြထားပြီးဖြစ်လျှင် ယင်းအမည်ဝှက်၊ အမည်ပွား ဖော်ပြခွင့်၊

(ဂ) စာပေ သို့မဟုတ် အနုပညာလက်ရာနှင့်စပ်လျဉ်း၍ မိမိ၏ဂုဏ်သိက္ခာနှင့် ထင်ရှားကျော်ကြားမှုကို ထိခိုက်စေရန် တစ်နည်းနည်းဖြင့် လက်ရာကို ချို့ယွင်းစေခြင်း၊ ပြုပြင်ခြင်း သို့မဟုတ် ပျက်စေခြင်းကိုသော်လည်းကောင်း၊ ယုတ်လျော့သေးသိမ်စေရန် အခြားတစ်နည်းနည်းဖြင့် ပြုလုပ်ခြင်းကို သော်လည်းကောင်း ကန့်ကွက်ပိုင်ခွင့်။ **(စာပေနှင့်အနုပညာ မူပိုင်ခွင့်ဥပဒေပုဒ်မ ၂၀)**

မူလလက်ရာရှင်သည် (က) ကွယ်လွန်ပြီးဖြစ်ပါက သေတမ်းစာဖြင့် တရားဝင်အမွေဆက်ခံသူကဖြစ်စေ၊ မူလလက်ရာရှင်နှင့် သက်ဆိုင်သည့် ဥပဒေအရ အမွေဆက်ခံသူကဖြစ်စေ၊ ယင်းမကွယ်လွန်မီက ဥပဒေအရ လွှဲအပ်ခြင်းခံရသည့် လူပုဂ္ဂိုလ် သို့မဟုတ် တရားဝင်တည်ထောင်ထားသော အဖွဲ့အစည်းကဖြစ်စေ ပုဒ်မ ၂၀ ပါ ကိုယ်ကျင့်သိက္ခာဆိုင်ရာ သီးသန့်အခွင့်အရေးတစ်ရပ်ရပ်ကို ဆက်ခံပိုင်ခွင့်ရှိသည်။(ခ) သီးသန့်အသုံးပြုမှုများအတွက် ကိုယ်ကျင့်သိက္ခာဆိုင်ရာအခွင့်အရေးကို စွန့်လွှတ်နိုင်သည်။ ယင်းသို့ စွန့်လွှတ်ကြောင်းကို စာဖြင့် ရေးသားလက်မှတ်ရေးထိုး၍ ပြုလုပ်ရမည်။ **(စာပေနှင့်အနုပညာမူပိုင်ခွင့်ဥပဒေ ပုဒ်မ ၂၁)**

မူပိုင်ခွင့်တရားစီရင်ရေးသည် မူပိုင်ခွင့်ချိုးဖောက်မှုများကို ရာဇဝတ်ကြောင်းအရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ အရေးယူခြင်းဖြင့် မူပိုင်ခွင့်ပိုင်ရှင်များ၏ မူပိုင်ခွင့်အခွင့်အရေးကို အကာအကွယ်ပေးခြင်း၊ တီထွင်ဆန်းသစ်မှုများကို အားပေးခြင်းတို့ဖြင့် နိုင်ငံတော်၏ နည်းပညာဖွံ့ဖြိုးတိုးတက်မှု၊ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်စေမှု၊ နိုင်ငံတော်၏ စီးပွားရေးတိုးတက်မှုတို့ကို တရားစီရင်ရေးလုပ်ငန်းဖြင့် အထောက်အကူပြုရာရောက်သောကြောင့် စာပေ သို့မဟုတ် အနုပညာလက်ရာများ (Literary or artistic works) ဆိုင်ရာပြဋ္ဌာန်းချက်များကို စုစည်းတင်ပြအပ်ပါသည်။ ။

# ဥပဒေများကို သိရှိရုံဖြင့် မရရှိဘဲ ဥပဒေကို လိုက်နာစောင့်ထိန်းကြမှသာလျှင် တရားဥပဒေစိုးမိုးရေး အားကောင်းလာမည်

**မော်လမြိုင် နိုဝင်ဘာ ၄**

ဥပဒေရေးရာ ဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သော Grade-11 နှင့် Grade 12 သင်ဆရာများအတွက် ဥပဒေအသိပညာ ပြန့်ပွားရေး ဆရာဖြစ် သင်တန်းအမှတ်စဉ်(၁) ဖွင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၄ ရက်က မော်လမြိုင်မြို့ အမှတ်(၈)အခြေခံပညာ အထက်တန်းကျောင်း ယင်းမာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက မိမိတို့နိုင်ငံသားတိုင်းအနေဖြင့် ဥပဒေကို သိရှိလိုက်နာရန် လိုအပ်ပြီး ဥပဒေပညာရပ်ကို ကျယ်ပြန့်စွာ သင်ကြားပေးနိုင်ရန် အသိပညာပေးခြင်းသည် အရေးပါသော အခန်းကဏ္ဍတွင် ပါဝင်နေကြောင်း၊ ဥပဒေဆိုသည်မှာ နိုင်ငံတစ်နိုင်ငံအတွက် မရှိမဖြစ်လိုအပ်သည့် အရာတစ်ခုဖြစ်သည့်အပြင် မိမိတို့နိုင်ငံအတွင်း နေထိုင်သည့် နိုင်ငံသားများ၊ ပြည်သူများ မဖြစ်မနေ သိရှိလိုက်နာစောင့်ထိန်းကြရမည့် သတ်မှတ်ပြဋ္ဌာန်းချက်တစ်ရပ်လည်း ဖြစ်ကြောင်း၊ ပြည်သူများအနေဖြင့် နိုင်ငံတော်က ပြဋ္ဌာန်းထားသည့် ဥပဒေများကို သိရှိရုံဖြင့်မရရှိဘဲ ဥပဒေကို လိုက်နာစောင့်ထိန်းကြမှသာလျှင် တရားဥပဒေစိုးမိုးရေး အားကောင်းလာမည်ဖြစ်ကြောင်း၊ ကျောင်းသားကျောင်းသူများ ဥပဒေပိုင်းဆိုင်ရာ အသိအမြင်များရရှိနိုင်ရေး ဥပဒေပညာရပ်ကို တက္ကသိုလ်များတွင် သင်ကြားပေးလျက် ရှိသကဲ့သို့ Grade 11 နှင့် Grade 12 အတန်းများတွင် ဥပဒေပိုင်းဆိုင်ရာ အခြေခံအသိအမြင်များကို သင်ကြားပို့ချပေးကြရမည်ဖြစ်၍ ယခုကျင်းပသည့် ဥပဒေအသိပညာပြန့်ပွားရေးဆရာဖြစ်သင်တန်းတွင် ပို့ချသူများကို အထူးဂရုပြု လေ့လာမှတ်သားနာယူကြရန် တိုက်တွန်းမှာကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက တက်ရောက်လာသော သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ပြီး အဆိုပါ ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းတွင် အခြေခံပညာကျောင်းနှင့် ကိုယ်ပိုင်ကျောင်းများမှ ဆရာ ဆရာမ စုစုပေါင်း ၉၈ ဦး တက်ရောက်ကာ သင်တန်းကို နိုဝင်ဘာ ၄ ရက်မှ ၁၄ ရက်အထိ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။



ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း သင်တန်းသားဆရာ၊ ဆရာမများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

**စည်သူ(ပြန်/ဆက်)**



# မုံရွာမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ပဲမျိုးစုံ ဧက ၄၀၉၆၅ လျာထားစိုက်ပျိုးမည်

**မုံရွာ နိုဝင်ဘာ ၄**

၂၀၂၄-၂၀၂၅ ခုနှစ် ဆောင်းသီးနှံစိုက်ပျိုးချိန်တွင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်၌ ဆောင်းသီးနှံပဲမျိုးစုံ ၄၀၉၆၅ ဧက စိုက်ပျိုးရန် လျာထားကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဒေသခံတောင်သူများအနေဖြင့် ဈေးကွက်ကောင်းဝင်နိုင်သည့် ပဲမျိုးများကို ရွေးချယ်စိုက်ပျိုးလာကြကြောင်း၊ အဆိုပါ ပဲမျိုးများသည် စိုက်ပျိုးရေ လိုအပ်ချက်နည်းသည့် သီးနှံများဖြစ်ကြောင်း၊ ပဲစားသုံးမှုနှင့်ကုန်ထုတ်လုပ်မှုများ အားကောင်းလာသည့်အတွက် စပါးစိုက်ပျိုးရေးပြီးလျှင် မုံရွာမြို့နယ်၌ ပဲမျိုးစုံစိုက်ပျိုးမှုသည် အများဆုံးဖြစ်ကြောင်း၊ ပိုလျှံသည့်ပဲများကိုလည်း အခြားတိုင်းဒေသကြီး၊ နိုင်ငံခြားကို ပို့နိုင်သည်အထိ စိုက်ပျိုးထုတ်လုပ်မှုများရှိကြောင်း တာဝန်ရှိသူက ပြောသည်။

မုံရွာမြို့နယ်အတွင်းရှိ တောင်သူများ ပဲမျိုးစုံစိုက်ပျိုးရေးအဖြစ် မတ်ပဲ ဧက ၈၅၀၊ ပဲတီစိမ်း ဧက ၁၅၉၀၊ ထောပတ်ပဲ ၉၉၅ ဧက၊ စွန်တာပြာ ဧက ၁၂၇၃၀၊ ကုလားပဲ ၁၇၇၉၀ ဧက၊ ပဲလွမ်းဧက ၆၀၀၊ ပဲကြီး ဧက ၅၅၅၀ နှင့် အခြားပဲ ဧက ၈၆၀ ကို စိုက်ပျိုးရန် လျာထားကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ပေါင်မြို့နယ်(အထက)မုတ္တမကျောင်း၌ ယာဉ်စည်းကမ်း လမ်းစည်းကမ်းနှင့် ဥပဒေရေးရာဆိုင်ရာ အသိပညာပေး

**ပေါင် နိုဝင်ဘာ ၄**

မွန်ပြည်နယ် ပေါင်မြို့နယ် (အထက)မုတ္တမကျောင်း၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် ဥပဒေရေးရာဆိုင်ရာ အသိပညာပေးဟောပြောခြင်းကို ယနေ့နံနက် ၁၀ နာရီက ပညာရတနာခန်းမ၌ ပြုလုပ်သည်။

အခမ်းအနားတွင် မြို့နယ်ဥပဒေအရာရှိဦးမျိုးထက်ကျော်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာဥပဒေများ၊ ပြစ်မှုပြစ်ဒဏ်များနှင့် ကျောင်းသား ကျောင်းသူများသိသင့်သည့် ဥပဒေဆိုင်ရာများကို ဟောပြောသည်။

ဆက်လက်၍ မုတ္တမမြို့မ စခန်းမှူးရဲအုပ် ရဲစိုး၊ အမှတ်(၁၂) ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲ ဒုရဲအုပ် ဝေလင်းထက်နှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တင်ဇာစိုးတို့က မူးယစ်ဆေးဝါး၏ ဆိုးကျိုးများ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ၊ စာဖတ်ခြင်း၏ အကျိုးကျေးဇူးများ၊ လူကုန်ကူးမှု၏ ဆိုးကျိုးများကို ဟောပြောသည်။

ထို့နောက် ပေါင်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး သံမရောင်းက ဖြည့်စွက် ဆွေးနွေးကာ ကျောင်းသား ကျောင်းသူများ၏ မေးမြန်းမှုများကို တာဝန်ရှိသူများက ဖြေကြားကြသည်။ ယင်းနောက် ပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေးဦးစီးဌာနက ခင်းကျင်းပြသထားသည့် နံရံကပ်စာစောင်များ ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

**မွန်မလေး (ပြန်/ဆက်)**



# ရွှေတောင်မြို့နယ်၌ ၂၀၂၄- ၂၀၂၅ ခုနှစ် ကျောင်းသားများ ပါဝင်ဆောင်ရွက်မှု တိုးမြှင့်စေရန် အစပျိုးလှုပ်ရှားမှု မြို့နယ်အဆင့် ဆွေးနွေးပွဲကျင်းပ



**ရွှေတောင် နိုဝင်ဘာ ၄**

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ် အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း ရတနာခန်းမ၌ ယနေ့နံနက်ပိုင်းက ၂၀၂၄- ၂၀၂၅ ခုနှစ် ကျောင်းသားများ ပါဝင်ဆောင်ရွက်မှု တိုးမြှင့်စေရန် အစပျိုးလှုပ်ရှားမှု "Student Participation Initaitive (SPI)" အကောင်ထည်ဖော်ဆောင်ရွက်မှုများ မြို့နယ်အဆင့်ဆွေးနွေးပွဲသင်တန်း ကျင်းပသည်။ (ဓာတ်ပုံ)

အခမ်းအနားတွင် မြို့နယ်ပညာရေးမှူး ဦးကျော်ဦးက အမှာစကားပြောကြားသည်။ အဆိုပါသင်တန်းကို သင်တန်းနည်းပြ နှစ်ဦး၊ ပညာရေးရုံးအဖွဲ့နှစ်ဦးတို့ဖြင့် အခြေခံပညာအထက်တန်းနှင့် အခြေခံပညာမူလတန်းလွန်ကျောင်း ကျောင်းအုပ်ဆရာ ဆရာမ ၄၇ ဦး သင်တန်းတက်ရောက်ကြပြီး သင်တန်းကာလမှာ နိုဝင်ဘာ ၄ ရက်မှ ၆ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**ကိုကိုမင်း (ပြန်/ဆက်)**

# MNL ပြိုင်ပွဲတွင် အား/ကာသိပ္ပံနှင့် ရောဝတီယူနိုက်တက် အမှတ်ပြည့်ရယူ

**ရန်ကုန် နိုဝင်ဘာ ၄**

၂၀၂၄-၂၀၂၅ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁၃) ဒုတိယနေ့ကို နိုဝင်ဘာ ၄ ရက်က ဆက်လက်ကျင်းပရာ ရောဝတီယူနိုက်တက်နှင့် အား/ကာသိပ္ပံအသင်း အနိုင်ရခဲ့သည်။

သုဝဏ္ဏကွင်း၌ ကျင်းပသည့်ပွဲတွင် အား/ကာသိပ္ပံအသင်းက ဒဂုံစတားယူနိုက်တက်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ယမန်နေ့ ကစားသည့်ပွဲတွင် ဒုတိယနေရာမှ ဟံသာဝတီနှင့် တတိယနေရာမှရန်ကုန်ယူနိုက်တက်တို့ သရေကျခဲ့သဖြင့် ဒဂုံစတားယူနိုက်တက်အသင်းအနေဖြင့် ယခုပွဲအနိုင်ရပါက အမှတ်ကွာဟမှုလျှော့ချနိုင်မည်ဖြစ်သော်လည်း ယင်းအခွင့်အရေး လက်လွှတ်ခဲ့ရသည်။ အား/ကာသိပ္ပံအသင်းသည် ယခုနိုင်ပွဲကြောင့် ထိပ်ဆုံးငါးသင်းစာရင်းဝင်ရန် အခွင့်အရေးရှိလာသည်။

အား/ကာသိပ္ပံအသင်းသည် ဇင်ရဲနောင်၊ သိန်းဇော်သီဟ၊ ခိုင်ရဲဝင်း၊ ဝင်းပြည့်မောင်၊ သန်းတိုးအောင်တို့ဖြင့် လူစုံခဲ့သလို ဒဂုံစတား ယူနိုက်တက် အသင်းကလည်း အသစ်ခေါ်ယူထားသည့် အောင်နိုင်ဝင်း၊ သီဟထက်အောင် အပါအဝင် ကျော်ဇင်လွင်၊ ငြိမ်းချမ်း၊ ဆွမ်လမန်၊ ဇင်မင်းထွန်း စသည့် အမာခံကစားသမားအားလုံး အသုံးပြုခဲ့သည်။ အား/ကာသိပ္ပံအသင်းအတွက် ဂိုးများကို ၁၄ မိနစ်တွင် စောဆဲကပေါ်ဆေးနှင့် ၄၅+၂ မိနစ်တွင် သန်းတိုးအောင်တို့က သွင်းယူပြီး ဒဂုံစတားအသင်းအတွက် ချေပဂိုးတစ်ဂိုးကို ၉၀+၅ မိနစ်တွင် ဆွမ်လမန်က သွင်းယူခဲ့သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို အား/ကာသိပ္ပံ တိုက်စစ်ကစားသမား သန်းတိုးအောင်က ရရှိသည်။

YUSC ကွင်း၌ ကျင်းပသည့်ပွဲတွင် ရောဝတီယူနိုက်တက်အသင်းက မြဝတီအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ တန်းဆင်းဇုန်အတွက် အရေးပါသည့်ပွဲတွင် ရောဝတီယူနိုက်တက်အသင်း နိုင်ပွဲရယူနိုင်ခဲ့ပြီး ရှုံးပွဲကြုံတွေ့ခဲ့သည့် မြဝတီအသင်းမှာမူ ဆက်လက်ရုန်းကန်ရမည်ဖြစ်သည်။ ရောဝတီယူနိုက်တက်အသင်းအတွက် ဂိုးများကို မိနစ် ၂၀ တွင် ရာဇာအောင်၊ ၅၁ မိနစ်တွင် ရန်ပိုင်စိုးနှင့် ၇၇ မိနစ်တွင် အောင်ပြည့်ဖြိုးတို့က သွင်းယူပြီး ၆၇ မိနစ်တွင် စောအောင်မျိုးထွန်းက မြဝတီအသင်းအတွက် ချေပဂိုးတစ်ဂိုးပြန်သွင်းခဲ့သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို ရောဝတီယူနိုက်တက်တိုက်စစ်မှူး ရာဇာအောင်က ရရှိသည်။

ပွဲစဉ် (၁၃) တတိယနေ့ကို နိုဝင်ဘာ ၅ ရက်တွင် သုဝဏ္ဏကွင်း၌ ဆက်လက်ကျင်းပမည်ဖြစ်ပြီး မဟာယူနိုက်တက်အသင်းနှင့် ရခိုင်ယူနိုက်တက်အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ **ရဲရင့်လွင်**

လှျပ်စစ်ကိုချွေတာသုံးစွဲခြင်းဖြင့် မီတာခများများ ကျသင့်ခြင်းမှ ရှောင်ရှားပါ

## ရွှေတောင်မြို့နယ်၌ မိုးနှမ်းများရိတ်သိမ်းပြီးစီး တောင်သူများအကျိုးအမြတ်ရ



ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ်တွင် သီးနှံမျိုးစုံ နှစ်စဉ်စိုက်ပျိုးလျက်ရှိရာ မိုးနှမ်းသီးနှံ စုစုပေါင်း ၃၂၂၆ ဧက စိုက်ပျိုးထားရှိပြီး ဝါးတောကျေးရွာအုပ်စု ဖားအိုင့်ကျေးရွာ၌ မိုးနှမ်း ၁၇ ဧကခန့် စိုက်ပျိုးထားရှိကြောင်း သိရသည်။


မိုးနှမ်းကို ဇွန်လဆန်းပိုင်းတွင် စတင်စိုက်ပျိုးပြီး အောက်တိုဘာလတွင် ရိတ်သိမ်းရကြောင်း၊ စိုက်ပျိုးထုတ်လုပ်မှုအတွက် မျိုး၊ လုပ်သား၊ သွင်းအားစုအပါအဝင် တစ်ဧကလျှင် ငွေကျပ်လေးသိန်းခန့်ကုန်ကျပြီး တစ်ဧကလျှင် ၁၀ တင်းခန့် ထွက်ရှိကြောင်း၊ ယခုနှစ် မိုးနှမ်းတစ်တင်းလျှင် ငွေကျပ် ၁၅၀၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပြီး တစ်ဧကလျှင် ငွေကျပ် ၁၁ သိန်း အမြတ်ရရှိကြောင်း၊ ဈေးကွက်အနေဖြင့် ရွှေတောင်မြို့ပေါ်ရှိ သီးနှံပွဲရုံများသို့ ရောင်းချလျက်ရှိပြီး ယခင်နှစ်ကထက် တစ်တင်းလျှင် ငွေကျပ် ၅၀၀၀၀ ပိုမိုရရှိသောကြောင့် တောင်သူများ အကျိုးအမြတ် ရရှိလျက်ရှိကြောင်း သိရသည်။

**DOCA (ပဲခူး)**

## မကွေးမြို့နယ် ပုထိုးစမ်းကျေးရွာတွင် ဆောင်းပဲတီစိမ်း စိုက်ပျိုးလျက်ရှိပြီး ဈေးကောင်းရရန်မျှော်လင့်

မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် မကြီးကန်ကျေးရွာအုပ်စုရှိ ပုထိုးစမ်းကျေးရွာတွင် နှမ်း၊ မြေပဲ၊ ကုလားပဲ၊ ပဲတီစိမ်း၊ မတ်ပဲနှင့် ပဲစင်းငုံသီးနှံများကို အဓိကစိုက်ပျိုးကြပြီး ပဲတီစိမ်းသီးနှံကို တောင်သူ ၅၀ က စုစုပေါင်း ဧက ၁၀၀၀ ခန့် စိုက်ပျိုးထားကြောင်း သိရသည်။

ပဲတီစိမ်းသီးနှံကို အောက်တိုဘာလလဆန်းပိုင်းတွင် စတင်စိုက်ပျိုးပြီး ဇန်နဝါရီလတွင် ရိတ်သိမ်းရကြောင်း၊ စိုက်ပျိုးမှုအနေဖြင့် ယခင်နှစ်က မျိုးကောင်းမျိုးသန့်အဖြစ် ဖယ်ချန်ထားသော ပဲတီစိမ်းမျိုးကိုအသုံးပြု၍ ကြဲပက်စနစ်ဖြင့် စိုက်ပျိုးကြပြီး တစ်ဧကလျှင် မျိုးနှစ်တင်းခန့် ကုန်ကျကြောင်း၊ စိုက်ပျိုးမှုအတွက် မြေပြုပြင်ခ၊ လုပ်သားခနှင့် သွင်းအားစုအပါအဝင် ငွေကျပ် ၃၀၀၀၀၀ ခန့် ကုန်ကျကြောင်း၊ ယခင်နှစ်က ပဲတီစိမ်းတစ်ဧကလျှင် ၁၂ တင်းခန့်ထွက်ရှိပြီး တစ်တင်းလျှင် ငွေကျပ် ၅၅၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ရာ ငွေကျပ် ၃၆၀၀၀၀ ခန့် အမြတ်ရရှိခဲ့ကြောင်း၊ ဈေးကွက်အနေဖြင့် မကွေးမြို့ပေါ်ရှိ ပွဲရုံများသို့ တင်ပို့ရောင်းချကြောင်း သိရသည်။



အောက်တိုဘာလစတုတ္ထပတ် ဈေးနှုန်းအနေဖြင့် ပဲတီစိမ်း တစ်တင်းလျှင် ငွေကျပ် ၇၅၀၀၀-၇၇၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပြီး ဈေးကောင်းရရှိလျက်ရှိသောကြောင့် သီးနှံပေါ်ချိန်တွင် အထွက်နှုန်းကောင်းမွန်ပါက အကျိုးအမြတ်ပိုမိုရရှိရန် မျှော်လင့်လျက်ရှိကြောင်း ပဲတီစိမ်းစိုက်တောင်သူ တစ်ဦးထံမှ သိရသည်။

**DOCA (မကွေး)**

## အထက်မင်းလှမြို့နယ် ဥယျာဉ်ကျေးရွာ၌ ဆောင်းကုလားပဲသီးနှံများ စတင်စိုက်ပျိုး

မကွေးတိုင်းဒေသကြီး အထက်မင်းလှမြို့နယ်၌ သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိရာ ပန်းတော်ပြင်ကျေးရွာအုပ်စု ဥယျာဉ်ကျေးရွာ၌ ဆောင်းသီးနှံ ကုလားပဲကို တောင်သူ ၆၀ က စုစုပေါင်း ဧက ၃၀၀ ခန့် စိုက်ပျိုးထားရှိကြောင်း သိရသည်။

ကုလားပဲသီးနှံကို အောက်တိုဘာလစတုတ္ထပတ်တွင် စတင်စိုက်ပျိုးပြီး သုံးလခန့်အကြာတွင် ခူးဆွတ်ရိတ်သိမ်းရကြောင်း၊ မျိုးအနေဖြင့် ယခင်နှစ် မျိုးချန်ထားသည့် ဒေသခံတောင်သူများဆီမှ ကုလားပဲမျိုး တစ်တင်းလျှင် ငွေကျပ်တစ်သိန်းခန့်ဖြင့်ဝယ်ယူ၍ ထွန်ကြောင်းဆွဲ အစေ့ချစနစ်ဖြင့် စိုက်ပျိုးကြောင်း၊ စိုက်ပျိုးမှုအတွက် မျိုးဝယ်ယူစရိတ်၊ လုပ်သားခနှင့် အခြားသွင်းအားစုတို့အတွက် ယခင်နှစ်က တစ်ဧကလျှင် စုစုပေါင်း ငွေကျပ် လေးသိန်းခွဲခန့် ကုန်ကျပြီး ယခုနှစ်တွင် သွင်းအားစုစရိတ်မြင့်တက်လာ၍ ငွေကျပ်ငါးသိန်းခန့် ကုန်ကျကြောင်း၊ ယခင်နှစ်က တစ်ဧကလျှင် ၁၂ တင်းခန့်ထွက်ရှိပြီး တစ်တင်းလျှင် ငွေကျပ် ၈၀၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ရာ တစ်ဧကလျှင် ငွေကျပ် ငါးသိန်းကျော် ရရှိခဲ့ကြောင်း၊ ဈေးကွက်အနေဖြင့် အထက်မင်းလှမြို့ရှိ ပွဲရုံများသို့ တင်ပို့ရောင်းချကြောင်း၊ ယခုနှစ် အောက်တိုဘာလစတုတ္ထပတ်တွင် ကုလားပဲတစ်တင်းလျှင် ငွေကျပ် ၉၆၅၀၀-၉၇၅၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပြီး ဆောင်းကုလားပဲပေါ်ချိန်တွင် အထွက်နှုန်းကောင်းမွန်ပြီး ဈေးကောင်းရရှိပါက အကျိုးအမြတ်များ ပိုမိုရရှိမည်ဖြစ်ကြောင်း တောင်သူတစ်ဦးထံမှ သိရသည်။

**DOCA (မကွေး)**



### ၄.၁၁.၂၀၂၄ ရက်နေ့ တိုင်းဒေသကြီးနှင့် ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါးဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ဧစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ဧရာတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ(ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၃၆၀၀ | | ၉၀၀၀ | ၂၈၀၀၀ | ၁၀၀၅၅ | ၂၂၀၀၀ | ၇၀၀၀ | ၂၃၀၀၀ | ၁၆၀၀၀ | ၁၁၀၀၀ | ၁၂၀၀၀ | ၄၀၀၀ | ၁၅၀၀၀ | ၁၃၀၀၀ | ၁၂၀၀၀ | ၆၀၀၀ | ၁၀၀၀၀ | ၄၅၀၀၀ | ၄၀၀၀၀ | ၂၈၀၀၀ | ၃၅၀၀၀ | ၃၀၀၀၀ |
| ၂ | ကျိုင်းတုံ | ၅၃၀၀ | | ၇၇၀၀ | ၂၂၀၀၀ | - | ၁၆၀၀၀ | ၅၈၀၀ | ၂၀၀၀၀ | ၁၇၀၀၀ | ၁၃၀၀၀ | ၉၀၀၀ | ၂၀၀ | ၁၁၀၀၀ | ၉၅၀၀ | ၇၀၀၀ | ၆၅၀၀ | ၇၀၀၀ | ၁၉၀၀၀ | ၃၀၀၀၀ | ၂၇၀၀၀ | | ၁၆၀၀၀ |
| ၃ | တောင်ကြီး | ၃၆၀၀ | ၃၄၀၀ | ၇၂၀၀ | ၂၀၀၀၀ | ၇၅၃၅ | ၁၇၅၀၀ | ၄၀၀၀ | ၁၄၀၀၀ | ၁၃၀၀၀ | ၇၀၀၀ | ၈၀၀၀ | ၁၀၀၀ | ၁၁၀၀၀ | ၈၅၀၀ | ၅၅၀၀ | ၇၀၀၀ | ၅၅၀၀ | ၂၂၀၀၀ | ၂၅၀၀၀ | ၂၄၀၀၀ | ၃၀၀၀၀ | ၁၆၀၀၀ |
| ၄ | လွိုင်ကော် | ၅၀၀၀ | | ၈၅၀၀ | ၂၀၀၀၀ | ၈၂၀၀ | ၁၅၀၀၀ | ၄၀၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | | ၄၀၀၀ | ၁၀၀၀ | ၁၁၀၀၀ | ၇၅၀၀ | ၃၀၀၀ | ၇၀၀၀ | ၆၀၀၀ | ၂၄၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၃၀၀၀၀ | ၂၀၀၀၀ |
| ၅ | ဘားအံ | ၃၆၀၀ | | ၆၅၀၀ | ၂၀၀၀၀ | ၇၃၀၀ | ၁၅၀၀၀ | ၄၈၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၁၅၀၀ | ၁၂၀၀၀ | ၈၀၀၀ | ၈၀၀၀ | ၈၀၀၀ | ၆၅၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၂၂၀၀၀ | ၁၂၀၀၀ |
| ၆ | မော်လမြိုင် | ၃၄၀၀ | | ၅၃၀၀ | ၁၉၀၀၀ | ၇၀၄၀ | ၁၂၀၀၀ | ၅၅၀၀ | ၁၈၀၀၀ | ၂၅၀၀၀ | ၁၅၀၀၀ | ၁၂၀၀၀ | ၁၂၀၀ | ၁၂၀၀၀ | ၈၀၀၀ | ၉၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၂၂၀၀၀ | ၂၈၀၀၀ | ၁၈၀၀၀ | ၃၃၀၀၀ | ၁၂၀၀၀ |
| ၇ | ထားဝယ် | ၃၇၀၀ | | ၆၆၀၀ | ၂၀၀၀၀ | ၇၃၀၀ | ၁၄၅၀၀ | ၅၂၀၀ | ၁၉၀၀၀ | ၂၀၀၀၀ | | ၁၂၀၀၀ | ၆၀၀ | ၁၁၀၀၀ | ၈၅၀၀ | ၈၅၀၀ | ၈၀၀၀ | ၅၅၀၀ | ၂၀၀၀၀ | ၂၈၀၀၀ | ၂၀၀၀၀ | ၂၅၀၀၀ | |
| ၈ | မြိတ် | ၃၇၅၀ | | ၆၂၅၀ | ၁၇၀၀၀ | ၇၅၀၀ | ၁၅၀၀၀ | ၅၀၀၀ | ၁၈၀၀၀ | ၂၀၀၀၀ | ၁၁၀၀၀ | ၈၀၀၀ | ၁၂၀၀ | ၁၂၀၀၀ | ၉၀၀၀ | ၉၀၀၀ | ၉၀၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၃၀၀၀၀ | ၂၈၀၀၀ | ၃၂၀၀၀ | |
| ၉ | ရန်ကုန် | ၃၄၀၀ | | ၅၅၀၀ | ၂၀၀၀၀ | ၇၀၀၀ | ၁၄၀၀၀ | ၅၀၀၀ | ၂၂၀၀၀ | ၂၄၀၀၀ | ၁၄၀၀၀ | ၈၀၀၀ | ၁၀၀၀ | ၁၁၀၀၀ | ၇၀၀၀ | ၈၀၀၀ | ၈၀၀၀ | ၅၂၀၀ | ၂၀၀၀၀ | ၂၇၀၀၀ | ၂၃၀၀၀ | ၃၀၀၀၀ | ၈၀၀၀ |
| ၁၀ | ပုသိမ် | ၃၅၅၀ | | ၅၂၀၀ | ၂၃၀၀၀ | ၇၃၅၀ | ၈၅၀၀ | ၄၂၀၀ | ၁၈၀၀၀ | ၂၃၀၀၀ | ၇၀၀၀ | ၁၂၀၀၀ | ၄၀၀ | ၉၀၀၀ | ၈၀၀၀ | ၈၀၀၀ | ၇၅၀၀ | ၅၂၀၀ | ၂၀၀၀၀ | ၂၄၀၀၀ | ၂၀၀၀၀ | ၂၇၀၀၀ | ၉၅၀၀ |
| ၁၁ | ဟားခါး | | | ၁၁၀၀၀ | ၂၆၀၀၀ | - | ၅၈၀၀၀ | ၆၅၀၀ | ၃၅၀၀၀ | | | ၄၀၀၀ | ၁၄၀၀ | | ၁၅၅၀၀ | | ၆၀၀၀ | ၉၀၀၀ | ၃၃၀၀၀ | ၃၀၀၀၀ | ၃၀၀၀၀ | | ၃၀၀၀၀ |
| ၁၂ | မုံရွာ | ၃၇၀၀ | | ၆၅၀၀ | ၁၄၅၀၀ | ၇၆၅၀ | ၁၅၀၀၀ | ၃၅၀၀ | ၁၃၅၀၀ | ၁၉၀၀၀ | ၁၃၀၀၀ | ၆၀၀၀ | ၁၀၀၀ | ၈၁၀၀ | ၆၇၀၀ | ၅၅၀၀ | ၆၀၀၀ | ၆၀၀၀ | ၂၁၀၀၀ | ၂၂၀၀၀ | ၁၈၀၀၀ | ၂၂၀၀၀ | ၁၂၀၀၀ |
| ၁၃ | မန္တလေး | ၄၀၀၀ | | ၆၅၀၀ | ၁၆၅၀၀ | ၇၆၀၀ | ၁၄၀၀၀ | ၄၀၀၀ | ၁၈၀၀၀ | ၂၀၀၀၀ | ၈၀၀၀ | ၈၀၀၀ | ၁၀၀၀ | ၇၅၀၀ | ၈၀၀၀ | ၆၀၀၀ | ၈၀၀၀ | ၅၆၀၀ | ၂၄၀၀၀ | ၂၇၀၀၀ | ၂၆၀၀၀ | ၂၈၀၀၀ | ၁၅၀၀၀ |
| ၁၄ | ပခုက္ကူ | ၄၀၀၀ | | ၆၅၀၀ | ၁၄၀၀၀ | ၇၄၀၀ | ၁၀၀၀၀ | ၃၈၀၀ | ၁၃၀၀၀ | ၂၁၀၀၀ | ၁၂၀၀၀ | ၅၅၀၀ | ၇၀၀ | ၈၅၀၀ | ၈၅၀၀ | ၈၀၀၀ | ၆၈၀၀ | ၅၀၀၀ | ၂၄၀၀၀ | ၂၆၀၀၀ | ၂၂၀၀၀ | ၂၀၀၀၀ | ၁၁၀၀၀ |
| ၁၅ | မကွေး | ၄၃၀၀ | | ၆၆၅၀ | ၁၅၀၀၀ | ၇၄၅၀ | ၁၄၀၀၀ | ၄၀၀၀ | ၁၆၀၀၀ | ၁၇၀၀၀ | ၁၀၀၀၀ | ၇၅၀၀ | ၁၂၀၀ | ၇၀၀၀ | ၈၅၀၀ | ၄၅၀၀ | ၇၀၀၀ | ၅၀၀၀ | ၂၂၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၁၃၅၀၀ |
| ၁၆ | ပြည် | ၃၀၀၀ | | ၅၃၀၀ | ၁၆၀၀၀ | ၇၄၀၀ | ၉၅၀၀ | ၄၂၀၀ | ၁၃၅၀၀ | ၁၈၀၀၀ | | ၅၀၀၀ | ၄၅၀ | ၁၂၀၀၀ | ၇၅၀၀ | ၅၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၁၅၀၀၀ | ၂၃၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၁၂၀၀၀ |
| ၁၇ | ပဲခူး | ၃၀၀၀ | | ၅၃၀၀ | ၁၇၅၀၀ | ၇၄၀၀ | ၁၀၀၀၀ | ၄၂၀၀ | ၁၂၅၀၀ | ၁၈၀၀၀ | ၆၀၀၀ | ၅၅၀၀ | ၄၅၀ | ၉၀၀၀ | ၇၅၀၀ | ၇၀၀၀ | ၇၀၀၀ | ၅၃၀၀ | ၁၅၀၀၀ | ၂၃၀၀၀ | ၁၅၀၀၀ | ၂၃၀၀၀ | ၇၀၀၀ |
| ၁၈ | ပျဉ်းမနား | ၃၅၀၀ | | ၆၅၀၀ | ၁၇၀၀၀ | ၇၅၁၀ | ၁၂၅၀၀ | ၃၈၀၀ | ၁၄၅၀၀ | ၁၈၅၀၀ | ၉၂၀၀ | ၃၃၀၀ | ၆၀၀ | ၈၅၀၀ | ၇၆၀၀ | ၆၂၀၀ | ၆၅၀၀ | ၅၂၀၀ | ၂၄၀၀၀ | ၂၃၀၀၀ | ၂၃၀၀၀ | ၂၅၀၀၀ | ၁၃၂၀၀ |
| ၁၉ | နေပြည်တော် | ၃၅၀၀ | | ၆၅၀၀ | ၁၇၀၀၀ | ၇၅၁၀ | ၁၃၀၀၀ | ၄၀၀၀ | ၁၅၀၀၀ | ၁၉၀၀၀ | ၁၀၀၀၀ | ၃၅၀၀ | ၆၀၀ | ၉၀၀၀ | ၇၈၀၀ | ၆၅၀၀ | ၇၀၀၀ | ၅၂၀၀ | ၂၅၀၀၀ | ၂၄၀၀၀ | ၂၄၀၀၀ | ၂၅၀၀၀ | ၁၃၆၀၀ |
| ၂၀ | ကလေး | ၃၈၀၀ | ၃၃၀၀ | | ၁၈၀၀၀ | ၁၅၀၀၀ | ၂၇၀၀၀ | ၄၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | ၁၀၀၀၀ | ၁၂၅၀၀ | ၁၅၀၀ | ၁၂၀၀၀ | ၁၀၀၀၀ | ၅၀၀၀ | ၈၀၀၀ | ၇၅၀၀ | ၂၆၀၀၀ | ၃၁၀၀၀ | ၂၉၀၀၀ | | ၁၈၀၀၀ |

သတင်းအရင်းအမြစ် - စီးပွား/ကူးသန်း

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၄**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၂၉ ရက်နှင့် ၃၀ ရက်တို့တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အေးရှားဝေါလ် ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ ၁၁ လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းလေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၇၅၀၀၉၄၀၀)ကို လည်းကောင်း၊ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ ၁၁ လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းသုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၄၆၅၁၈၆၀၀)ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၂၁၅၂၈၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် နိုဝင်ဘာ ၁ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကလေးမြို့ ချမ်းမြေ့အောင်စည်ရပ်ကွက်၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၃၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး ယစ်မျိုးဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



မြန်မာ့စက်မှုဆိပ်ကမ်း၌ ဖမ်းဆီးရမိမှု။

ထို့အတူ ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြန်အောင်ခရိုင် ကြံခင်းမြို့နယ်၌ တရားမဝင် အခြားသစ် ၄ ဒသမ ၄၆၈ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၂၆၂၈၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် နိုဝင်ဘာ ၃ ရက်တွင် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မူဆယ်မြို့ ဆင်ဖြူဂိတ်အကျော် လမ်းဘေးတစ်နေရာ၌ စုပုံထားသော အကောက်ခွန်မဲ့ လူသုံးကုန်ပစ္စည်း ၁၉ မျိုး စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၁၉၈၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် နိုဝင်ဘာ ၄ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ညောင်လေးပင်ခရိုင်အတွင်း၌ တရားမဝင်ကျွန်းသစ် ၂ ဒသမ ၉၂၄ တန်၊ သစ်မာ ၃ ဒသမ ၂၇၈ တန် စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၉၈၃၇၃ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၄ ခုနှစ် အောက်တိုဘာ ၂၉ ရက်၊ ၃၀ ရက်၊ နိုဝင်ဘာ ၁ ရက်၊ ၃ ရက်နှင့် ၄ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၂၁ မှု၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၃၇၃၃၃၆၅၃ ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင် တင်သွင်းမှုများကြောင့် နိုင်ငံခြားသုံးငွေ မှောင်ခိုဈေးကွက် အားကောင်းလာစေပြီး ပြည်တွင်းဈေးကွက်၌ ကုန်ဈေးနှုန်းတည်ငြိမ်မှုကို ထိခိုက်စေခြင်းများဖြစ်ပေါ်စေနိုင်သကဲ့သို့ ကုန်သွယ်ဖက်နိုင်ငံများမှ ကုန်သည်များ၏ လိုသလိုဈေးကစားခွင့်ကိုလည်း ဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်ပါ၍ တရားမဝင်ကုန်ပစ္စည်းတင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက်ပိုမိုတားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# ကော့သောင်းမြို့နယ်နှင့် ထားဝယ်မြို့နယ်တို့တွင် ကျေးရွာနေအိမ်များကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများ လုပ်ကြံရေးသားဝါဒဖြန့်ဝေလျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၄**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ် မလိဝမ်းကျေးရွာအနီးတွင် နိုဝင်ဘာ ၁ ရက်က အကြမ်းဖက်သမားများနှင့် ထိတွေ့တိုက်ပွဲဖြစ်ပွားခဲ့ပြီး မလိဝမ်းကျေးရွာမှ နေအိမ်များကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများ ဝါဒဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။




ဖြစ်စဉ်အမှန်မှာ ကော့သောင်းမြို့နယ် မလိဝမ်းကျေးရွာအနီး နယ်မြေလုံခြုံရေး ဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို PDF အမည်ခံအကြမ်းဖက်သမားများက လက်လုပ်လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ အဆိုပါကျေးရွာအတွင်း ကျရောက်ပေါက်ကွဲခဲ့ပြီး နေအိမ်များ မီးလောင်ပျက်စီးခဲ့ရခြင်းဖြစ်ကြောင်း လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရှိရသည်။

အလားတူ ထားဝယ်မြို့နယ် မောင်မယ်ရှောင်ကျေးရွာ အတွင်းရှိ တန်းဖိုးကြီးပစ္စည်းများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ယူဆောင်ပြီး နေအိမ်များကို မီးရှို့ဖျက်ဆီးခဲ့ကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် လုပ်ကြံရေးသားလျက်ရှိရာ အဆိုပါသတင်းမှာ မှန်ကန်မှုမရှိဘဲ နယ်မြေလုံခြုံရေး ဆောင်ရွက်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အထင်အမြင်လွဲမှားစေရန်အတွက် လုပ်ကြံရေးသားပြီး လှုံ့ဆော်ဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**


❍ *ကျော်ဖုံးမှ*

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတို့တွင် လေထုမငြိမ်မသက်မှုများ ဖြစ်ပေါ်လာနိုင်ခြင်းကြောင့် လည်းကောင်း နိုဝင်ဘာ ၆ ရက်မှ ၈ ရက်အတွင်း ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက် မိုးကြီးခြင်း၊ နေရာကွက်၍ မိုးကြီးခြင်းများနှင့်အတူ လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်သည်။

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေးနှင့် လေကြောင်းပျံသန်းရေး အနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

**၆-၁၁-၂၀၂၄ ရက်နေ့မှ ၈-၁၁-၂၀၂၄ ရက်နေ့ အတွင်း မိုးလေဝသ သင်္ချာပုံစံပြမော်ဒယ်လ်မှ ခန့်မှန်းထားသည့် မိုးရွာသွန်းမှုအခြေအနေ ခန့်မှန်းချက်ပြပုံ**




❖ *ကျော်ဖုံးမှ*

စတင်ကျင်းပခြင်းဖြစ်သည်။ အုပ်စု (B) ပထမနေ့တွင် အင်ဒိုနီးရှားအသင်း အနိုင်ရသော်လည်း မြန်မာနှင့် ဩစတြေးလျအသင်းတို့မှာမူ သရေပွဲဖြင့် ကျေနပ်ခဲ့ရသည်။

မြန်မာအသင်းသည် ဩစတြေးလျအသင်းကို အနိုင်မကစားနိုင်သဖြင့် ဆီမီးဖိုင်နယ်တက်ရောက်ရန် လက်ကျန်နှစ်ပွဲတွင် ဆက်လက်ရုန်းကန်ရမည်ဖြစ်သည်။ မြန်မာအသင်းသည် နောက်မှ သုံးကြိမ်တိုင်လိုက်ကစားခဲ့ရပြီး ချေပဂိုးပြန်သွင်းကာ သရေတစ်မှတ် ရယူခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းအတွက် ချေပဂိုးများကို ဂိုးသမား မိုင်စိုးမြတ်ထွေး၊ နိုင်လင်းထွန်းကျော်နှင့် ထွဋ်ဝေထွန်းတို့က သွင်းယူခဲ့သည်။

အခြားအုပ်စုပွဲများတွင် အင်ဒိုနီးရှားအသင်းက ကမ္ဘောဒီးယားအသင်းကို ကိုးဂိုးပြတ်၊ ဗီယက်နမ်အသင်းက မလေးရှားအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည်။ နိုဝင်ဘာ ၅ ရက်တွင် အုပ်စုပွဲများအဖြစ် မြန်မာစံတော်ချိန် နံနက် ၁၀ နာရီတွင် ကမ္ဘောဒီးယားအသင်း နှင့် မြန်မာအသင်း၊ မြန်မာစံတော်ချိန် မွန်းလွဲ ၁၂ နာရီခွဲတွင် အင်ဒိုနီးရှားအသင်း နှင့် ဩစတြေးလျအသင်း၊ မြန်မာစံတော် ချိန် မွန်းလွဲ ၃ နာရီတွင် ဗီယက်နမ်အသင်း နှင့် ဘရူနိုင်းအသင်း၊ မြန်မာစံတော်ချိန် ညနေ ၅ နာရီခွဲတွင် မလေးရှားအသင်း နှင့် ထိုင်းအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ **ရဲရင့်လွင်၊ ခတ်ပုံ-MFF**

**အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**

❒ *ကျော်ဖုံးမှ*

အဆိုပါပွဲစဉ်မှာ ယာယီနည်းပြ နစ္စတယ်ရှိုင်း တာဝန်ယူကိုင်တွယ်သည့် ဒုတိယမြောက်ပွဲစဉ်ဖြစ်သည်။ ပွဲချိန် မိနစ် ၇၀ တွင် မန်ယူအသင်း ပယ်နယ်တီကန်သွင်းခွင့် ရရှိခဲ့ရာ အသင်းခေါင်းဆောင် ဘရူနိုဖာနန်ဒက်စ်က အမှားအယွင်းမရှိ အဆုံးသတ်နိုင်ခဲ့သည်။ သို့သော်လည်း ပွဲချိန် ၇၄ မိနစ်တွင် ကိုင်စီဒို၏ ချေပဂိုး ပြန်လည်ခွင့်ပြုပေးခဲ့ရသည်။ ထို့နောက် နှစ်သင်းစလုံး လူစားလဲမှုများပြုလုပ်ကာ သွင်းဂိုးရရှိရေး ကြိုးပမ်းခဲ့သော်လည်း ပွဲချိန်ပြည့်သည်အထိ တစ်ဖက်နှင့်တစ်ဖက် ထပ်မံဂိုးသွင်းယူနိုင်ခြင်းမရှိသည့်အတွက် တစ်ဂိုးစီ သရေကျခဲ့ခြင်းဖြစ်သည်။

ယခုပွဲစဉ် သရေကျခဲ့သည့်အတွက် မန်ယူအသင်းသည် ပွဲစဉ် (၁၀) အပြီးတွင် ၁၂ မှတ်သာ စုဆောင်းရရှိ ထားသေးသည့်အတွက် အမှတ်ပေးဇယားအထက်ပိုင်း တက်လှမ်းနိုင်ရန် လာမည့်ပွဲစဉ်များတွင် မဖြစ်မနေ ရလဒ်ကောင်းရရှိရေး ကြိုးပမ်း အားထုတ်ရတော့မည်ဖြစ်သည်။

ပြိုင်ဘက် ချယ်ဆီးအသင်းက အာဆင်နယ်၊ အက်စ်တွန်ဗီလာအသင်းတို့နှင့် ရမှတ် ၁၈ မှတ်တူ ဂိုးကွာခြားချက်ဖြင့် အဆင့် (၃) တွင် ရပ်တည်ထားနိုင်သည်။

**အောင်ဇော်**

❂ *ကျော်ဖုံးမှ*

အနံ့မှုန့် Vanillin ၇၅ ကီလို၊ အနံ့ဆေးရည် လီတာ ၃၆၀၊ ISUZU D-MAX မော်တော်ယာဉ်တစ်စီးနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်အရ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိသည့် အိမ်ပိုင်ရှင် စိုင်းကျိုင်း(ခ)ရဲလမ်းနှင့် လွယ်တော်ခမ်းကျေးရွာအုပ်စု၊ ဟွေရဲကျေးရွာနေ အန်းဂျေလိုတို့ နှစ်ဦးမှ တာချီလိတ်နယ်စပ်တွင် အရောင်းအဝယ်ပြုလုပ်ရန် သိုဝှက်ထားသော ပစ္စည်းများဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း၊ အမှုတွင် ဆက်စပ်ပါဝင်သူများနှင့် ၎င်းတို့ မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်ရာမှရရှိသည့် ငွေကြေးအကျိုးအမြတ်များ၊ ပိုင်ဆိုင်မှုများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ရေးအတွက် ငွေကြေးခဝါချမှုတိုက်ဖျက်ရေး ဥပဒေဖြင့် ဆက်လက်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# တိုးတက်ပြောင်းလဲလာသော စာကြည့်တိုက်ဝန်ဆောင်မှုများဖြင့် အမျိုးသားစာကြည့်တိုက်(ရန်ကုန်)

ဒေါက်တာကေသီအေး

**နိုင်ငံတစ်နိုင်ငံ၏ စာပေယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်ရေးသည် နိုင်ငံအတွင်း စာပေပြန့်ပွားတိုးတက်မှုအပေါ် မှီတည်နေပါသည်။ စာကြည့်တိုက်အမျိုးအစား အမျိုးမျိုးရှိပြီး မြန်မာနိုင်ငံအတွင်းရှိ စာကြည့်တိုက်များအနေဖြင့် စာပေအသိပညာဗဟုသုတများ ပြန့်ပွားရန်၊ စာပေဝန်ဆောင်မှုများ ဆောင်ရွက်ပေးရန်တို့ကို နည်းအမျိုးမျိုးနှင့် ဆောင်ရွက်လျက်ရှိကြပါသည်။**

အမျိုးသား စာကြည့်တိုက်သည်လည်း နိုင်ငံကို ကိုယ်စားပြုသည့် နိုင်ငံတော်အဆင့် စာကြည့်တိုက်တစ်ခု အဖြစ်ဖြင့် စာပေအမွေအနှစ်များကို ထိန်းသိမ်းနိုင်ရုံမကဘဲ နောင်လာနောက်သားများအတွက် လက်ဆင့်ကမ်းသယ်ဆောင်ပေးလျက်ရှိပါသည်။

ယနေ့ခေတ်တွင် ခေတ်မီသတင်းအချက်အလက် နည်းပညာတိုးတက်ပြောင်းလဲလာသည်နှင့်အမျှ စာကြည့်တိုက်အများစုတွင်လည်း စုဆောင်းထားရှိသည့် စာပေပစ္စည်းအထောက်အထားများကို ဒစ်ဂျစ်တယ်ပုံစံပြောင်းလဲထိန်းသိမ်း၍ ဝန်ဆောင်မှုနှင့် သတင်းအချက်အလက်ဝေမျှမှုများကို ခေတ်မီဒစ်ဂျစ်တယ်စနစ်သုံး စာကြည့်တိုက်များအဖြစ် ပြောင်းလဲဆောင်ရွက်လာကြပါသည်။





မြေညီထပ်ရှိ Exhibition Hall ၌ အများပြည်သူများ လာရောက်လေ့လာစဉ်။



Multimedia Room & Digital Library Room ကို တွေ့ရစဉ်။

**ဂုဏ်ယူဖွယ်ရာ ဝန်ဆောင်မှုပေးအပ်နိုင်ခဲ့**

မြန်မာနိုင်ငံ အမျိုးသားစာကြည့်တိုက်သည် ဘားနတ်စာကြည့်တိုက်မှ စာစုကို အရင်းတည်၍ ဖွင့်လှစ်သော စာကြည့်တိုက် ဖြစ်ပါသည်။ ၁၈၈၃ ခုနှစ် ဖေဖော်ဝါရီလ ၂၁ ရက်နေ့တွင် ဝန်ရှင်တော်မင်းကြီး ဆာချားအက်ဒွပ်ဘားနတ် (Sir Charles Edward Bernard) နှင့် အောက်မြန်မာပြည်တရားပိုင်မင်းကြီး၊ ပညာရေးဆင်ဒီကိတ်အဖွဲ့ဝင် ဥက္ကဋ္ဌ ဆာဂျွန်ဂျာဒင်း (Sir John Jardine) တို့က အမှူးပြု၍ "ဘားနတ်အခလွတ်စာကြည့်တိုက်"ကို ဖွင့်လှစ်ခဲ့ပါသည်။


လွတ်လပ်ရေးရပြီးကာလ ၁၉၅၂ ခုနှစ် ဇွန်လ ၁ ရက်နေ့တွင် ယဉ်ကျေးမှုဝန်ကြီးဌာနမှ နိုင်ငံတော်စာကြည့်တိုက်၊ ၁၉၆၄ ခုနှစ်တွင် အမျိုးသားစာကြည့်တိုက်ဟူသောအမည်များဖြင့် ပြောင်းလဲဖွင့်လှစ်ခဲ့ပါသည်။

အမျိုးသားစာကြည့်တိုက်သည် နေရာအသီးသီး ပြောင်းရွှေ့ဖွင့်လှစ်ခဲ့ပြီးနောက် ယခုအခါ အများပြည်သူ သွားလာရလွယ်ကူသောနေရာဖြစ်သည့် ရန်ကုန်မြို့လယ် ကုန်သည်လမ်းပေါ်တွင်ရှိသည့် ယခင် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းရုံးချုပ်အဖြစ် အသုံးပြုခဲ့သည့် နှစ်ပေါင်း ၁၀၀ ကျော် သက်တမ်းရှိ ရှေးဟောင်းအဆောက်အအုံကို ပြုပြင်မွမ်းမံခဲ့ပါသည်။ ထို့နောက် ခေတ်မီစာကြည့်တိုက်တစ်ခုအဖြစ် ပြောင်းလဲဆောင်ရွက်၍ ၂၀၂၁ ခုနှစ် နိုဝင်ဘာလ ၁ ရက်နေ့တွင် ဖွင့်လှစ်ခဲ့ပြီး အများပြည်သူအား ဝန်ဆောင်မှုပေးနိုင်ခြင်းသည်လည်း ဂုဏ်ယူစရာတစ်ခု ဖြစ်ခဲ့ပါသည်။

**❝အမျိုးသားစာကြည့်တိုက် website www.nlm.gov.mm တွင် ဝင်ရောက်၍ Online Public Access Catalogue (OPAC) တွင် စာအုပ်ကက်တလောက်ပေါင်း တစ်သိန်းကျော်ကို ရှာဖွေနိုင်မည်ဖြစ်ပါသည်။ အမျိုးသားစာကြည့်တိုက်ပိုင် စုဆောင်းထားသည့် ဒစ်ဂျစ်တယ်စာစုများဖြစ်သည့် စာအုပ်၊ စာနယ်ဇင်း၊ ပေ၊ ပုရပိုက်၊ ပညာရေးဆိုင်ရာ အစီရင်ခံစာများ၊ ရှေးဟောင်းသုတေသနဆိုင်ရာ စာစုများ၊ ဗုဒ္ဓစာပေဆိုင်ရာစာအုပ်များ၊ စွယ်စုံကျမ်းများ၊ ကလေးစာပေဆိုင်ရာ စသည့် e-Resources ပေါင်း ၂၀၀၀၀ ကျော်အား ချိတ်ဆက်ဆောင်ရွက်ထား❞**

| | အမျိုးသားစာကြည့်တိုက် (ရန်ကုန်)ရှိ E-resources များ (၂၀၂၄ ခုနှစ်၊ စက်တင်ဘာလအထိ) | |
|---|---|---|
| စဉ် | Library Website www.nlm.gov.mm နှင့်စာကြည့်တိုက်တို့တွင် အသုံးပြုနိုင်သည့် E-resources များ | e-resources အရေအတွက် |
| ၁။ | စာအုပ်၊ စာနယ်ဇင်း၊ ပေ၊ ပုရပိုက်၊ ပညာရေးဆိုင်ရာအစီရင်ခံစာများ၊ ရှေးဟောင်းသုတေသနဆိုင်ရာစာစုများ၊ဗုဒ္ဓစာပေဆိုင်ရာစာအုပ်များ၊ စွယ်စုံကျမ်းများ၊ ကလေးစာပေ | ၂၀,၁၁၈ |
| ၂။ | IG Publishing E-Books Database (အာရှဒေသတွင်းနိုင်ငံများဆိုင်ရာစာအုပ်များ)(ကလေးစာပေဆိုင်ရာ Audio နှင့် e-Books) | ၃၁,၇၃၁ |
| ၃။ | အွန်လိုင်းကက်တလောက် (OPAC Catalogue) | ၁၀၈,၁၂၆ |

| စဉ် | စာကြည့်တိုက်တွင်သာ လာရောက်အသုံးပြုဖတ်ရှုနိုင်သည့် Digital Databases | e-resources အရေအတွက် |
|---|---|---|
| ၁။ | E-Tekkaatho Digital Database (ပညာရေးဆိုင်ရာ ဆောင်းပါး၊ သင်ရိုး၊ သင်ခန်းစာ၊ စာအုပ်) | ၇,၀၀၀ |
| ၂။ | Research 4Life Database | ၂၂,၀၄,၀၆၇ |




ခေတ်မီအမျိုးသားစာကြည့်တိုက် (ရန်ကုန်) အဆောက်အအုံသည် လေးထပ်အဆောက်အအုံဖြစ်ပြီး မြေညီထပ်တွင် Data Center၊ CCTV Control Room စာအုပ်စင်ခန်းများနှင့် Exhibition Hall တို့ဖြင့် ဖွဲ့စည်းထားပါသည်။ Exhibition Hall တွင်လည်း အခမ်းအနားများ၊ ပြပွဲများ၊ ပွဲတော်များ ကျင်းပနိုင်ပါသည်။

ပထမထပ်တွင် Multimedia Room၊ Audio & Video Room၊ Digital Library Room နှင့် ညီလာခံခန်းမ (Conference Hall) စသည်တို့ဖြင့် ဖွဲ့စည်းထားပါသည်။

**အခမဲ့အလွယ်တကူ အသုံးပြုနိုင်**

Digital Data Base များကို အများပြည်သူ အသုံးပြုနိုင်စေရန် Multimedia Room တွင် စီစဉ်ထားရှိပါသည်။ Audio & Video Room တွင် မှတ်တမ်းရုပ်ရှင်နှင့် သတင်းကားများ၊ မြန်မာ့ယဉ်ကျေးမှုဆိုင်ရာ Documentary Film များ စုဆောင်းထားရှိပြီး အပတ်စဉ် စနေနေ့ မွန်းလွဲပိုင်းတွင် မှတ်တမ်းရုပ်ရှင်ပြသခြင်း အစီအစဉ်ကို ဆောင်ရွက်ပေးလျက်ရှိပါသည်။ ယင်းပြသမည့်အစီအစဉ်ကို အမျိုးသားစာကြည့်တိုက်(ရန်ကုန်) လူမှုကွန်ရက်စာမျက်နှာ (National Library–Yangon Facebook Page) မှ အပတ်စဉ် ဖိတ်ခေါ်ဆောင်ရွက်လျက်ရှိပါသည်။

Digital Library Room တွင် အမျိုးသားစာကြည့်တိုက်ပိုင် စုဆောင်းထားသည့် စာပေပစ္စည်းများ၊ အခြား Electronic Form ဆောင်ရွက်ပြီးဖြစ်သည့် Digital စာစုများကို စာဖတ်သူများအနေဖြင့် စာကြည့်တိုက်တွင် လာရောက်အသုံးပြုနိုင်သကဲ့သို့ Online မှ မည်သူမဆို အခမဲ့ဖတ်ရှုနိုင်ပါသည်။

အွန်လိုင်းမှ အသုံးပြုရှာဖွေသူများ အနေဖြင့် စာကြည့်တိုက်ပိုင် စာပေပစ္စည်းများ၏ အွန်လိုင်းကက်တလောက် အချက်အလက်များကို အမျိုးသားစာကြည့်တိုက် website www.nlm.gov.mm တွင် ဝင်ရောက်၍ Online Public Access Catalogue (OPAC) တွင် စာအုပ်ကက်တလောက်ပေါင်း တစ်သိန်းကျော်ကို ရှာဖွေနိုင်မည်ဖြစ်ပါသည်။ အမျိုးသားစာကြည့်တိုက်ပိုင် စုဆောင်းထားသည့် ဒစ်ဂျစ်တယ်စာစုများဖြစ်သည့် စာအုပ်၊ စာနယ်ဇင်း၊ ပေ၊ ပုရပိုက်၊ ပညာရေးဆိုင်ရာ အစီရင်ခံစာများ၊ ရှေးဟောင်းသုတေသနဆိုင်ရာ စာစုများ၊ ဗုဒ္ဓစာပေဆိုင်ရာစာအုပ်များ၊ စွယ်စုံကျမ်းများ၊ ကလေးစာပေဆိုင်ရာ စသည့် e–Resources ပေါင်း ၂၀၀၀၀ ကျော်အား ချိတ်ဆက်ဆောင်ရွက်ထားပြီး စာကြည့်တိုက်အသုံးပြုသူများအနေဖြင့် အမျိုးသားစာကြည့်တိုက် Website ရှိ NL e–Resources နှင့် Quick Links တို့တွင် ဝင်ရောက်ရှာဖွေအသုံးပြုနိုင်ပါသည်။

ထို့ပြင် IG Publishing Database ကိုလည်း National Library Website တွင် အများပြည်သူ အသုံးပြုဖတ်ရှုနိုင်ရန် ဆောင်ရွက်ထားရှိပါသည်။ အမျိုးသားစာကြည့်တိုက် (ရန်ကုန်) Website www.nlm.gov.mm တွင် OPAC Catalogue နှင့် e–resources များအား ဝင်ရောက်အသုံးပြုသူများ အနေဖြင့် User Name နှင့် Password များ အသုံးပြုရန်မလိုဘဲ Library Home Page ရှိ Resources မှတစ်ဆင့် အခမဲ့ အလွယ်တကူ အသုံးပြုနိုင်ပါသည်။

ပထမထပ်ရှိ ညီလာခံခန်းမ (Conference Hall) သည် လူဦးရေ ၂၅၀ ဆံ့ ခန်းမတစ်ခုဖြစ်ပြီး စာကြည့်တိုက်ပညာရပ်ဆိုင်ရာနှင့် သုတေသနဆိုင်ရာ စာတမ်းဖတ်ပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပလေ့ရှိပါသည်။

ဒုတိယထပ်တွင် ရည်ညွှန်းစာဖတ်ခန်း၊ အထွေထွေစာဖတ်ခန်းနှင့် ပေ၊ ပုရပိုက်နှင့် ရှားပါးစာစုများ စာဖတ်ခန်းတို့ ထားရှိပါသည်။ *စာမျက်နှာ ၂၃ သို့*

*စာမျက်နှာ ၂၂ မှ*
ရည်ညွှန်းစာဖတ်ခန်းတွင် ရည်ညွှန်းအမျိုးအစားအလိုက် စာအုပ်များကို စီစဉ်ထားရှိ၍ မြန်မာဘာသာနှင့် အင်္ဂလိပ်ဘာသာစာအုပ်များ၊ အာဆီယံနှင့် ကုလသမဂ္ဂဆိုင်ရာ စာအုပ်များနှင့် လတ်တလော အသစ်ထွက်ရှိသည့် စာအုပ်၊ စာနယ်ဇင်းများကို ဖတ်ရှုနိုင်ရန် စီစဉ်ထားရှိပါသည်။

အထွေထွေစာဖတ်ခန်းတွင်လည်း စာအုပ်၊ စာနယ်ဇင်းများကို ထားရှိပြီး ပညာရပ်အလိုက် စင်တင်ထားရှိ၍ ဖတ်ရှုလိုသည့်စာအုပ်များကို စာဖတ်သူကိုယ်တိုင်ရွေးချယ် ရယူနိုင်ပြီး ယင်းစာဖတ်ခန်းရှိ စာအုပ်များအား ငှားရမ်းဖတ်ရှုလိုပါက အသင်းဝင်ကတ်ပြုလုပ်၍ စာငှားစည်းမျဉ်း သတ်မှတ်ချက်အတိုင်း ငှားရမ်းနိုင်မည်လည်း ဖြစ်ပါသည်။

**စာဖတ်ခန်းအမျိုးမျိုး ခွဲခြားဝန်ဆောင်မှုပေးအပ်**

ရှားပါးစာနယ်ဇင်းနှင့် ပေ၊ ပုရပိုက်များကို ဒုတိယထပ်တွင် သီးခြားစာဖတ်ခန်းထားရှိ၍ သုတေသီများ၊ ပညာရှင်များနှင့် အများပြည်သူဖတ်ရှုလေ့လာနိုင်စေရန်အတွက် သီးခြားစာဖတ်ခန်းဖြင့် ဝန်ဆောင်မှုပေးလျက်ရှိပါသည်။

တတိယထပ်တွင်မူ ကလေးစာကြည့်တိုက်စာဖတ်ခန်းနှင့် ပုံပြောခန်း၊ မသန်စွမ်းသူများ စာဖတ်ခန်း၊ အထူးစာဖတ်ခန်းများ စီစဉ်ထားရှိပါသည်။

ကလေးစာကြည့်တိုက်တွင် ကလေးများအတွက် ပြည်တွင်း၊ ပြည်ပမှ ထုတ်ဝေသည့် ကလေးစာပေဆိုင်ရာ စာအုပ်၊ ဂျာနယ်၊ ကာတွန်းရုပ်ပြနှင့် သင်ကြားရေးအထောက်အကူပြု စာအုပ်၊ စာစောင်များကို စီစဉ်ထားရှိပြီး အပတ်စဉ် စနေနေ့ မွန်းလွဲပိုင်းတွင် ပုံပြောခြင်းနှင့် စာဖတ်ခြင်းအစီအစဉ်ကို ဆောင်ရွက်ပေးလျက်ရှိပြီး ကလေးစာကြည့်တိုက် အသင်းဝင်များအနေဖြင့်လည်း ဖတ်ရှုလိုသည့်စာအုပ်များကို အသင်းဝင်ကတ်ဖြင့် ငှားရမ်းဖတ်ရှုနိုင်ပါသည်။

မသန်စွမ်းသူများ စာဖတ်ခန်းတွင် အမြင်အာရုံချို့ယွင်းသူများ ဖတ်ရှုနိုင်ရန် မျက်မမြင်စာဖြင့် ရေးသားထားသည့် စာအုပ်များ၊ Audio Book များ၊ MP3 Player နှင့် DVD Player များ ထားရှိပြီး စာကြည့်တိုက်မှူးများနှင့်အတူ စာဖတ်ခြင်းအစီအစဉ်များ သတ်မှတ်ဆောင်ရွက်ပေးလျက်ရှိပါသည်။

စာကြည့်တိုက်ဖွင့်ချိန်မှာ- နေ့စဉ် အင်္ဂါနေ့မှ စနေနေ့အထိ (နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီခွဲအထိ) ဖွင့်လှစ်ပေးလျက်ရှိပြီး တနင်္ဂနွေနေ့၊ တနင်္လာနေ့နှင့် အစိုးရပြန်တမ်းဝင်ရုံးပိတ်ရက်များသည် စာကြည့်တိုက်ပိတ်ရက်ဖြစ်ပါသည်။

အမျိုးသားစာကြည့်တိုက်(ရန်ကုန်)တွင် ဆောင်ရွက်ထားရှိသည့် Digital Database လေးခုအနက် နှစ်ခုဖြစ်သည့် အမျိုးသားစာကြည့်တိုက်ပိုင် e-resources ပေါင်း ၂၀၀၀၀၀ ကျော်နှင့် IG Publishing Database ၏ E-Books ပေါင်း ၃၀၀၀၀၀ ကျော်ဖြစ်သည့် Asian Literature Collection၊ Rare Books On Asian Literature၊ Children's Literature Collection၊ Children's Literature Collection-Audio စသည်တို့ကို website တွင် ဖြစ်စေ၊ စာကြည့်တိုက်တွင် လာရောက်၍ ဖြစ်စေ နှစ်နေရာစလုံးတွင် ရယူအသုံးပြုနိုင်ပါသည်။

သို့သော် အခြား Digital Library Database (၂) ဖြစ်သည့် eTekkatho MyLibrary နှင့် Research 4Life Database တို့ကိုမူ အမျိုးသားစာကြည့်တိုက်(ရန်ကုန်)အနေဖြင့် သီးသန့်အသုံးပြုခွင့် User-Name၊ Password တို့ဖြင့် ခွင့်ပြုချက်ရရှိဆောင်ရွက်ထားပါသဖြင့် စာဖတ်သူများအနေဖြင့် ယင်း Digital Data Base များကိုမူ စာကြည့်တိုက်တွင်သာ လာရောက်အသုံးပြုနိုင်မည်ဖြစ်ပါသည်။

eTekkatho MyLibrary သည် အဓိကအားဖြင့် တက္ကသိုလ်ကျောင်းသားကျောင်းသူများ၊ မူလတန်းမှ အထက်တန်းအထိ ကျောင်းသား ကျောင်းသူများ၊ ကလေးများအတွက် ပညာရေးဆိုင်ရာ အချက်အလက် အကြောင်းအရာများ၊ အင်္ဂလိပ်ဘာသာစကားများကို ရှာဖွေလေ့လာဖတ်ရှုနိုင်သည့် Database တစ်ခုဖြစ်ပါသည်။ eTekkatho MyLibrary တွင် ပညာရပ်ပေါင်း ၁၇၀၀ ကျော်ရှိပြီး Full text ဖတ်ရှုနိုင်သည့်အပြင် Download ပြုလုပ်နိုင်ပါသည်။

Research 4 Life သည် WHO၊ FAO၊ UNEP၊ ILO အစရှိသည့် ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် Microsoft ကဲ့သို့ ကုမ္ပဏီများ၊ နိုင်ငံတကာတက္ကသိုလ်များနှင့် နိုင်ငံတကာအဖွဲ့အစည်းများ ပေါင်းစည်းထားသော အစီအစဉ်တစ်ခု ဖြစ်ပါသည်။ ဆေးပညာဆိုင်ရာများ၊ စိုက်ပျိုးရေး၊ ငါးဖမ်းလုပ်ငန်း၊ အစားအစာ၊ ပတ်ဝန်းကျင်နှင့် လူမှုရေးသိပ္ပံ အကြောင်းအရာများ၊ သဘာဝပတ်ဝန်းကျင်နှင့် ရူပဗေဒ၊ ဓာတုဗေဒကဲ့သို့သော သိပ္ပံပညာရပ်ဆိုင်ရာများ၊ ဖန်တီးမှု၊ ဆန်းသစ်တီထွင်မှုဆိုင်ရာများကို ကာကွယ်ပေးထားသည့် အကြောင်းအရာများ၊ ဥပဒေနှင့် လူမှုရေးသိပ္ပံဆိုင်ရာပညာရပ်များ၊ နိုင်ငံရေး၊ စီးပွားရေး၊ ဒဿနိကဗေဒ၊ သမိုင်းနှင့် အခြားသောပညာရပ်ဆိုင်ရာ ထုတ်ဝေသူများ၏ သုတေသနဆောင်းပါးများ စသည့်အကြောင်းအရာ၊ ပညာရပ်ပေါင်းများစွာ၏ နှစ်စဉ် တွေ့ရှိချက်များနှင့် ပတ်သက်၍ ထုတ်ဝေသည့်စာအုပ်၊ စာနယ်ဇင်းပေါင်းများစွာကို လေ့လာသိရှိနိုင်ပါသည်။



အမျိုးသားစာကြည့်တိုက်သို့ ကလေးများ လာရောက်လေ့လာနေသည်ကို တွေ့ရစဉ်။


မသန်စွမ်းသူများအတွက် သင်သောင့်သက်သာ အသုံးပြုနိုင်စေမည့် စာဖတ်ခန်း။


အထွေထွေစာဖတ်ခန်းအတွင်း အေးချမ်းစွာဖတ်ရှုနေကြစဉ်။

**အမျိုးသားစာကြည့်တိုက်(ရန်ကုန်) မွမ်းမံပြင်ဆင်ပြီး Digital Library အဖြစ် ပြောင်းလဲဖွင့်လှစ်ခဲ့သည့် ၂၀၂၁-၂၀၂၄ ဩဂုတ်လအထိ စာကြည့်တိုက်အသုံးပြုမှု**

| ခုနှစ် | Website မှ ဖတ်ရှုသူ(ဦးရေ) | စာကြည့်တိုက်တွင်လာရောက် ဖတ်ရှုသူ(ဦးရေ) | | စုစုပေါင်း (ဦးရေ) |
|---|---|---|---|---|
| ၂၀၂၁ | ၈၅,၉၄၅ | ၉၄၁ | | ၈၆,၈၈၆ |
| ၂၀၂၂ | ၂၉,၃၀၉ | ၇,၅၇၀ | | ၃၆,၈၇၉ |
| ၂၀၂၃ | ၂,၂၁,၀၁၃ | ၁၄,၉၂၄ | | ၂၃၅,၉၃၇ |
| ၂၀၂၄ | ၁၆၈,၇၀၆ | လာရောက်ဖတ်ရှုသူ | ၁၀,၈၃၇ | ၁၈၀,၃၅၁ |
| | | အသင်းဝင်ကတ်ဖြင့်ငှားရမ်းသူ | ၈၀၈ | |

**မြန်မာ့စာပေအမွေအနှစ်အား နိုင်ငံတကာမှ သိရှိနိုင်စေရေးဆောင်ရွက်**

ထို့ပြင် အမျိုးသားစာကြည့်တိုက်ရှိ e-resource အသွင်ဆောင်ရွက်ပြီး ပေ၊ ပုရပိုက်နှင့် ရှားပါးစာအုပ်၊ စာနယ်ဇင်းများ၏ URL Link များကိုလည်း ASEAN Digital Library Portal သို့ ပေးပို့ချိတ်ဆက်ခြင်းဖြင့် မြန်မာ့စာပေအမွေအနှစ်များအား နိုင်ငံတကာမှ လေ့လာသိရှိနိုင်စေရန် ဆောင်ရွက်လျက်ရှိပါသည်။

စာပေပစ္စည်းများ စုဆောင်းထိန်းသိမ်းခြင်း၊ ဝန်ဆောင်မှုပေးခြင်း၊ သတင်းအချက်အလက် မျှဝေခြင်း၊ စာကြည့်တိုက် လုပ်ရှားဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်ခြင်း၊ နိုင်ငံတကာစာကြည့်တိုက်များနှင့် ချိတ်ဆက်၍ စာကြည့်တိုက်ပညာရပ်ဆိုင်ရာ လှုပ်ရှားမှုများကို ပူးပေါင်းဆောင်ရွက်ခြင်း စသည့် လုပ်ငန်းအသီးသီးကို နည်းပညာပံ့ပိုးမှုများနှင့်အတူ ပိုမိုထိရောက်စွာ မြှင့်တင်ဆောင်ရွက်နိုင်ရန် ရည်ရွယ်ခဲ့သည့်အတိုင်း ခေတ်မီဒစ်ဂျစ်တယ်စာကြည့်တိုက်တစ်ခုအဖြစ် ပြောင်းလဲဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ပါသည်။

အမျိုးသားစာကြည့်တိုက်(ရန်ကုန်) အနေဖြင့် စာကြည့်တိုက်အသင်းဝင်များ ဖိတ်ခေါ်၍ စာငှားဝန်ဆောင်မှုကို ၂၀၂၃ ခုနှစ် မေလမှ စတင်ခဲ့ပြီး ၂၀၂၄ ခုနှစ် ဩဂုတ်လအထိ အမျိုးသားစာကြည့်တိုက် အသင်းဝင် ၁၆၀ နှင့် ကလေးစာကြည့်တိုက်အသင်းဝင် ၂၅ ဦး စုစုပေါင်း ၁၈၅ ဦးရှိပြီဖြစ်ပါသည်။

ထို့ပြင် စာဖတ်သူအလိုရှိသည့် စာပေပစ္စည်းများ၏ အချက်အလက်များကို အွန်လိုင်းမှ ပေးပို့သည့် Document Delivery Service ကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါသည်။ အွန်လိုင်းဝန်ဆောင်မှုတစ်ခုဖြစ်သည့် ရည်ညွှန်းမေးခွန်းများနှင့် စာဖတ်သူသိရှိလိုသည်များကို Library Website ရှိ Ask a Librarian တွင် ဝင်ရောက်မေးမြန်းနိုင်ပါသည်။

မေးမြန်းလိုသူများအနေဖြင့် ဦးစွာမေးမြန်းစုံစမ်းခြင်းကို စာကြည့်တိုက် website ရှိ Query Form (သို့) မေးမြန်းစုံစမ်းလွှာပုံစံကို အသုံးပြု၍ မေးခွန်းများကို တင်ပြမေးမြန်းနိုင်သည်။ မေးမြန်းလာသည်များကို ပုံမှန်အားဖြင့် တစ်ပတ်အတွင်း nlm.reference@gmail.com မှ ပြန်လည်ဖြေကြားခြင်းကို ဆောင်ရွက်ပေးနေပါသည်။

ယခုကဲ့သို့သော စာကြည့်တိုက်ဝန်ဆောင်မှုများကို အများပြည်သူအတွက် ပိုမိုတိုးမြှင့်ဆောင်ရွက်ပေးနိုင်ရန် အစဉ်ကြိုးစားဆောင်ရွက်လျက်ရှိသည့် အမျိုးသားစာကြည့်တိုက်(ရန်ကုန်) ၏ ဆောင်ရွက်ထားရှိမှုများကို ပြည်သူများ သိရှိအသုံးပြုနိုင်စေရန် အလို့ငှာ အသိပေး ရေးသားလိုက်ရပါသည်။ ။


တက္ကသိုလ်များမှ စာကြည့်တိုက်လေ့လာရေးလာရောက်မှုများ။


ASEAN နိုင်ငံများမှ ကိုယ်စားလှယ်များ လေ့လာရေးလာရောက်ခြင်း။

**အမျိုးသားစာကြည့်တိုက် (ရန်ကုန်) အမှတ် ၆၀၄/၆၀၈၊ ကုန်သည်လမ်း၊ ပန်းပဲတန်းမြို့နယ်၊ ရန်ကုန်။ www.nlm.gov.mm/၀၁ ၈၃၇၇၃၅၂။**

## အစမ္မခိုင်းစေမှုဆိုင်ရာတိုင်ကြားမှုများကို အမျိုးသားအဆင့် အစမ္မခိုင်းစေမှုဆိုင်ရာတိုင်ကြားမှုယန္တရား (National Complaints Mechanism -NCM) ဖြင့် ဆက်လက်ဖြေရှင်းဆောင်ရွက်လျက်ရှိ တိုင်ကြားသူနှင့် အစမ္မခိုင်းစေခံရသူများမှ လုံခြုံစိတ်ချစွာ ဆက်သွယ်တိုင်ကြားနိုင်

မြန်မာနိုင်ငံသည် ၄-၃-၁၉၅၅ ခုနှစ်တွင် အစမ္မခိုင်းစေမှုဆိုင်ရာ ပြဋ္ဌာန်းချက်အမှတ် ၂၉ ကို လက်ခံကျင့်သုံး လိုက်နာဆောင်ရွက်ခဲ့ပြီး အစမ္မခိုင်းစေမှုပပျောက်စေရေးဆောင်ရွက်ရာ၌ မြန်မာနိုင်ငံအစိုးရကို ပိုမိုထိရောက်စွာ အထောက်အကူပြုနိုင်ရန် ၂၀၀၂ ခုနှစ်တွင် ILO ဆက်သွယ်ရေးအရာရှိတစ်ဦးကို မြန်မာနိုင်ငံတွင် လက်ခံထားရှိရန် မြန်မာနိုင်ငံအစိုးရနှင့် ILO တို့အကြား နားလည်မှုစာချွန်လွှာတစ်ရပ် (Memorandum of Understanding-MoU) ကို လက်မှတ်ရေးထိုးခဲ့သည်။

နောက်ဆက်တွဲ နားလည်မှုစာချွန်လွှာ (Supplementary Understanding-SU) ကို ၂၀၀၇ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့ပြီး အစမ္မခိုင်းစေမှုဆိုင်ရာတိုင်ကြားမှုယန္တရား (Complaints Mechanism) ထူထောင်ကာ တိုင်ကြားချက်များကို လက်ခံဖြေရှင်းဆောင်ရွက်ပေးခဲ့သည်။ အမျိုးသားအဆင့် အစမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရား (National Complaints Mechanism-NCM) ကို ၂၀၂၀ ပြည့်နှစ်တွင်ထူထောင်ပြီး လည်ပတ်ဆောင်ရွက်ခဲ့ရာတွင် အလုပ်သမားဝန်ကြီးဌာနအပါအဝင် သက်ဆိုင်သည့်ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ကိုယ်စားလှယ်၊ အလုပ်ရှင်နှင့် အလုပ်သမားအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ ပါဝင်ဖွဲ့စည်းထားသော အမျိုးသားအဆင့် အစမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရား အကောင်အထည်ဖော်ရေး အမျိုးသားကော်မတီမှ အစမ္မခိုင်းစေမှုတိုင်ကြားချက်များကို ကိုင်တွယ်ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိသည်။

ဤကဲ့သို့ အစမ္မခိုင်းစေမှုဆိုင်ရာတိုင်ကြားချက်များကို အမျိုးသားအဆင့် အစမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရား (National Complaints Mechanism-NCM) မှ ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိရာ မည်သူမဆို အစမ္မခိုင်းစေမှုဆိုင်ရာတိုင်ကြားမှုများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့၊ နေပြည်တော်ကောင်စီ၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၊ ILO ဆက်သွယ်ရေးအရာရှိရုံး(ရန်ကုန်)နှင့် အခြားအဖွဲ့အစည်းများမှတစ်ဆင့် လည်းကောင်း၊ အလုပ်သမားဝန်ကြီးဌာန၊ ရုံးအမှတ်(၅၁)၊ နေပြည်တော်သို့ လူကိုယ်တိုင် (သို့မဟုတ်) စာဖြင့် လည်းကောင်း၊ ဖုန်းနံပါတ် ၀၆၇-၃၄၃၀၁၈၄၊ ၀၆၇-၃၄၃၀၂၂၉၊ ၀၆၇-၃၄၃၀၂၇၄ နှင့် E-mail လိပ်စာ directorgeneral.dol@gmail.com, moloffice51@gamil.com, research. org.dol.mm@gmail.com များသို့လည်းကောင်း တိုင်ကြားသူနှင့် အစမ္မခိုင်းစေခံရသူများမှ လုံခြုံစိတ်ချစွာ ဆက်သွယ်တိုင်ကြားနိုင်ကြောင်း ရုံးအဖွဲ့၊ အမျိုးသားအဆင့် အစမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရားနှင့် အလုပ်သမားဝန်ကြီးဌာနမှ အသိပေးကြေညာထားသည်။

## မိုင်းတုံမြို့နယ် လွယ်မိုးကျေးရွာ၌ မြေသားလမ်းခင်းခြင်း ရာနှုန်းပြည့်ပြီးစီး

**မိုင်းတုံ နိုဝင်ဘာ ၄**

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းတုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ယခုဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) ဖြင့် မိုင်းတုံကျေးရွာအုပ်စု လွယ်မိုးကျေးရွာ၌ မြေသားလမ်းခင်းခြင်း ရာနှုန်းပြည့်ပြီးစီးခဲ့ပြီဖြစ်ကြောင်း သိရသည်။

ယနေ့နံနက်ပိုင်းက ခရိုင်ဦးစီးမှူး ဒေါ်ကျော့ကျော့ခိုင်နှင့် တာဝန်ရှိသူများက လွယ်မိုးကျေးရွာတွင် အရှည် ၁ မိုင် ၄ ဖာလုံ၊ အကျယ် ၁၂ ပေရှိ မြေသားလမ်းခင်းခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ၊ ဒေသခံများနှင့် တွေ့ဆုံသည်။

လွယ်မိုးကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း ပံ့ပိုးရန်ပုံငွေကျပ် ၁၅ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၀ ဒသမ ၈၆ သန်း စုစုပေါင်းရန်ပုံငွေ ၁၅ ဒသမ ၈၆ သန်းကို ယခုနှစ် ဇူလိုင်လတတိယပတ်မှ စတင်ခဲ့ရာယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးခဲ့ခြင်းဖြစ်သည်။

၂၂၂



## မဲဇလီကုန်း - လေးကြီး ကျေးရွာချင်းဆက်လမ်း ကျောက်ချောခင်း

**အင်္ဂပူ နိုဝင်ဘာ ၄**

ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ်၌ ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာနှစ်အတွင်း မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိသည့် ကျေးလက်လမ်း၊ တံတားလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှုကို ယနေ့ နံနက်ပိုင်းက ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန (ရုံးချုပ်) ဧရာဝတီတိုင်းဒေသကြီး တာဝန်ခံ အင်ဂျင်နီယာချုပ် (မြို့ပြ) ဦးကျော်ကျော်ထွေးနှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှု စစ်ဆေးသည်။ **(အပေါ်ပုံ)**



ကွင်းဆင်း စစ်ဆေးရာတွင် မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ(မြို့ပြ) ဒေါ်တင်တင်မိုးက ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၁၅၃ ဒသမ ၄၃၅ သန်းဖြင့် တင်ဒါအောင်မြင်သောကုမ္ပဏီက တာဝန်ယူ ဆောင်ရွက်လျက်ရှိသည့် မဲဇလီကုန်း-လေးကြီး ကျေးလက်လမ်းအရှည် (၀/၄) မိုင်၊အကျယ် ၁၆ ပေ၊ အမြင့် ၁၄ လက်မကို ကျောက်ချောခင်းခြင်း ဆောင်ရွက်နေမှုအခြေအနေများ ရှင်းလင်းတင်ပြသည်။ ထို့နောက် တိုင်းဒေသကြီး တာဝန်ခံ အင်ဂျင်နီယာချုပ် (မြို့ပြ) က လုပ်ငန်းများ အရည်အသွေး ပြည့်မီအောင် ဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ဒေးဒရဲမြို့အတွင်းရှိ ဈေးများ၌ မီးဘေးလုံခြုံရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**ဒေးဒရဲ နိုဝင်ဘာ ၄**

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့ အမှတ် (၁) ရပ်ကွက်ရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီး၌ ယနေ့နံနက်က မီးဘေးလုံခြုံရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေးခြင်း ဆောင်ရွက်သည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် မြို့နယ်မီးဘေးလုံခြုံရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမျိုးကျော်ကျော် ဦးဆောင်မှုဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးဝဏ္ဏထွန်းနှင့် တာဝန်ရှိသူများ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးဟန်ဝင်းစိုးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးကော်မတီဝင်များက မြို့မဈေးရှိ ဈေးဆိုင်ခန်းများတွင် မီးဘေးကာကွယ်ရေးပစ္စည်းများ အဆင်သင့်ထားရှိမှု၊ လျှပ်စစ်ဝိုင်ယာကြိုးများနှင့် ပျက်စီးနေသော လျှပ်စစ်ပစ္စည်းများကို အသုံးမပြုကြရန်၊ မီးကြွင်း၊ မီးကျန်များအား စနစ်တကျမီးငြှိမ်းသတ်ရန်၊ မီးလောင်မှုဖြစ်ပွားပါက ပြည်သူများကိုယ်တိုင် မီးငြှိမ်းသတ်နိုင်သည့် နည်းစနစ်များ၊ မီးဘေးအန္တရာယ် ကြုံတွေ့ချိန်တွင် အသက်အန္တရာယ် မထိခိုက်စေရေး ဆောင်ရွက်ရမည့်အချက်များကို စစ်ဆေးအကြံပြုခဲ့ကြကြောင်း သိရသည်။

**သိဒ္ဓိအောင်**



## တပ်ကုန်းမြို့နယ် ကျေးရွာ ခုနစ်ရွာ၌ VDP စီမံကိန်းမိတ်ဆက်

**တပ်ကုန်း နိုဝင်ဘာ ၄**

နေပြည်တော် တပ်ကုန်းမြို့နယ်၌ ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်း စီမံကိန်း (VDP) ကို



ဗျိုင်းအင်းအမှတ် (၅) ကျေးရွာ၊ ဥယျာဉ်ကျေးရွာ၊ ဖောင်းတောကျေးရွာ၊ နောင်ခမ်းကျေးရွာ၊ ရှောက်ကုန်းကျေးရွာ၊ သာယာအေးကျေးရွာနှင့် သရက်အုပ်ကျေးရွာ စုစုပေါင်း ကျေးရွာ ခုနစ်ရွာ၌ ကျေးရွာတစ်ရွာ နိုင်ငံတော် ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၅၀ နှင့် ပြည်သူထည့်ဝင်ငွေများကို အသုံးပြု၍ သဘာဝဘေးကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် ကျေးရွာတွင်း လမ်းများကို ပြန်လည်ပြင်ဆင်ရန် ဆောင်ရွက်မည်ဖြစ်ရာ ၎င်းစီမံကိန်းကို ကျေးရွာသူ ကျေးရွာသားများက တာဝန်ယူ၍ အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်သည်။

